# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေး များ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်း များဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ် ရာ၏။

**ယမကဝဂ်(ဓမ္မပဒ-၁၀)**


၁၃၈၁ ခုနှစ်၊ ဝါဆိုလကွယ်နေ့ | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၈)၊ အမှတ် (၃၀၄)





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေး(၂/၂၀၁၉)တွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေး(၂/၂၀၁၉)တွင် အမှာစကားပြောကြား

## လိုအပ်သောမူဝါဒများကို မှန်ကန်စွာချမှတ်နိုင်ရန် အစိုးရအနေဖြင့် တိကျမှန်ကန်သည့် စာရင်းအင်းကို လိုအပ်

**နေပြည်တော် ဇူလိုင် ၁၀**

စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေး ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟို ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ နှင့် လိုက်လျောညီထွေရှိသော နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ ချမှတ်ကျင့်သုံး ဆောင်ရွက်လျက်ရှိသော်လည်း တစ်ခုတည်း သော တူညီသည့် ရည်မှန်းချက်မှာ မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ပင်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံဖွံ့ဖြိုးရေးအတွက် မူဝါဒများ ချမှတ်ရာ တွင် လည်းကောင်း၊ စီမံကိန်းများရေးဆွဲရာတွင် လည်းကောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် လည်းကောင်း၊ စီမံကိန်း များအား စောင့်ကြည့်အကဲဖြတ်ရာတွင်လည်းကောင်း အခြေခံ စာရင်းအင်း အချက်အလက်များခိုင်မာရေးသည် အရေးကြီး ကြောင်းကို နိုင်ငံအားလုံးက လက်ခံထားပါကြောင်း၊ ထို့ကြောင့် နိုင်ငံတိုင်းနီးပါး စာရင်းများကောက်ယူခြင်း၊ စုစည်းခြင်း၊ စိစစ် ခြင်းနှင့် ထုတ်ပြန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ခိုင်မာသည့်ဥပဒေ၊ မူဘောင်များချမှတ် ဆောင်ရွက်လျက်ရှိ ပါကြောင်း။

ယခုလက်ရှိ မိမိတို့နိုင်ငံတွင် ကျင့်သုံးလျက်ရှိသော ဗဟို ထိန်းချုပ်မှုလျော့ချသည့် စာရင်းအင်းစနစ်ကို ပိုမိုအားကောင်း လာစေရန်နှင့် အရည်အသွေးရှိသည့် မြန်မာနိုင်ငံအမျိုးသား စာရင်းအင်းစနစ် ဖော်ဆောင်နိုင်ရန် ခေတ်စနစ်နှင့်ကိုက်ညီသော


*စာမျက်နှာ ၃ ကော်လံ ၁* ✽


**မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဂြိုဟ်တု Myanmar Sat 2 ကို လာမည့် ဩဂုတ် ၇ ရက် နံနက် ၂ နာရီတွင် လွှတ်တင်မည်** တွေ့ဆုံမေးမြန်း စာ » ၆

**အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံသို့ ပထမဆုံး ရေငုပ်သင်္ဘော လွှဲပြောင်းပေးရန် အဆင်သင့်ဖြစ်** နိုင်ငံတကာသတင်း စာ » ၁၄




မြန်မာ့အလင်း

# ကလေးသူငယ် အခွင့်အရေး

လောကသဘာဝအတိုင်း ယနေ့လူကြီးတို့နေရာတွင် မျိုးဆက်သစ်တို့ တဖြည်းဖြည်းချင်း တာဝန်လွှဲပြောင်းယူလာမည် ဖြစ်ပါသည်။ အနာဂတ် လူ့လောက၊ လူ့ကမ္ဘာ ပိုမိုငြိမ်းချမ်းသာယာရေး၊ ပိုမိုတိုးတက်မြင့်မားရေး အစရှိသည်တို့က ယနေ့မွေးဖွားလာကြသော ကလေးများကို မည်သို့ပြုစု ပျိုးထောင်ကြသည်၊ မည်သို့အခွင့်အရေးပေးနေသည်ဆိုခြင်းနှင့် တိုက်ရိုက် အချိုးကျ သက်ဆိုင်နေပေသည်။

ကလေးများ မည်သို့ပျော်ရွှင်စွာ၊ မည်သို့ကျန်းမာရွှင်လန်းစွာ ရှင်သန် နေကြပြီး မည်သို့ ပညာသင်ယူခွင့်ရနေကြသည်ဆိုခြင်းက မိမိတို့၏ အနာဂတ်ကမ္ဘာကို ပြဋ္ဌာန်းနေသည်ပဲ ဖြစ်ပါသည်။ ထို့ကြောင့်ပင် မိမိတို့၏ ကလေးသူငယ်များကို မည်သို့သော အခွင့်အရေးများ ရရှိစေမည်လဲ ဆိုသည်က အလေးအနက်ထားကာ အရေးတယူပြုရမည့် လူကြီးတို့၏ တာဝန်ပဲ ဖြစ်ပါသည်။

ကလေးသူငယ်တို့၏ အခွင့်အရေးဟုဆိုလျှင် အဓိကအကျဆုံးက ကလေးတို့အား ကျားမ၊ လူမျိုး၊ ဘာသာ၊ အသားအရောင်၊ ဆင်းရဲ ချမ်းသာ ခွဲခြားဆက်ဆံမှုမရှိဘဲ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုကို ခံယူခွင့်ရရေး၊ ပညာသင်ကြားခွင့်ရရှိရေးနှင့် ကလေး သူငယ်များကို အကြမ်းဖက်ခြင်း၊ နှိမ့်ချခွဲခြား ဆက်ဆံခြင်း၊ မတော်မတရား ပြုခြင်း၊ နှိပ်စက်ခြင်းတို့က အကာအကွယ်ပေးနေရေးတို့ပဲ ဖြစ်ပါသည်။

ဤသည်တို့က ဥပဒေဖြင့် အကာအကွယ်ပေးခြင်း၊ ဥပဒေဖြင့် အခွင့်အရေးများ ရရှိစေခြင်းမျှသာမကဘဲ အရွယ်ရောက်ပြီးဖြစ်သူ တိုင်းက နားလည်သဘောပေါက်ကြပြီး လူမှုကျင့်ဝတ်စံနှုန်းများကို လက်ကိုင်ပြုကာ ဝိုင်းဝန်းကြဖို့လည်း လိုပါသည်။

အထူးသဖြင့် မိဘဖြစ်သူ၊ ဆရာဖြစ်သူများကိုယ်တိုင်က မိမိတို့၏ ရင်သွေးများကို အမြော်အမြင်ကြီးသော၊ ပညာဉာဏ်ဖြင့်ယှဉ်သော အကာအကွယ်ပေးမှု၊ လုံခြုံမှုပေးမှုတို့သည်လည်း လွန်စွာအရေးကြီး ပါသည်။

အခြေခံပညာအဆင့်ကိုဖြင့် မဖြစ်မနေသင်ကြားခွင့်ရရှိကြစေဖို့၊ အရွယ်မရောက်သေးဘဲ အလုပ်လုပ်ငွေရှာ ဝန်ထုပ်ဝန်ပိုးများကို မထမ်းကြရစေဖို့၊ မည်သည့်နည်းမျိုးနှင့်မျှ ကလေးငယ်များကို အသုံးချ အမြတ်ထုတ်ခြင်းမခံရစေဖို့ အစရှိသည်တို့က လူကြီးတိုင်းတွင် တာဝန်ရှိ နေသည်ဟု မှတ်ယူရန်လိုပါသည်။

မိမိ၏ မျက်စိရှေ့မှောက်၌ မည်သို့သော အကြမ်းဖက်မှု၊ အသုံးချမှု၊ အမြတ်ထုတ်မှုကိုမဆို ဝင်ရောက်အကာအကွယ်ပေးကြသော လူမှု ဝန်းကျင်ဖြစ်စေရန် အားလုံးက ကြိုးစားကြရန်လည်း လိုအပ်ပါမည်။

အနာဂတ်သည် ကလေးသူငယ်တို့ လက်ထဲမှာရှိ၏ ဆိုသည်ကို ကြွေးကြော်သံသက်သက်မဟုတ်ဘဲ အမှန်တကယ် တာဝန်ယူဆောင်ရွက် ကြသည့် လူမှုအသိုင်းအဝိုင်းဖြစ်ရန် လိုပါသည်။

ထို့ပြင် မြန်မာနိုင်ငံက နိုင်ငံရေးတည်ငြိမ်မှုအတွက် အပြင်းအထန် ကျားကန်နေရ၊ စီးပွားရေးနိမ့်ကျမှုကို ပြန်လည်တိုးမြှင့်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းနေကြရ၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေး ရုန်းရင်းကန်ရင်း အပြေးအလွှားချီတက်နေရသည့်အားလျော်စွာ ကဏ္ဍတိုင်း၏မပြည့်စုံမှု များကြား၌ ရှိသမျှဖြင့် တွန်းကာတိုက်ကာ၊ ဖာကာထေးကာ အကောင် အထည်ဖော်ဆောင်ရွက်နေရသည်များဖြင့် နေရသည့်အခြေအနေ ဖြစ်ပါသည်။

သည်လိုထဲတွင် ရှေ့သို့ချီတက်ရေး အဟန့်အတားဖြစ်စေသည့်၊ နှေးကွေးစေသည့် အခုအခံများကလည်း တင်းကျမ်းဖြစ်နေလေရာ အခြေခံ စားဝတ်နေရေး ပြေလည်ရေး၊ ဥပဒေစိုးမိုးရေးကအစ အတော်ပင် အားထုတ်လုပ်ကိုင်နေရကြရချေသည်။

ထို့ကြောင့်ပင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေများ၊ ကလေးသူငယ်တို့ကို အကာအကွယ်ပေးသည့် ဥပဒေများကို အမှန်တကယ် စိုးမိုးရန်ကိုလည်း လူမှုအသိုက်အမြုံတစ်ခုလုံးက တွန်းအားပေးကြ၊ ကိုယ်တိုင်လည်း ပါဝင်အားထုတ် ဝိုင်းဝန်းစောင့်ရှောက်ကြခြင်းဖြင့် မိမိတို့ အနာဂတ်ကို ပျိုးထောင်နိုင်ကြလိမ့်မည်ဟု ထင်မြင်ပါကြောင်း။ ။

## စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၃/ ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)**

**စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဖြိုးဖြိုး ကို စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၄/ ၂၀၁၉**
**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၄ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)**

**ပြည်ထောင်စုဝန်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ တာဝန်ကိုပါ ယနေ့မှစ၍ ပူးတွဲထမ်းဆောင်စေ လိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၃၀**

ထာဝရငြိမ်းချမ်းရေး စေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူ တော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်း အနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ဘုရားလမ်းရှိ သာသနာရေးနှင့်ယဉ်ကျေး မှုဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ) ဧည့်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ထာဝရငြိမ်းချမ်း ရေးစေတီတော် တည်ထားကိုးကွယ်ရေး အတွက် ဖခင် ဦးကောင်ကျင်ပို - မိခင် ဒေါ်ညောင်းတို့အား ရည်စူး၍ သား၊ သမီးများဖြစ်ကြသော ဒေါ်ရွှေကျင်၊ ဒေါ်ရှု ကျင်(ခ)ဒေါ်အကီး၊ ဒေါ်စုကျင်၊ ဦးဖုန်း ကျင်၊ ဦးထွန်းကျင်၊ ဦးဝင်းကျင်(ခ)ဦးဝင်း အောင်နှင့် သား၊ သမီး၊ မြေး၊ မြစ်မိသားစု တို့က အလှူငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ထိုင်းနိုင်ငံဗဟိုဘဏ် ဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၃၀**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ထိုင်းနိုင်ငံ ဗဟိုဘဏ်ဥက္ကဋ္ဌ Mr.Veerathai Santiprabhob နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က နေပြည် တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ လက်ခံ တွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဖြတ် ကျော်ကုန်သွယ်မှုများနှင့် ရွှေ့ပြောင်း လုပ်သားများ ငွေလွှဲပို့ခြင်းများတွင် ပိုမို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် အတွက် ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ် များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် ပြည်သူ့အင်အားပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေဝတီမြစ်ရေဝင်ရောက်၍ ယာယီပိတ်ထားခဲ့သော ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိ

**မြင်းမူ ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း ရေဝတီမြစ်ရေဝင်ရောက်မှု ကြောင့် ယာယီပိတ်ထားခဲ့သော အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ် နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ယာယီပိတ်ထားခဲ့တဲ့ကျောင်းတွေ ပြန်လည်ဖွင့်လှစ်စာသင်ကြားနိုင်ဖို့ စီစဉ် နေပါပြီ။ စာသင်ခန်းတွေနဲ့သန့်စင်ခန်းတွေထဲမှာ ကျန်နေခဲ့တဲ့ အမှိုက်သရိုက် ရွှံ့နွံတွေကို အမြန်ဆုံးရှင်းလင်းနေပါတယ်။ နောက်ထပ်နှစ်ရက်လောက်ဆိုရင် ယာယီပိတ်ထားခဲ့တဲ့ ကျောင်းတွေအားလုံး ဖွင့်လှစ်နိုင်မှာဖြစ်ပါတယ်" ဟု မြင်းမူမြို့နယ် ပညာရေးမှူး ဦးမြင့်ဆောင်က ပြောသည်။

**အောင်စိုးဖေ(မြင်းမူ)**


ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ဆွေးနွေးပြောကြားစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်။


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး။


ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး။

**“ သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ အချက်အလက်များအပေါ် မူတည်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲသူများအနေဖြင့် ဘေးအန္တရာယ်များ၏ ပြုပြင်ပြောင်းလဲလာသော သဘောသဘာဝများကို မျက်ခြည်မပြတ်လေ့လာ၍ ရင်ဆိုင်တုံ့ပြန်ရေး၊ အရေးပေါ်တုံ့ပြန်ရေး၊ ရေရှည်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သဘာဝဘေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖြင့် ပြုစုထားရှိရန် လိုအပ် ”**

*✽ ရှေ့စုံးမှ*

မြန်မာနိုင်ငံစာရင်းအင်းဥပဒေသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ စတင်၍ ဥပဒေသက်ရောက်နေပြီဖြစ်ပါကြောင်း၊ စာရင်းအင်း နည်းဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့ဆောင်ရွက်ထားပါကြောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (NSDS)ကို သက်ဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် ပူးပေါင်း၍ NSDS Action Plan ကို Living Document အနေဖြင့် ထားရှိပြီး အသီးသီးအကောင်အထည်ဖော်ဆောင်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ယင်းကိစ္စများ ဆက်လက်ဆောင်ရွက်ရမည့် Clusters အဖွဲ့ဝင်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာသည်ကို တွေ့ရှိရပါကြောင်း။

**ဇွန်လတွင် ထုတ်ပြန်နိုင်ခဲ့**

မြန်မာနေထိုင်မှုအခြေအနေ စစ်တမ်း(၂၀၁၇)မှ ရရှိလာသည့် အချက်အလက်များကို စိစစ်လေ့လာ၍ အဓိကညွှန်ကိန်းများ အစီရင်ခံစာ၊ ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာနှင့် လူမှုစီးပွားဆိုင်ရာ အစီရင်ခံစာများကိုထုတ်ပြန်ရန် လျာထားရာ၌ ၂၀၁၈ ခုနှစ် ဇွန်လတွင် အဓိကညွှန်ကိန်းများ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပြီးဖြစ်သကဲ့သို့ ဆင်းရဲနွမ်းပါးမှု အစီရင်ခံစာကို ၂၀၁၉ ခုနှစ် ဇွန်လတွင် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော မူဝါဒများကို မှန်ကန်စွာချမှတ်နိုင်ရန် အစိုးရအနေဖြင့် တိကျမှန်ကန်သည့် စာရင်းအင်းကို လိုအပ်လျက်ရှိပါကြောင်း၊ လိုအပ်လျက်ရှိသည့် စာရင်းအင်းအချက်အလက်များ ရှေ့နောက်ညီညွတ်မှုရှိရန်၊ အချိန်နှင့်တစ်ပြေးညီ ရရှိရန်၊ ယုံကြည်ကိုးစားနိုင်သော ခိုင်မာသည့်စာရင်းအင်းများဖြစ်ရန်နှင့် အရည်အသွေးပြည့်ဝရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီများအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယုံကြည်ကိုးစားနိုင်သော ခိုင်မာသည့် စာရင်းအင်းများ၊ အရည်အသွေးပြည့်ဝသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ကောက်ယူရရှိရန် အားထုတ်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

**Final Draft ပြီးစီးပြီဖြစ်**

ကမ္ဘာ့နိုင်ငံအားလုံးတွင်လည်း နိုင်ငံတကာကတိကဝတ်များနှင့်အညီ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော်ဆောင်လျက်ရှိသကဲ့သို့ မိမိတို့နိုင်ငံ၏အခြေအနေနှင့်လျော်ညီသည့် ဖွံ့ဖြိုးမှုလိုအပ်ချက်များကို ထည့်သွင်းထားသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)(၂၀၁၈-၂၀၃၀)ကို အကောင်အထည်ဖော်ဆောင်ရာ၌ တိုးတက်မှု၊ ထိရောက်မှုများကို စောင့်ကြည့်အကဲဖြတ်နိုင်စေရန် အမျိုးသားညွှန်ကိန်းမူဘောင်တစ်ရပ် ပေါ်ထွက်လာစေရေး ဆောင်ရွက်ရာတွင် ယခု Final Draft ပြီးစီးပြီဖြစ်ပါကြောင်း၊ အဆိုပါမူကြမ်းတွင် ပါဝင်သော ညွှန်ကိန်း ၂၀၄ ခုတွင် SDG ပါဝင်မှု ၄၀ ရာခိုင်နှုန်းရှိသည်ကို သိရှိရပါကြောင်း၊ အမျိုးသားညွှန်ကိန်း မူဘောင်ပေါ်ထွက်လာစေရေး ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း သိရှိရပါကြောင်း။

**ညှိနှိုင်းပူးပေါင်းဆောင်ရွက်**

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာတွင် ထိရောက်သည့် အောင်မြင်မှု ရှိ၊ မရှိကို ညွှန်ကိန်းများဖြင့် စောင့်ကြည့်အကဲဖြတ်ရန် အကောင်အထည်ဖော်ဆောင်မှု လုပ်ငန်းစဉ်အသီးသီးတွင် Data အချက်အလက်များနှင့် စာရင်းဇယားများကို မှတ်မှတ်သားသား ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အမျိုးသားညွှန်ကိန်းမူဘောင် ပေါ်ပေါက်ရေး၊ Data ရရှိနိုင်မှုနှင့် တွက်ချက်တိုင်းတာရေးကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုသည် များစွာအရေးကြီးပါကြောင်း၊ စာရင်းအင်းထုတ်ပြန်ရာ၌ ညီညွတ်မျှတသော စာရင်းဖြစ်စေရန် စာရင်းကောက်ယူ စုဆောင်းရာတွင် Definition၊ Concepts များ တူညီရန် လိုအပ်သည့်အတွက် ဌာနအချင်းချင်း စာရင်းအင်းအချက်အလက်များကို မျှဝေအသုံးပြု၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း။

**မျက်ခြည်မပြတ်လေ့လာ**

ယနေ့ကာလတွင် ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာသကဲ့သို့ ပိုမိုအင်အားပြင်းထန်လာသည်ကိုလည်း မြင်တွေ့ရပါကြောင်း၊ သဘာဝဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ အချက်အလက်များအပေါ် မူတည်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲသူများအနေဖြင့် ဘေးအန္တရာယ်များ၏ ပြုပြင်ပြောင်းလဲလာသော သဘောသဘာဝများကို မျက်ခြည်မပြတ်လေ့လာ၍ ရင်ဆိုင်တုံ့ပြန်ရေး၊ အရေးပေါ်တုံ့ပြန်ရေး၊ ရေရှည်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သဘာဝဘေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖြင့် ပြုစုထားရှိရန် လိုအပ်ပါကြောင်း။

အမျိုးသားစာရင်းအင်းစနစ်ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာအဖွဲ့အစည်းများက ထုတ်ပြန်သည့်စာစောင်များတွင် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည့် အချက်အလက်များကို အသိအမှတ်ပြုလက်ခံ ထည့်သွင်းဖော်ပြနိုင်ရေး ဆောင်ရွက်နိုင်ရန်၊ ဆက်စပ်ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ဝိုင်းဝန်းအဖြေရှာမှုကို အရှိန်မြှင့်ဆောင်ရွက်သွားနိုင်ရေး ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း။

**မူဝါဒများချမှတ်နိုင်ရန် ထည့်သွင်း**

အရည်အသွေးပြည့်ဝ၍ တိကျမှန်ကန်သော စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းအားဖြင့် အစိုးရနှင့်ပြည်သူများအကြား၊ နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ယုံကြည်မှု တိုးမြင့်စေနိုင်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ် အရည်အသွေးပြည့်ဝမှသာ စီမံကိန်းရေးဆွဲသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှုစီးပွားသုတေသန ဆောင်ရွက်သူများ အားလုံးအနေဖြင့် မူဝါဒများချမှတ်နိုင်ရန် ထည့်သွင်းစဉ်းစားရာတွင် မှန်ကန်တိကျသောအချက်အလက်များ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

စာရင်းအင်းဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနများအကြား၊ ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ယန္တရားကို အချိတ်အဆက်မိစွာ အရှိန်အဟုန်ဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ယနေ့ကျင်းပသည့် အစည်းအဝေးတွင် အသေးစိတ်ဆွေးနွေးအကြံပြု တင်ပြကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စာရင်းအင်း နည်းဥပဒေထွက်ရှိရေး၊ စာရင်းအင်းမှန်ကန်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပါဝင်ဆောင်ရွက်ရေးနှင့် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က စာရင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့များအလိုက် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ခဲ့မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးဟန်ဇော်နှင့် ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ စာရင်းအင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် တက်ရောက်လာကြသူများက ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ စာရင်းအင်းဆိုင်ရာ လုပ်ငန်းအဖွဲ့များအလိုက် စာရင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြကြသည်။

**အမျိုးသားအဆင့်အတန်းတစ်ခုဖြစ်**

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက တက်ရောက်လာကြသူများ၏ ဆွေးနွေးချက်၊ အကြံပြုချက်များနှင့် စပ်လျဉ်း၍ စာရင်းအင်းအချက်အလက်မှန်ကန်မှုမှာ အမျိုးသားအဆင့်အတန်းတစ်ခု ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ စာရင်းအင်းအချက်အလက် မှန်ကန်ရေးအတွက် အားလုံး ပူးပေါင်းဆောင်ရွက်ကြရန်မှာ အရေးကြီးပါကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံစာရင်းအင်းပညာအသင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၃၀**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ စစ်တွေမြို့တွင် ၇ ဒသမ ၆၈ လက်မ၊ သံတွဲမြို့တွင် ၅ ဒသမ ၅၉ လက်မ၊ ကျောက်ဖြူမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ပုတာအိုမြို့တွင် ၂ ဒသမ ၉၂ လက်မ၊ ပျဉ်းမနားမြို့(ဝဲကြီး)နှင့် ရွှေကျင်မြို့တို့တွင် ၂ ဒသမ ၈၈ လက်မစီ၊ မဒေါက်မြို့တွင် ၂ ဒသမ ၅၆ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ တောင်ကုတ်မြို့နှင့် ပိုင်ကျုံမြို့တို့တွင် ၂ ဒသမ ၂၅ လက်မစီ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ မောင်တောမြို့တွင် ၁ ဒသမ ၉၂ လက်မ၊ ရှမ်းရွာသစ်မြို့တွင် ၁ ဒသမ ၈၇ လက်မ၊ ကျိုက်ဒုံမြို့တွင် ၁ ဒသမ ၈၀ လက်မ၊ ပျဉ်းမနားမြို့နှင့် လှိုင်းဘွဲ့မြို့တို့တွင် ၁ ဒသမ ၇၈ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၀**

အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေး ကောင်စီဥက္ကဋ္ဌ Mr. Narendra Damodardas Modi အား ယမန်နေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးချုပ်၏ အိမ်တော်၌ သွားရောက်ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုအား ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်စွမ်းရည် တိုးတက်မြင့်မားရေးအတွက် ဆက်လက်တိုးမြှင့်ကူညီပေးသွားမည့်အခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် အိန္ဒိယဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Ajit Kumar Doval၊ ဒုတိယကာကွယ်ရေးဝန်ကြီး Mr. Shri Shripad Yesso Naik၊ အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Bipin Rawat၊ အိန္ဒိယတပ်မတော်ရေတပ်ဦးစီးချုပ် Admiral Karambir Singh တို့အား သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးတက်ခိုင်မာအောင် ဆက်လက်လုပ်ဆောင်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ အိန္ဒိယသမ္မတနိုင်ငံ၏ Act East Policy အရ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းမိတ်ဆွေကောင်းပီသစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ အိန္ဒိယသမုဒ္ဒရာ လုံခြုံရေးအတွက် ဆက်စပ်လျက်ရှိသည့် နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် အမျိုးသားလုံခြုံရေးကောင်စီဥက္ကဋ္ဌ Mr. Narendra Damodardas Modi နှင့် တွေ့ဆုံဆွေးနွေးစဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌ လေတပ်ဦးစီးချုပ် Air Chief Marshal Birender Singh Dhanoa က Akash Officers Mess တွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် Ghaziabad မြို့ရှိ Bharat Electronics Limited(BEL) သို့ သွားရောက်လေ့လာ ကြည့်ရှုကြသည်။

အဆိုပါ Bharat Electronics Limited(BEL) ကို အိန္ဒိယနိုင်ငံ Bangalore မြို့၌ ၁၉၅၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကာကွယ်ရေးဆိုင်ရာပစ္စည်းများထုတ်လုပ်သည့်အပြင် အခြားအီလက်ထရွန်နစ်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံတွင် စက်ရုံပေါင်းကိုးခုရှိပြီး ပြည်ပနိုင်ငံများ၌လည်း ရုံးခွဲများဖွင့်လှစ်ထားရှိကာ ဆက်သွယ်မှုကွန်ရက်လုံခြုံရေး၊ မြေပြင်၊ ဝေဟင်နှင့်ရေကြောင်းပိုင်နက်လုံခြုံရေးတို့တွင် လိုအပ်သည့် စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အိန္ဒိယတပ်မတော်အထူးလေယာဉ်ဖြင့် နယူးဒေလီမြို့မှ ဗာရာဏသီမြို့သို့ ထွက်ခွာကြပြီး ဗာရာဏသီမြို့ Lal Bahadur Shastri လေဆိပ်သို့ ရောက်ရှိကြရာ အိန္ဒိယတပ်မတော်မှ Brigadier Hukum Singh Bainsla,SM နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် နည်းပညာအသုံးပြုမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများတွင် နည်းပညာအသုံးပြုမှုဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ရာသီဥတုပြောင်းလဲလာမှု အခြေအနေများနှင့်အတူ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုပုံစံများ ပြောင်းလဲလာခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ ထိုအခြေအနေများကို ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ မိမိတို့အနေဖြင့် ပြောင်းလဲဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များကို ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်ရေး စီမံခန့်ခွဲမှုပုံစံများကိုလည်း ပြောင်းလဲဆောင်ရွက်လာရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူ့အသက်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများနည်းပါးစေရေး၊ ပစ္စည်းဥစ္စာဆုံးရှုံးမှုများ လျော့နည်းစေရေးတို့ကို အဓိက ဦးတည်ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများကို ပိုမိုထိရောက်သော နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိရာတွင် ပုံမှန်လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သကဲ့သို့ နည်းပညာအသုံးပြု ဆောင်ရွက်ခြင်းသည်လည်း အရေးကြီးသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများတွင် နည်းပညာအသုံးပြုမှုဆိုင်ရာ ဆွေးနွေးပွဲ၌ အမှာစကား ပြောကြားစဉ်။**
သတင်းစဉ်

ထိုကဲ့သို့ နည်းပညာအသုံးပြုကာ ပိုမိုတိကျသည့် အချက်အလက်များရရှိပြီး ဆောင်ရွက်နိုင်ခြင်းဖြင့် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရေးတွင် များစွာအကျိုးရှိပါကြောင်း၊ နည်းပညာအသုံးပြုနိုင်မှု အခြေအနေကို ကြည့်ပါကလည်း နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာများ အသုံးပြုနိုင်မှုနှင့် အဆိုပါပစ္စည်းကိရိယာများကို ကိုင်တွယ်သုံးစွဲနိုင်သည့် ကျွမ်းကျင်သူလူ့စွမ်းအား အရင်းအမြစ် လိုအပ်ချက်များရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများ ပေါ်ထွက်လာရေး နည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ သင်တန်းများ ဖွင့်လှစ်ခြင်း၊ လက်တွေ့လေ့ကျင့်ခြင်းများလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပိုမိုထိရောက်ကောင်းမွန်သည့် သဘာဝဘေးစီမံခန့်ခွဲမှုများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နည်းပညာပိုင်းဆိုင်ရာ အဖွဲ့အစည်းများ၊ ကုမ္ပဏီကြီးများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လည်း အမြဲတမ်း အစဉ်သင့်ရှိနေကြောင်း။

တောင်နဝင်း (ပင်မ) တမံ မျက်နှာပြင် ကျိုးပေါက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် (မိတ္ထီလာ)၊ Asia Air Survey Myanmar Co., Ltd. တို့နှင့်ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ "ထိရောက်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း အစီအစဉ်များ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်း ဖြစ်ပေါ်စေရေးနှင့် ဘေးဒဏ်ခံစားရသော ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေး" ဆိုသည့် မူဝါဒနဲ့အညီ ပြည်သူများအပါအဝင် အားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုဂျပန်နိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများတွင် နည်းပညာ အသုံးပြုမှုအခြေအနေများကို လာရောက်မျှဝေခြင်းအားဖြင့်လည်း မြန်မာနိုင်ငံ၏သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများအတွက် များစွာအကျိုးရှိပါကြောင်း ပြောကြားသည်။

ထို့နောက် Asia Air Survey Co.,Ltd. မှ Managing Director, Mr. Maya Manabu က ဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၌ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ ဖွဲ့စည်းဆောင်ရွက်မှုများ၊ သဘာဝဘေးလျော့ပါးရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန (EOC)၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဂျပန်နိုင်ငံ၌ မြေပြိုမှုများ၊ ငလျင်ဘေးအန္တရာယ်များနှင့် အခြားသဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများတွင် နည်းပညာအသုံးပြုဆောင်ရွက်မှု အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် မောင်းသူမဲ့လေယာဉ်များ ပေါင်းစပ်ထည့်သွင်းအသုံးချနိုင်မှုနှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နည်းပညာဆိုင်ရာ ပညာရှင်များ၊ ပြည်တွင်း/ပြည်ပအရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက မျှဝေဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တရုတ်နိုင်ငံ ဟူပေပြည်နယ် ရှန်းယန်မြို့တော်ဝန်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၀**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် တရုတ်နိုင်ငံ ဟူပေပြည်နယ် ရှန်းယန်မြို့တော်ဝန် Mr. QieYingcai နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် အမျိုးသားလွှတ်တော် (J) ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံအကျိုးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံလွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် မြန်မာ-တရုတ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမြသောင်း၊ အတွင်းရေးမှူး နော်လုလုစိုးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တရုတ်နိုင်ငံ ဟူပေပြည်နယ် ရှန်းယန်မြို့တော်ဝန် Mr. Qie Yingcai နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။**

သတင်းစဉ်




# မြန်မာ-ထိုင်း ဗဟိုဘဏ်တို့အကြား ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စည်းဝေး

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ထိုင်းနိုင်ငံဗဟိုဘဏ်တို့အကြား ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (နေပြည်တော်) ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဗဟို ဘဏ်ဥက္ကဋ္ဌ Mr. Veerathai Santiprabhob နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်ရေးအတွက် ပံ့ပိုးပေးမည့် ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ ယင်းကိစ္စရပ်များတွင် နယ်စပ်ကုန်သွယ်ရေးနှင့်ငွေပေးချေရေးတွင် မြန်မာကျပ်နှင့်ထိုင်းဘတ်ငွေများ တိုးမြှင့်သုံးစွဲရန် မူဘောင်တစ်ခုချမှတ်ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာနှင့် ငွေရေးကြေးရေးကဏ္ဍနှင့် ပတ်သက်သောတီထွင်ကြံဆမှုများ၊ ငွေပေးချေမှုစနစ်များတွင် နှစ်နိုင်ငံဗဟိုဘဏ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးကိစ္စရပ်များနှင့် ယင်းကိစ္စရပ်များကိုဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံ ရရှိနိုင်မည့် အကျိုးအမြတ်များနှင့် တွေ့ကြုံရမည့်စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

# ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ဂုဏ်ပြုသောအားဖြင့် ရိုက်ကူးခဲ့သည့် ဗီဒီယိုခွေနှင့် အလှူငွေပေးအပ်

**ရန်ကုန် ဇူလိုင် ၃၀**

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ဂုဏ်ပြုသောအားဖြင့် ရိုက်ကူးခဲ့သည့် ဗီဒီယိုခွေနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ) ညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်စာရေးဆရာ ဦးကျော်ကျော်လှိုင် (SMART) က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ဂုဏ်ပြုသောအားဖြင့် ရိုက်ကူးခဲ့သည့် ဗီဒီယိုခွေနှင့် အလှူငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **သတင်းစဉ်**




# ဂျပန်နိုင်ငံသို့ နေထိုင်ခွင့်ပုံစံအသစ်ဖြင့် ကျွမ်းကျင်လုပ်သားများ စနစ်တကျသွားရောက်လုပ်ကိုင်နိုင်ရေးကြေညာချက်

၁။ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ၂၈-၃-၂၀၁၉ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် ကျွမ်းကျင်လုပ်သား နေထိုင်ခွင့်ပုံစံဖြင့် နိုင်ငံခြားသား လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာစနစ်အား စနစ်တကျလည်ပတ် ဆောင်ရွက်နိုင်ရန် သတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်မှုအတွက် အခြေခံမူဘောင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (MoC) အရ ဂျပန်နိုင်ငံသည် အောက်ပါလုပ်ငန်းနယ်ပယ် ၁၄ ခုတွင် မြန်မာနိုင်ငံမှ “ကျွမ်းကျင်လုပ်သားများ” ကို နေထိုင်ခွင့်ပုံစံအသစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါသည်-

(က) ပြုစုစောင့်ရှောက်ရေးလုပ်သား (Care Worker)
(ခ) အဆောက်အဦသန့်ရှင်းရေးစီမံခန့်ခွဲမှု (Building Cleaning Management)၊
(ဂ) စက်ပစ္စည်းအစိတ်အပိုင်းနှင့် ကိရိယာလုပ်ငန်း (Machine Parts & Tooling Industries)၊
(ဃ) စက်မှုလုပ်ငန်းသုံးစက်ပစ္စည်းလုပ်ငန်း (Industrial Machinery Industry)၊
(င) လျှပ်စစ်ဓာတ်အား၊ အီလက်ထရွန်နစ်နှင့် သတင်းအချက်အလက်လုပ်ငန်း (Electric, Electronics and Information Industries)၊
(စ) ဆောက်လုပ်ရေးလုပ်ငန်း (Construction Industry)၊
(ဆ) သင်္ဘောဆောက်လုပ်ရေးနှင့် သင်္ဘောစက်ပစ္စည်းလုပ်ငန်း (Shipbuilding and Ship Machinery Industry)၊
(ဇ) ကားပြုပြင်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်း (Automobile repair and maintenance)၊
(ဈ) လေကြောင်းလုပ်ငန်း (Aviation Industry)၊
(ည) နေရာထိုင်ခင်းလုပ်ငန်း (ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း) (Accommodation Industry)၊
(ဋ) စိုက်ပျိုးရေးလုပ်ငန်း (Agriculture)၊
(ဌ) ငါးလုပ်ငန်းနှင့် ရေထွက်ပစ္စည်းမွေးမြူရေးလုပ်ငန်း (Fishery & Aquaculture)၊
(ဍ) စားသောက်ကုန်နှင့် အဖျော်ယမကာ ထုတ်လုပ်ရေးလုပ်ငန်း (Manufacture of food and beverages)၊
(ဎ) အစားအစာဝန်ဆောင်မှုလုပ်ငန်း (Food service industry)။

၂။ အောက်ဖော်ပြပါပုဂ္ဂိုလ်များသာ “ကျွမ်းကျင်လုပ်သား” အဖြစ် လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်-

(က) ဂျပန်နိုင်ငံ၊ သက်ဆိုင်ရာဌာနမှ လာရောက်စစ်ဆေးသည့် လုပ်ငန်းကျွမ်းကျင်မှု စာမေးပွဲနှင့် ဂျပန်ဘာသာစကားစာမေးပွဲအောင်မြင်သူ၊
(ခ) နည်းပညာအလုပ်သင်သင်တန်းအစီအစဉ် အဆင့် (၂) ပြီးဆုံးထားသူ (နည်းပညာ အလုပ်သင်သင်တန်းသားအလုပ်သမားအဖြစ် (၃) နှစ်လုပ်ကိုင်ပြီးမြောက်သူကို ဆိုလိုပါသည်)။

၃။ အခြေခံမူဘောင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (MoC) အရဂျပန်နိုင်ငံမှ မြန်မာကျွမ်းကျင်လုပ်သားများကို ၅ နှစ်နေထိုင်ခွင့်ဖြင့် ခေါ်ယူမည်ဖြစ်ရာ အထက်ပါလုပ်ငန်းနယ်ပယ် ၁၄ မျိုးအနက် ပထမဦးစွာ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်လုပ်သားများ ခေါ်ယူမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဂျပန်နိုင်ငံဘက်မှ လာရောက်စာမေးပွဲစစ်ဆေးရန် လျာထားဆောင်ရွက်လျက်ရှိပါသည်။

၄။ ထို့အပြင် ဂျပန်နိုင်ငံသို့ ကျွမ်းကျင်လုပ်သားစေလွှတ်မည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများအတွက် သတ်မှတ်ထားသည့်စံနှုန်းများကို နှစ်နိုင်ငံညှိနှိုင်းသဘောတူပြီးဖြစ်ရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ အနေဖြင့် ဂျပန်နိုင်ငံသို့ ကျွမ်းကျင်လုပ်သားများစေလွှတ်လိုပါက စေလွှတ်ခွင့်လျှောက်ထား၍ သတ်မှတ်စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၅။ ဂျပန်နိုင်ငံသို့ ကျွမ်းကျင်လုပ်သားစေလွှတ်ခွင့်ရရှိကြောင်း ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အလုပ်ကမ်းလှမ်းလွှာ (Demand Letter) များတင်ပြ၍ စေလွှတ်ခွင့်ရယူရမည်ဖြစ်ပါသည်။

၆။ ဝန်ကြီးဌာနက ဂျပန်နိုင်ငံသို့ အလုပ်သမားစေလွှတ်ရန် ခွင့်ပြုချက်ရရှိထားသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ (သို့မဟုတ်) လိုင်စင်ရအေဂျင်စီများမှအပ အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအပါအဝင် မည်သူမျှ ဤဝန်ကြီးဌာန၏ခွင့်ပြုချက်မရှိဘဲ လုပ်သားများစေလွှတ်ခွင့်မရှိပါ။ ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ တရားမဝင် ကျွမ်းကျင်လုပ်သားစေလွှတ်ကြောင်း စိစစ်တွေ့ရှိပါက ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။

၇။ ဂျပန်နိုင်ငံသို့ ကျွမ်းကျင်အလုပ်သမားများစေလွှတ်ရန် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ စာရင်းအသေးစိတ်ကို ဝန်ကြီးဌာန Website တွင် ကြေညာထားပါမည်။

၈။ အထက်ပါကိစ္စနှင့်ပတ်သက်၍ မရှင်းလင်းသည့်အချက်များ၊ အသေးစိတ်သိရှိလိုသည့် အချက်များရှိပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ၊ ဖုန်း အမှတ်-၀၆၇-၄၃၀၁၈၆၊ ၄၃၀၄၄၂၊ ၄၃၀၁၈၃၊ E-mail-dolmigration@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဂြိုဟ်တု Myanmar Sat 2 ကို လာမည့် ဩဂုတ် ၇ ရက် နံနက် ၂ နာရီတွင် လွှတ်တင်မည်

တောင်အမေရိကတိုက်၏ ပြင်သစ်ဂီယာနာ (French Guiana) ရှိ အာရိယန် အာကာသဒုံးပျံပစ်လွှတ်ရေး အခြေစိုက်စခန်း (Ariane Space Launch Base)သို့ ရောက်ရှိနေသော မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဂြိုဟ်တု Myanmar Sat 2 သို့မဟုတ် Intelsat 39 ဟုခေါ်သည့် မြေပြင်တည်ငြိမ်ပတ်လမ်းသွား ဆက်သွယ်ရေးဂြိုဟ်တုကို လာမည့် ဩဂုတ် ၇ ရက် နံနက် ၂ နာရီတွင် လွှတ်တင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ သိရသည်။

Myanmar Sat 2 ကို ယခင်က ဇူလိုင် ၂၄ ရက်တွင် လွှတ်တင်ရန်စီစဉ်ခဲ့သော်လည်း ဂြိုဟ်တုလွှတ်တင်မည့် သတ်မှတ်ရက်မတိုင်မီ ပြင်သစ် ဂီယာနာရှိ အာရိယန် အာကာသဒုံးပျံပစ်လွှတ်ရေးစခန်းမှ ဇူလိုင် ၁၀ ရက်တွင် လွှတ်တင်ခဲ့သော အီတလီနိုင်ငံလုပ် ဒုံးပျံတစ်စင်းမှာ လွှတ်တင်ပြီး ၉ မိနစ်အကြာတွင် ပျက်ကျခဲ့သဖြင့် လွှတ်တင်မည့်နေ့ရက်ကို ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Myanmar Sat 2 ဂြိုဟ်တု တည်ဆောက်နိုင်ရေး အတွက် မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် Intelsat ကုမ္ပဏီအကြား သဘောတူညီမှုစာချုပ်ကို ၂၀၁၈ ခုနှစ် ဇွန် ၁ ရက်က စတင် လက်မှတ်ရေးထိုးပြီး အဆိုပါ ဂြိုဟ်တုကို Intelsat အတွက် မာဇာနည်းပညာကုမ္ပဏီက (၅၂) စင်းမြောက်ဂြိုဟ်တုအဖြစ် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကာ စုစုပေါင်း ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၇ သန်းခန့် ဖြစ်သည်။



ဦးဝင်းအောင်(အင်ဂျင်နီယာချုပ် ၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန)

အဆိုပါ ဂြိုဟ်တုကို လွှတ်တင်ခြင်းဖြင့် ကမ္ဘာပေါ်ရှိ မြန်မာနိုင်ငံနှင့် သက်ဆိုင်သော ဆက်သွယ်ရေး အော်ပရေတာများ၏ စွမ်းဆောင်ရည်မြန်နှုန်းများကို တိုးမြှင့်ပေးနိုင်မည့်အပြင် အာဖရိကတိုက်၊ ဥရောပတိုက်၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာရှတိုက်တစ်ခွင်၌ မြန်နှုန်းမြှင့် ဗီဒီယိုဖြန့်ချိရေးဝန်ဆောင်မှုကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဂြိုဟ်တုဖြစ်သော Myanmar Sat 2 ဂြိုဟ်တုကို လွှတ်တင်မည့် အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးဝင်းအောင်အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး ။ ။ Myanmar Sat 2 သို့မဟုတ် Intelsat 39 လို့ခေါ်တဲ့ မြေပြင်တည်ငြိမ်ပတ်လမ်းသွား ဆက်သွယ်ရေး ဂြိုဟ်တု လွှတ်တင်ရေးအစီအစဉ်တွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ဂြိုဟ်တုကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားအခြေစိုက် Palo Alto က ထုတ်လုပ်ပါတယ်။ ယခင်က SSL ( Space System Loral ) လို့ခေါ်ပြီး အခု Maxar Technologies လို့ခေါ်တဲ့ နည်းပညာကုမ္ပဏီက ဖြစ်ပါတယ်။ ဂြိုဟ်တုထုတ်လုပ်တဲ့ ကုမ္ပဏီက Order မှာယူရပါတယ်။ အဲဒီမှာ သေသေချာချာစမ်းသပ်ပြီးရင် လွှတ်တင်မယ့် Launch Site ကို ပို့ပေးပါတယ်။

ဂြိုဟ်တုကို အာကာသပတ်လမ်းထဲရောက်အောင် သယ်ပို့ပေးမယ့် Launch Vehicle လို့ခေါ်တဲ့ ဒုံးပျံကိုလည်း Order မှာရပါတယ်။ တချို့က ဒုံးပျံကို တစ်နေရာမှာ ထုတ်လုပ်ပြီး ပစ်လွှတ်စခန်းကို ပို့ပေးတယ်။ တချို့က ပစ်လွှတ်ရေးစခန်းပိုင်တဲ့ ကုမ္ပဏီကပဲ ထုတ်လုပ်ပြီး သူ့ရဲ့ Launch Base ကို ပို့ပါတယ်။ Myanmar Sat 2 က Intelsat Satellite Operator နဲ့ ပေါင်းပြီး လွှတ်တာဖြစ်ပါတယ်။ မြန်မာပိုင်တဲ့အပိုင်းကို Myanmar Sat 2 လို့ အမည်တပ်ခွင့်ရပါတယ်။ သေချာစမ်းသပ်ပြီး Launch Site ကို ပို့ပေးတယ်။ Ariane 5 ဒုံးပျံကို ပြင်သစ်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Arianespace က ထုတ်လုပ်ပြီး သူ့စခန်းကပဲ လွှတ်တင်ပေးပါတယ်။ တောင်အမေရိကတိုက် မြောက်အတ္တလန္တိတ်ကမ်းခြေမှာရှိတဲ့ အာရိယန် အာကာသဒုံးပျံပစ်လွှတ်ရေး အခြေစိုက်စခန်းကနေ လွှတ်တင်ပေးမှာဖြစ်ပါတယ်။

**မေး ။ ။ Myanmar Sat 2 မပိုင်ဆိုင်ခင်က ဘယ်လိုတွေဆောင်ရွက်ခဲ့ရတယ်ဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံက ဂြိုဟ်တုဆက်သွယ်ရေးကွန်ရက်ကို အရင်က နိုင်ငံအသီးသီးကတစ်ဆင့် ငှားရမ်းအသုံးပြုနေခဲ့ရပါတယ်။ ဂြိုဟ်တုတွေကို အမေရိကန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနဲ့ နိုင်ငံပေါင်းစုံကနေ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၁၀ သန်းကျော် ဈေးကြီးပေးပြီး ငှားရမ်းအသုံးပြုနေခဲ့ရတာဖြစ်ပါတယ်။

**မေး ။ ။ Myanmar Sat 2 ကို လွှတ်တင်ဖို့ ဇူလိုင်လ ၂၄ ရက် လျာထားခဲ့ပေမယ့် ဘာကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရတယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ ။ ။ Myanmar Sat 2 ပါဝင်တဲ့ Intelsat 39 ဂြိုဟ်တုကို လွှတ်တင်ဖို့ ဇူလိုင်လ ၂၄ ရက် လျာထားခဲ့ပေမယ့် ရွှေ့ဆိုင်းခဲ့ရပါတယ်။ အကြောင်းကတော့ ဇူလိုင်လ ၁၀ ရက်က လွှတ်တင်တဲ့ အာရပ်စော်ဘွားများနိုင်ငံရဲ့ အနိမ့်ပျံဂြိုဟ်တု (မြေပြင်လေ့လာရေးဂြိုဟ်တု)ကို သယ်ဆောင်သွားတဲ့ Vega Rocket လွှတ်တင်ပြီး ၉ မိနစ်မှာ ပျက်ကျခဲ့လို့ အခုကိစ္စကိုလည်း သေချာအောင် ပြန်လည်စမ်းသပ် စစ်ဆေးနေရလို့ပါ။ ဩဂုတ်လ ၂ ရက်နေ့ကို လွှတ်တင်ဖို့ ရည်ရွယ်ထားခဲ့ပေမယ့်လည်း ရက်ရွှေ့ခဲ့ရပါတယ်။ အကြောင်းကတော့ ဒုံးပျံနဲ့အတူ လိုက်ပါမယ့် (Co-Passenger) ဥရောပဂြိုဟ်တု EDRS-C စမ်းသပ်စစ်ဆေးမှုတွေ မပြီးသေးလို့ဖြစ်ပါတယ်။

*စာမျက်နှာ ၇ သို့*

**“Myanmar Sat 2 ဂြိုဟ်တုကို လွှတ်တင်ခြင်းဖြင့် ကမ္ဘာပေါ်ရှိ မြန်မာနိုင်ငံနှင့်သက်ဆိုင်သော ဆက်သွယ်ရေး အော်ပရေတာများ၏ စွမ်းဆောင်ရည်မြန်နှုန်းများကို တိုးမြှင့်ပေးနိုင်မည့်အပြင် အာဖရိကတိုက်၊ ဥရောပတိုက်၊ အရှေ့အလယ်ပိုင်းဒေသနှင့် အာရှတိုက်တစ်ခွင်၌ မြန်နှုန်းမြှင့် ဗီဒီယိုဖြန့်ချိရေး ဝန်ဆောင်မှုကိုလည်း ဖြည့်ဆည်းပေးနိုင်မည်”**




လွှတ်တင်မည့် ဒုံးပျံ Ariane 5



Myanmar Sat 2 ပါဝင်သော IS 39 ဂြိုဟ်တု Launch Base တွင် စမ်းသပ်နေပုံ။

*စာမျက်နှာ ၆ မှ*

**မေး ။ ။ အခု ဘယ်နေ့ကို လွှတ်တင်ဖို့ စီစဉ်ထားပါသလဲ။**

ဖြေ ။ ။ ပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေက စမ်းသပ်စစ်ဆေးမှုပြီးလို့ ဩဂုတ်လ ၆ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲ မြန်မာစံတော်ချိန် ဩဂုတ်လ ၇ ရက် နံနက် ၂ နာရီမှာ လွှတ်တင်ဖို့ ရည်ရွယ်ထားပါတယ်။

**မေး ။ ။ Myanmar Sat 2 က ဘယ်လိုဝန်ဆောင်မှုတွေ ပေးနိုင်တယ်ဆိုတာကိုလည်း သိရှိလိုပါတယ်။**

ဖြေ ။ ။ Microwave ဆက်ကြောင်းတွေ၊ ဖိုင်ဘာ ဆက်သွယ်ရေးဆက်ကြောင်းတွေ မရရှိသေးတဲ့ မြန်မာနိုင်ငံရဲ့ဝေးလံခေါင်ဖျားဒေသမကျန် အချိန်တိုအတွင်း ဆက်သွယ်မှုကို ရရှိစေနိုင်ပါတယ်။ ဥပမာ - သဘာဝဘေးဒဏ် ကျရောက်တဲ့အခါ အလျင်အမြန်ဆက်သွယ်မှုရရှိစေပြီး ပုံရိပ်နဲ့ ဗီဒီယိုတွေ၊ အချက်အလက်တွေကို ပေးပို့နိုင်တဲ့အတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေကို အဓိကအောင်မြင်အောင် အထောက်အကူပေးနိုင်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံအနေနဲ့ ရရှိလာမယ့် အကျိုးကျေးဇူးတွေကိုလည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ နောက်ဆုံးပေါ် နည်းပညာ အသုံးပြုထားလို့ Myanmar Sat 1 ထက် အဆ ၈ ဆမှ ၁၀ ဆအထိ ပိုကောင်းတဲ့အတွက် အရည်အသွေးမြင့်တဲ့ ဆက်သွယ်မှုတွေ ရရှိနိုင်ပါတယ်။ ဖမ်းယူမှုအားပိုမိုရရှိတဲ့အတွက် Myanmar Sat 2 အသုံးပြုတဲ့ မိုဘိုင်းအင်တာနက်နဲ့ အခြားဆက်သွယ်ရေးတွေမှာလည်း မြန်နှုန်းပိုမိုရရှိလာမှာ ဖြစ်ပါတယ်။

**မေး ။ ။ အခြားဖြည့်စွက်ပြောကြားလိုတာ ရှိရင်လည်း ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ Myanmar Sat 2 ဂြိုဟ်တုက ဂြိုဟ်တုလိုင်းအင်အား ၈၆၄ မဂ္ဂါဟတ်စ် (864 MHz) ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလမှာ စတင်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အစိုးရဝန်ကြီးဌာနတွေအပြင် ပုဂ္ဂလိက ကုမ္ပဏီတွေပါ အသုံးပြုနိုင်ပါတယ်။ ဝန်ကြီးဌာနတွေနဲ့ ကုမ္ပဏီတွေ Myanmar Sat 2 ဂြိုဟ်တုကို အသုံးပြုခြင်းအားဖြင့် မြန်မာနိုင်ငံက ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ e - Application တွေ မြန်မာနိုင်ငံရဲ့ ဘယ်နေရာမှာမဆို အသုံးပြုလာနိုင်ပါတယ်။ e -Education, e-Health စသဖြင့် ပြည်သူလူထုအတွက် ဝန်ဆောင်မှုတွေ ပိုမိုပေးလာနိုင်မှာဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေကလည်း ပြည်သူအတွက် အကျိုးပိုမိုရရှိစေမယ့် Application တွေ အသုံးပြုလာနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ဂြိုဟ်တုလိုင်း အင်အားတွေကို ကျွန်တော်တို့ကိုယ်တိုင် စီမံအသုံးပြုလာနိုင်တဲ့အတွက် မြန်မာနိုင်ငံရဲ့ GDP ကို ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။

ဩဂုတ် ၇ ရက်မှာ မာဇာက လွှတ်တင်မှု၊ ပတ်လမ်းရောက်ရှိလည်ပတ်နိုင်မှုနဲ့ တိုးတက်မှုအခြေအနေတွေကို အချိန်နဲ့တစ်ပြေးညီ Twitter , Linkedin နဲ့ Facebook တို့မှာ တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ www.arianespace.com မှာလည်း ဂြိုဟ်တုလွှတ်တင်တဲ့ ဗီဒီယိုကို တိုက်ရိုက်ကြည့်ရှုနိုင်မှာဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း -နန္ဒာဝင်း**



**Myanmar Sat 2 ပါဝင်သော IS 39 ဂြိုဟ်တုပတ်လမ်းတွင် ရောက်ရှိမည့်ပုံ။** (ယာပုံ)

**Myanmar Sat 2 ပါဝင်သော IS 39 ဂြိုဟ်တု French Guiana သို့ ရောက်ရှိသည့်ပုံ။** (အောက်ပုံ)



# ကိုရီးယားသမ္မတနိုင်ငံမှ ရုပ်သံရိုက်ကူးရေးအဖွဲ့ ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းရိုက်ကူး




**နေပြည်တော် ဇူလိုင် ၃၀**

ကိုရီးယားသမ္မတနိုင်ငံ Korean Broadcasting System, National Public Broadcaster of Korea ရုပ်သံလိုင်းမှ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီးတွင် ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှု မှတ်တမ်းရိုက်ကူးသည်။

အဆိုပါအဖွဲ့သည် ယမန်နေ့က လှည်းကူးမြို့ မေဃဝတီ အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ကာ School Wash Training အမည်ဖြင့် တစ်ကိုယ်ရေ သန့်ရှင်းရေးအတွက် လက်ဆေးခြင်း၊ သွားတိုက်ခြင်း ပညာပေးအစီအစဉ်များနှင့် ကျောက်အိုင်ကျေးရွာတွင် ယင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီး ဦးရန်နိုင်ဆွေနှင့်အဖွဲ့ ကွင်းဆင်းကုသနေပုံများကို ရိုက်ကူးခဲ့ကြောင်း **(ဝဲပုံ)**၊ ဇူလိုင် ၃၁ ရက်တွင် လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် သက်ကြီးရွယ်အိုများကို ဆေးစစ်ခြင်း၊ ကိုယ်ကာယလှုပ်ရှားမှု ပြုလုပ်ခြင်းများကို ဆက်လက်ရိုက်ကူးမည်ဖြစ်သည်။

ထိုသို့ရိုက်ကူးရာတွင် Korea Foundation For International Healthcare Myanmar Office (kofih) အစီအစဉ်ဖြင့် ဆေးကုသနေပုံများ၊ (kofih) မှ လှူဒါန်းထားသည့် ပစ္စည်းများဖြင့် ကလေးများ၏ ကျန်းမာရေးအတွက် အသုံးချနေပုံများ၊ ကျန်းမာရေးနှင့် ပတ်သက်သည့် နေထိုင်မှုပုံစံနှင့် ကျန်းမာရေးအလေ့အကျင့်များ ဆောင်ရွက်နေမှုများကို အဓိကရိုက်ကူးခြင်းဖြစ်ပြီး ၎င်းအစီအစဉ်ကို Korean Broadcasting System, National Public Broadcaster of Korea ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(FDC)**

# ချောက်မြို့နယ်အတွင်း ရေဝတီမြစ်ရေဝင်၍ ပိတ်ထားသည့် စာသင်ကျောင်း သုံးကျောင်းအနက် တစ်ကျောင်းပြန်လည်ဖွင့်လှစ်

**ချောက် ဇူလိုင် ၃၀**

ချောက်မြို့နယ်အတွင်း ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် ကျွန်းသစ်အရှေ့(အမက)၊ သာစည်ကျွန်း (အမက)၊ လက်ပံရွာမ (မူလွန်) ကျောင်းသုံးကျောင်းကို ဇူလိုင် ၂၃ ရက်မှ စတင်၍ ပိတ်ထားခဲ့သည်။

စာသင်ကျောင်း သုံးကျောင်းတွင် ဆရာ ဆရာမ ၁၇ ဦး၊ ကျောင်းသား ကျောင်းသူ ၂၀၃ ဦးရှိရာ ဇူလိုင် ၂၉ ရက်တွင် ရေဝတီမြစ်ရေကျဆင်းသောကြောင့် လက်ပံရွာမ (မူလွန်)ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅၈ ဦးအား ဆရာ ဆရာမ ကိုးဦးတို့က စာသင်ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားပေးပြီဖြစ်ကြောင်း ချောက်မြို့နယ် ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကျော်မိုး (ပြန်/ဆက်)**



**ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၇ ရက်က ကျောင်းသားကျောင်းသူများကို မြို့မရဲစခန်းမှူး ဒုရဲမှူး ဇော်မင်းခိုင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် သက်ငယ်မုဒိမ်းပပျောက်ရေးဆိုင်ရာ မှုခင်း၊ ပညာပေးဟောပြောစဉ်။**

၀၀၇

❄ *ကျောဖုံးမှ*

အမေရိကန်ဒေါ်လာ (၈၀၈၅၉၄၅၂) နှင့် ညီမျှသည့် ငွေကျပ် ၁၂၄ ဒသမ ၅၂၃ ဘီလီယံ လျှော့ချထားခဲ့ရာ ဧပြီလမှသာ ခွင့်ပြုမိန့်ရရှိခဲ့ခြင်းကြောင့် ပထမခြောက်လပတ် သုံးစွဲမှုတွင် ပါဝင်နိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ အချိန်မီသုံးစွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## အချို့လုပ်ငန်းစဉ်များသည် သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်မေးမြန်းရှင်းလင်းပြီးမှ အတည်ပြုချက်ရရှိမှသာ လုပ်ငန်းဆောင်ရွက်ရခြင်းနှင့် တင်ဒါလုပ်ငန်းစဉ်များ နှောင့်နှေးခြင်းများကြောင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးလှကျော် က ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ခြောက်လတာတွင် အကောင်အထည်ဖော်မှု ရာခိုင်နှုန်းနည်းရခြင်းသည် ပြည်ပအကူအညီ၊ ပြည်ပချေးငွေပေးသည့်အဖွဲ့အစည်း



ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးစဉ်။



မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးစဉ်။

များနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များ အဆင့်ဆင့် စိစစ်ဆောင်ရွက်ရသဖြင့် ကြန့်ကြာရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းစဉ်ပါ Consultant များ အချိန်မီ မခန့်နိုင်ခြင်း၊ လုပ်ထုံးလုပ်နည်းကြန့်ကြာခြင်း၊ အချို့လုပ်ငန်းစဉ်များသည် သက်ဆိုင်ရာနိုင်ငံသို့ပြန်လည်မေးမြန်းရှင်းလင်းပြီးမှ အတည်ပြုချက်ရရှိမှသာ လုပ်ငန်း ဆောင်ရွက်ရခြင်းနှင့် တင်ဒါလုပ်ငန်းစဉ်များ နှောင့်နှေးခြင်းများကြောင့် သတ်မှတ် ကာလအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှုမရှိဘဲ လုပ်ငန်းအကောင်အထည်ဖော်မှု အားနည်းရခြင်းဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ်တွင် ၂၇ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ၂၀၁၈- ၂၀၁၉ ခု ဇွန်လအထိ ၄၉ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်မှချမှတ် ထားသည့် စီးပွားရေးမူဝါဒများ နှင့်အညီ လယ်ယာကဏ္ဍနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးအတွက် စီမံကိန်းလုပ်ငန်းများအကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာရန်ပုံငွေများကို အကျိုးရှိထိရောက်စွာ စိစစ်သုံးစွဲ စီမံကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့အတူ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင် မောင်ဝင်းတို့က ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ စောသန်းထွဋ်က ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၉/၂၀၁၉)နှင့် (၁၀/၂၀၁၉) တို့ကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

## ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်း အစီရင်ခံစာနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာ လွှတ်တော်ကမှတ်တမ်းတင်

ပြည်ထောင်စုလွှတ်တော်နာယက က ယင်းအစီရင်ခံစာများနှင့် စပ်လျဉ်း၍



မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ဆွေးနွေးစဉ်။



ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ဆွေးနွေးစဉ်။

လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၉/၂၀၁၉)နှင့် (၁၀/၂၀၁၉)တို့ကို သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စု အစိုးရအဖွဲ့မှပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာတို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ခြောက်လတာကာလ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက် အကူပေးရေးအဖွဲ့၏ အတွင်းရေးမှူး ဦးခင်ဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များအနေဖြင့် အမှုများလက်ခံရာတွင် မည်သို့လက်ခံရမည်ဆိုသည့် ညွှန်ကြားချက်များ ထုတ်ပေးထားပြီးဖြစ်ပါကြောင်း၊ အမှုများလက်ခံရာတွင် အဂတိကင်းရှင်းစေရန်၊ ဘက်မလိုက်စေရန် စသည့်အချက်များ ကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ပြစ်မှုတစ်ခုဖြင့် စွပ်စွဲခံရသူသည် ရဲအချုပ်ခန်းတွင် ဖမ်းဆီးခံရစဉ် သက်ဆိုင်ရာအမှုစစ်ဆေးသည့် အရာရှိများ၏ ဆောင်ရွက်မှုကြောင့် တရားခံသေဆုံးရသည့် ကိစ္စရပ်များရှိပါက သက်ဆိုင်ရာ ကာယကံရှင်၏ မိသားစုသည် ဥပဒေအရ၊ ရဲစည်းကမ်းထိန်းသိမ်းရေးလက်စွဲအရ ရဲချုပ်ကိုတိုင်ကြားနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ကိုလည်း တိုင်ကြားနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က အချုပ်တရားခံသေဆုံးရသည့်ကိစ္စကို ဥပဒေနှင့်အညီ ပြည်စုံစွာစုံစမ်းစစ်ဆေးနိုင်ရန် သက်ဆိုင်ရာရဲတပ်ဖွဲ့က ကူညီရန်လိုအပ်ပါကြောင်း။

သေဆုံးသူကို စစ်ဆေးရာတွင်လည်း သက်ဆိုင်ရာမြို့နယ်တွင်ရှိသည့် ဆရာဝန် တစ်ယောက်တည်းက စစ်ဆေးခြင်းထက် သေဆုံးရသည့်အကြောင်းရင်းကို သေချာစွာ စစ်ဆေးနိုင်သည့် မှုခင်းဆရာဝန်ကြီးများ ပါဝင်သော ဘုတ်အဖွဲ့ဖြင့် စစ်ဆေးခြင်းအား ဖြင့် နဂိုရှိရင်းစွဲရောဂါကြောင့် သေဆုံးခြင်း၊ ရုတ်တရက် နှိပ်စက်သည့်ဒဏ်ရာကြောင့် ရှော့ဖြစ်ပြီး သေဆုံးခြင်းဆိုသည်ကို ဖော်ထုတ်နိုင်လျှင် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်မည့် အခြေအနေရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့နှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်အတွက် လိုအပ်သည့် ဆောင်ရွက်မှုများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့၏ ခြောက်လတာကာလ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော် က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက** ဦးတည်ချက်တွင်ပါသည့် ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်ခြင်းမရှိသည့် ပုဒ်မမည်မျှရှိသည်၊ ရှေ့နောက်ညီညွတ်၍ ဆန့်ကျင်ကွဲလွဲမှုမရှိသည့် ပြဋ္ဌာန်းချက်ကမည်မျှရှိသည်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အဟန့်အတားဖြစ်စေသော ပြဋ္ဌာန်းချက်များက မည်သည့်ပြဋ္ဌာန်း ချက်များဖြစ်သည်နှင့် ဦးတည်ချက်အပိုဒ် (ခ)ပါ မဏ္ဍိုင် ၃ ရပ် အပြန်အလှန် ထိန်းကျောင်းမှု၊ နိုင်ငံသားများ၏ တန်းတူညီမျှမှုကို အကာအကွယ်ပေးနိုင်မှု၊ လွတ်လပ် ၍ တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေးတို့ကို အစီရင်ခံစာ၏ မည်သည့်နေရာ တွင်မှ ဖော်ပြထားခြင်းမရှိပါကြောင်း၊ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်များအနေ ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို အခန်း ၁၂ ပါ ပြဋ္ဌာန်းချက်နှင့်အညီသာ ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

**ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က** အစီရင်ခံစာတစ်ခုလုံးတွင် ဖော်ပြပါရှိသည့် အချက်များနှင့် နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့် ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်များ၊ မှတ်တမ်းတင်ထားချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုကြည့်ပါက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခုရေးဆွဲရန် ကြိုးစားနေသည်ဟု မြင်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲရန်အတွက်ဆိုလျှင် သဘောတူပါကြောင်း၊ တိုင်းရင်းသားများသည် နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံရေးအရ တန်းတူရည်တူ ဆွေးနွေးညှိနှိုင်းပြီး တိုင်းရင်းသားပေါင်းစုံပါဝင်သည့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်လိုကြပါကြောင်း၊ ထိုသို့ တည်ဆောက်နိုင်ရန် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခု အမှန်တကယ်လိုအပ်ပါကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုကို အုပ်ချုပ်သူများ၏ အကျိုးအတွက်မဟုတ်ဘဲ တိုင်းရင်းသား ပြည်သူအားလုံး၏ အကျိုးစီးပွားအတွက် မြေပြင်အခြေအနေနှင့် ကိုက်ညီသည့် ဥပဒေ တစ်ခုဖြစ်အောင် ရေးဆွဲကြရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။



ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင် ဆွေးနွေးစဉ်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁)မှ ဒေါ်ထုမေ ဆွေးနွေးစဉ်။

**ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက** နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ပြင်ဆင်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဖော်ပြထားသော အခန်း(၁၂) ပုဒ်မ ၄၃၃၊ ၄၃၄၊ ၄၃၅၊ ၄၃၆ အရ ပြင်ဆင်မည်ဆိုပါက ကြိုဆိုထောက်ခံပါကြောင်းနှင့် အခြား နည်းလမ်းအရ ပြင်ဆင်မည်ဆိုပါက ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

**မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက** ယခုအခါ ပြည်သူကိုယ်တိုင် ပြည်သူ့အခြေခံဥပဒေ မူကြမ်းတစ်ရပ် အမြန်ဆုံးရေးဆွဲပြင်ဆင်ရန် ဆန္ဒထုတ်ဖော်ပြမှုများ ရှိနေပါကြောင်း၊ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်ကို ဆက်လက်ပြုစု ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ဤအစီရင်ခံစာကို အတည်ပြုပေးနိုင်ရေး ထောက်ခံအကြံပြုလိုပါကြောင်း။

တိုင်းရင်းသားများ၏ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုစနစ်သို့ လည်းကောင်း၊ ပြည်သူလူထု၏ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ အနာဂတ်ဒီမိုကရေစီနိုင်ငံတော် သစ်ကြီး မျှော်မှန်းချက်များကို ယခုလို သဘောထားကြီးစွာဖြင့် ဆက်လက်လေးစား လိုက်နာပါဝင်ဆောင်ရွက်ပေးပါရန် နာယကကြီးမှတစ်ဆင့် တပ်မတော်သားများအားလုံး ကို မေတ္တာရပ်ခံပန်ကြားအပ်ပါကြောင်း၊ ပြုစုထားသောမူကြမ်းပေါင်းချုပ်အပေါ် မူကြမ်း တစ်ခုဖြစ်ပေါ်လာအောင် ရေးဆွဲသင့်သည့်အခါ အခန်းလိုက် အခန်းလိုက်အခြေခံရမည့် မူများကို အများသဘောတူချမှတ်ထားသော အခန်းအလိုက် အခြေခံမူများနှင့်အညီ ဆက်လက်ညှိနှိုင်းရေးဆွဲဆောင်ရွက်မှုသာ ဥပဒေမူကြမ်းကောင်းတစ်ခု ဖြစ်ပေါ်လာ မည်ဖြစ်သည်ဟု အကြံပြုပါကြောင်းနှင့် ဤအစီရင်ခံစာအား အတည်ပြုပေးသင့် ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဒေါ်ခင်ဆွေလွင်၊ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ သိန္နီ မဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၊ မချမ်းဘော မဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်ထုမေ၊ နမ့်စန် မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခေါ်) ဦးဒီလုံး၊ မိုင်းပန် မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၊ သီပေါ မဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ နောင်မွန်း မဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ်၊ မင်းကင်း မဲဆန္ဒနယ်မှ ဦးမောင်မြင့်နှင့် ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါ်လွီးဇာတို့က ဆွေးနွေး ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုကို အစည်းအဝေး သတ္တမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ကြောင်း သိရသည်။

**သတင်း-မော်စီ၊ လူကျော်၊ ဓာတ်ပုံ-ထိုက်ကြီး**

## ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းဇော် ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းမှ ဦးမျိုးအောင်ထွေးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်း သိန်းဇော်သည် ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းမှ ဦးမျိုးအောင်ထွေးနှင့် အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-8) အစည်းအဝေး ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရန်ကုန်နိုင်ငံရေးသိပ္ပံကျောင်းမှ မြို့ပြနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြဋ္ဌာန်းလိုသောအချက်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များအား တင်ပြဆွေးနွေးပြီး ကော်မတီအဖွဲ့ဝင်များက ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၃၀**

ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှောဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာမည်။

မိုး/ဇလ

# ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၀**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**လုပ်ငန်းများချောမောအောင်မြင်အောင်ဆောင်ရွက်**

အခမ်းအနားတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက တစ်နိုင်ငံလုံးရှိ ကျောင်းသူ ကျောင်းသားအားလုံးအတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်သည့် လုပ်ငန်းသည် သာမန်စီးပွားရေးလုပ်ငန်းတစ်ခုမဟုတ်ဘဲ နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် လုပ်ငန်းတာဝန်တစ်ခုဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်နှစ်က ကျောင်းသုံးစာအုပ်များရိုက်နှိပ်ရာတွင် တွေ့ကြုံရသည့် အတွေ့အကြုံများအပေါ် အခြေခံ၍ အားနည်းချက်အနည်းဆုံးဖြစ်စေရန်နှင့် လုပ်ငန်းများ ချောမောအောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အားလုံးဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေးကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိခဲ့မှုအပေါ် အကျဉ်းချုပ် သုံးသပ်ချက်နှင့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း (MPPA)၊ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း (MRAPA) တို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရမည့် အရွယ်အစား၊ တင်ဒါခေါ်ယူမည့်ကာလ၊ တင်ဒါခေါ်ယူရေးလုပ်ငန်းစဉ်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကာ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

● *ကျော့ဖုံးမှ*

အားကစားနည်းများအဖြစ် မနီလာမြို့၌ ကြက်တောင်၊ ဘိုးလင်း၊ ဘတ်စကက်ဘော၊ ESports၊ လက်ဝှေ့၊ ကစ်ဘောင်ဆင်၊ ဘီလီယက်၊ ဘောလုံး၊ ကျွမ်းဘားအလေးမ၊ တိုက်ကွမ်ဒို၊ Soft Tennis၊ တင်းနစ်၊ Squash ၊ ရေခဲပြင်ဟော်ကီ၊ ရေခဲပြင်စကိတ်၊ ဝူရှူး၊ ကရာတေးဒို၊ ဓားရေး၊ ဘော်လီဘော၊ ဆူဘစ်မြို့၌ ကနူး/ကယက်၊ ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာလှေ၊ စစ်တုရင်၊ မွေလက်ဝှေ့၊ ပန်ကြပ်ဆီလတ်၊ စားပွဲတင်တင်းနစ်၊ သုံးမျိုးစုံ၊ Modern Pentathlon ၊ Wind Surfing ၊ ပိုက်ကျော်ခြင်း၊ သဲသောင်ပြင်ဘော်လီဘော၊ သဲသောင်ပြင် Handball ၊ ကလာ့ခ်မြို့၌ ရေကူး၊ ပြေးခုန်ပစ်၊ ပီတန်း၊ Lawn Bowls ၊ သေနတ်ပစ်၊ မြားပစ်၊ ရပ်ဘီ၊ ဘော့စ်ဘော၊ Softball၊ Dance Sport၊ ဂေါက်သီး၊ Kurash ၊ ဂျူဒို၊ ဂျူဂျစ်ဆူ၊ Arnis ၊ Sambo၊ နပန်း၊ Wakeboarding နှင့် အခြားမြို့၌ ပိုလို၊ စက်ဘီး၊ ဘောလုံး၊ ရုံတွင်းဟော်ကီ၊ Surfing၊ Underwater Hockey ၊ Netball နှင့် Floorball အားကစားနည်းတို့ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားနည်းများ နောက်ဆုံးအတည်ပြုရွေးချယ်ရခြင်းမရှိသေးသော်လည်း အားကစားနည်း ၃၀ ဝန်းကျင်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၁၉ ဆီးဂိမ်းစ်ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အားသာသည့် အားကစားနည်းအချို့ ပါဝင်လာသလို အချို့အားကစားနည်းများလည်း ပါဝင်လာခြင်းမရှိ၍ ရွှေဆုအပါအဝင် ဆုတံဆိပ်ရယူနိုင်ရန် ပိုမိုကြိုးစားရဖွယ်ရှိနေသည်။ မြန်မာအားကစားအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်နှင့် ရန်ကုန်၌ စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

**ညီမြတ်သော်တာ**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ရေလှောင်တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ဆောက် ထိန်းသိမ်းထားသည့် ရေလှောင်တမံများအနက် အချို့သော ရေလှောင်တမံများတွင် မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်မှတ်ထက် ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျစီးထွက်လျက်ရှိပါသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်မှတ်ထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံ (၁၂)ခုရှိပြီး ယင်းတို့မှာ ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

**၁၀-၇-၂၀၁၉ ရက်နေ့ ရေပိုလွှဲမှ ရေကျော်သည့် ရေလှောင်တမံများစာရင်း**

(၀၆း၀၀)နာရီ ရေမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့် (ပေ) ကန်ရေသေ(ပေ) | ရေလှောင် ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင် ပမာဏ (ဧကပေ) | မိုး ရေချိန် (လက်မ) | ရေပိုလွှဲမှ ရေကျော် အမြင့်(ပေ) |
|---|---|---|---|---|---|---|---|---|
| | | **ကရင်ပြည်နယ်** | | | | | | |
| ၁ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင်/ | ၃၆ | ၂၈၇၇ | ၃၆.၈၅ | ၃၀၆၅၆ | ၀.၈၃ | ၀.၈၅ |
| | | လှိုင်းဘွဲမြို့နယ် | ၁၉ | ၂၃၇၆ | | | | |
| | | **ချင်းပြည်နယ်** | | | | | | |
| ၂ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၀ | ၆၉.၅၀ | ၁၉၃၀ | ၁.၁၈ | ၀.၇၀ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၃ | ရာဇဗြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၆.၅၀ | ၅၃၄၂၅ | ၀.၁၁ | ၁.၅၀ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | |
| | | **ပဲခူးတိုင်းဒေသကြီး(အရှေ့)** | | | | | | |
| ၄ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၃၀ | ၂၃၈၀ | ၁.၅၀ | ၀.၃၀ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၅ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၂၀ | ၆၄၄၁၅၄ | ၀.၁၀ | ၂.၂၀ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | |
| ၆ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၆.၁၀ | ၃၂၇၁၄၀ | - | ၂.၆၀ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၇ | ပြိုင်းချောင်းရေလှောင်တမံ | စစ်တွေခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၈.၁၀ | ၂၆၂၅၅ | ၁.၈၀ | ၂.၁၀ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | |
| ၈ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၄၀ | ၆၇ | - | ၀.၄၀ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | |
| ၉ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၁ | ၃၀.၂၀ | ၁၂၃ | - | ၀.၂၀ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | |
| ၁၀ | ရှောက်ချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၁၄၀ | ၄၄.၁၀ | ၁၂၀၉ | ၁.၁၀ | ၁.၁၀ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၁၁ | နန်ကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၉.၂၀ | ၄၁၀၆၄ | ၀.၃၇ | ၁.၂၀ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | |
| ၁၂ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၅.၇၀ | ၁၄၈၂၁၃ | ၀.၂၀ | ၁.၇၀ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | |

❖ *ကျော့ဖုံးမှ*

ဩဂုတ် ၁ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏ မြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဧရာဝတီအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပထမဆုရအသင်းကို ဆုဖလားနှင့် ငွေကျပ်သိန်း ၃၀၊ ဒုတိယ ဆုရအသင်းကို ဆုကြေးငွေကျပ်သိန်း ၂၀၊ ပူးတွဲတတိယဆုရ နှစ်သင်းကို ဆုကြေးငွေကျပ် ၁၀ သိန်းစီ၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုနှင့် သွင်းဂိုးအများဆုံးဆုရ ကစားသမားတို့ကို ဆုကြေးငွေကျပ် နှစ်သိန်းစီချီးမြှင့်မည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

*ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါကော်မတီ၏ ဆောင်ရွက်ချက်များကို လွှတ်တော်ရေးရာကဏ္ဍအနေဖြင့် ဖော်ပြလိုက်ပါသည်-*

*(စာတည်း)*

# အမျိုးသားစီမံကိန်းနဲ့ပတ်သက်တဲ့ ဥပဒေ၊ ဘဏ္ဍာငွေ အရအသုံးမှန်းခြေငွေစာရင်းနဲ့ ပတ်သက်တဲ့ ဥပဒေ၊ အခွန်အကောက်နဲ့ ပတ်သက်တဲ့ ဥပဒေတွေကို ရေးဆွဲပြဋ္ဌာန်းနိုင်သည်အထိ စိစစ်သုံးသပ် ဆောင်ရွက်ရပါတယ်

**တွေ့ဆုံမေးမြန်း - နန္ဒာဝင်း၊ ဓာတ်ပုံ- ထိန်နန်နော်**




**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်း**




**တောင်ငူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း**

ပြည်ထောင်စုလွှတ်တော်က တာဝန်ပေးအပ်သော ငွေစာရင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုလွှတ်တော်နာယကသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ပြည်သူ့ငွေစာရင်းကော်မတီတို့တွင် ပါဝင်သော ကော်မတီဝင်ဦးရေတူညီစွာဖြင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီကို ဖွဲ့စည်းခဲ့သည်။

ပြည်သူ့ငွေစာရင်းကော်မတီများတွင် အဖွဲ့ဝင် ၁၅ ဦးစီ ပါဝင်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်တာဝန်ပေးခြင်း ဖြစ်သည်။ ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

ပြည်သူ့ငွေစာရင်း ကော်မတီသည် နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖြစ်စေ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခု၊ ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုခု သို့မဟုတ် နေပြည်တော်ကောင်စီကဖြစ်စေ၊ လုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးပေးရန် ညှိနှိုင်းချက်အရ စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့် စပ်လျဉ်းသည့် စာရင်းများကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း စိစစ်ရမည်ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ စီးပွားရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကုန်ထုတ်လုပ်မှု လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ စာရင်းများ၊ နှစ်ချုပ်စာရင်းများနှင့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှု ရှိ မရှိ စသည်တို့ကို စစ်ဆေးထားသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကို စိစစ်ရမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးရမည် ဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည် ဖြစ်သည်။

ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူငွေများကို ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် လုပ်ငန်းစီမံကိန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးမှုမရှိခြင်း၊ တင်ဒါလုပ်ငန်းစဉ်များကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် တည်ဆောက်ရေးလုပ်ငန်းများနှောင့်နှေးခြင်း၊ အရည်အသွေး မပြည့်မီခြင်းတို့သည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေနိုင်သည့် အကြောင်းရင်းများ ဖြစ်သည်။

ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ပြည်သူများကို ချက်ချင်းအကျိုးဖြစ်ထွန်းစေမည့် အသုံးစရိတ်များဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ လမ်း၊ တံတားလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ၂၀၁၉ - ၂၀၂၀ ခု ဘဏ္ဍာနှစ်တွင် ဘတ်ဂျက်လျာထားမှုမှာ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေစာရင်း၌ ယခင်နှစ်များထက် ပိုမိုသုံးစွဲသွားရန် လျာထားသည်။

အထူးသဖြင့် အသုံးစရိတ်များသုံးစွဲမှုမှ တစ်ဆင့် ကုန်ထုတ်လုပ်မှုကို တိုးတက်စေခြင်း၊ ပြည်တွင်းစားသုံးမှုတိုးတက်စေခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးများ တိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်စေရန် ရည်မှန်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး အိမ်နီးချင်းနိုင်ငံများကဲ့သို့ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်စေရေးအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းအပါအဝင် လူနေမှု အဆင့်မြင့်မားစေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဘက်ပေါင်းစုံမှ တည်ဆောက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ်အထိ အရှေ့တောင်အာရှ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး နိုင်ငံတစ်ခုဖြစ်ခဲ့သော်လည်း ၁၉၈၇ ခုနှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဆင့်သို့ ရောက်ရှိခဲ့ပြီး ယနေ့ထိတိုင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများစာရင်းတွင် ပါဝင်နေဆဲဖြစ်သည်။

နိုင်ငံ၏ အခြေအနေသည် LDC နိုင်ငံအဆင့်မှ လွတ်မြောက်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်သို့ ရောက်ရှိနိုင်ရန် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းအပါအဝင် ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေရသော အချိန်ကာလဖြစ်၍ ရငွေထက် သုံးငွေက ပိုမိုသော လိုငွေပြဘတ်ဂျက်ဖြင့် နိုင်ငံတော်ကို တည်ဆောက်နေရသည့် ကာလဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့က ထောက်ခံတင်ပြလာသည့် ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ယခုကျင်းပနေသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က လေ့လာသုံးသပ်ဆွေးနွေး အတည်ပြုသွားမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူ့ငွေစာရင်းကော်မတီမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**ဦးအောင်မင်း၊ ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဒုတိယဥက္ကဋ္ဌ (၁)**

မေး။ ။ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီရဲ့ လုပ်ငန်းတာဝန်တွေကို ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက အဓိကကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နှစ်စဉ် အမျိုးသားစီမံကိန်းနဲ့ ပတ်သက်တဲ့ ဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးမှန်းခြေ ငွေစာရင်းနဲ့ ပတ်သက်တဲ့ ဥပဒေကြမ်း၊ အခွန်အကောက်နဲ့ ပတ်သက်တဲ့ ဥပဒေကြမ်းတွေကို ပြည်ထောင်စုလွှတ်တော်ကို တိုက်ရိုက်တင်ပြရပြီး ပြည်ထောင်စုလွှတ်တော်မှာပဲ ဆွေးနွေးရပါတယ်။ ပထမဆုံးလုပ်ငန်းတာဝန်ကတော့ အဲဒီဥပဒေကြမ်း ၃ ရပ်ကို အတည်ပြုဖို့အတွက် ဆောင်ရွက်ရပါတယ်။ အစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်ကို တိုက်ရိုက်တင်သွင်း ဆွေးနွေးရပါတယ်။ အဓိက လုပ်ငန်းတာဝန်တွေကတော့ အဲဒီဥပဒေကြမ်း ၃ ခုကို အတည်ပြုဖို့ ဆောင်ရွက်ရာမှာ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီသည် ငွေကြေးဆိုင်ရာ ကိစ္စရပ်တွေကို သုံးသပ်စိစစ်ပြီး ပြည်ထောင်စုလွှတ်တော်ကို တင်ရပါတယ်။ ဥပဒေ၊ ဥပဒေကြမ်းနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေကို ဥပဒေကြမ်း ပူးပေါင်းကော်မတီက တာဝန်ယူစိစစ်ပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ရပါတယ်။ အခွန်အကောက်ဥပဒေကြမ်းကို စိစစ်တဲ့အခါ ဥပဒေကြမ်းကော်မတီနဲ့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့ ပူးပေါင်းစိစစ်ပြီး ပြည်ထောင်စုလွှတ်တော်ကိုတင်တဲ့အခါ ဥပဒေကြမ်းပူးပေါင်းကော်မတီက တာဝန်ယူပြီး တင်ရပါတယ်။ ပြည်သူ့ငွေစာရင်းပူးပေါင်း ကော်မတီရဲ့ ပထမတာဝန်သည် အမျိုးသား စီမံကိန်းနဲ့ ပတ်သက်တဲ့ ဥပဒေ၊ ဘဏ္ဍာငွေ အရအသုံးမှန်းခြေငွေစာရင်းနဲ့ ပတ်သက်တဲ့ ဥပဒေ၊ အခွန်အကောက်နဲ့ ပတ်သက်တဲ့ ဥပဒေတွေကို ရေးဆွဲပြဋ္ဌာန်းနိုင်သည်အထိ စိစစ်သုံးသပ် ဆောင်ရွက်ရပါတယ်။

ဒုတိယက ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာကို စိစစ်သုံးသပ်ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာမှာ ဌာနတွေရဲ့ ငွေကြေးသုံးစွဲမှုတွေ ပါမယ်။ ဌာနတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေပါမယ်။ ဌာနမှာရှိတဲ့ နိုင်ငံတော်ပိုင်ပစ္စည်းတွေနဲ့ ပတ်သက်ပြီး စစ်ဆေးတာတွေ၊ ကုန်လက်ကျန်တွေနဲ့ ပတ်သက်ပြီး စစ်ဆေးတာတွေရှိမယ်။ အဲဒီလို ပြည်ထောင်စုစာရင်းစစ်ချုပ် က စစ်ဆေးထားတဲ့ စစ်ဆေးချက် အစီရင်ခံစာအပေါ်မှာ ကျွန်တော်တို့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ရငွေနဲ့ပတ်သက်ရင်လည်း ဘတ်ဂျက်မှာ လျာထားတဲ့ ရငွေတွေရရှိခြင်း ရှိမရှိ၊ ရသင့်ရထိုက်တဲ့ကာလမှာ ရရှိခြင်း ရှိ မရှိ စိစစ်ရပါတယ်။

အသုံးစရိတ်နဲ့ ပတ်သက်ရင်လည်း အသုံးစရိတ်တစ်ရပ်ဟာ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးလိုက်တဲ့ ကိစ္စတစ်ရပ်အပေါ်မှာ သုံးစွဲရဲ့လား၊ ခွင့်ပြုထားတဲ့ ငွေအတိုင်း သုံးစွဲတာ ဟုတ်ရဲ့လား၊ အဲဒီလိုသုံးစွဲရာမှာ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ရောကိုက်ညီရဲ့လား၊ ဒီအသုံးစရိတ်ကို သုံးစွဲပြီး အကောင်အထည်ဖော်လိုက်တဲ့ သုံးစွဲမှုဟာ ပြည်သူတွေအတွက် တကယ်ထိရောက်အကျိုးရှိတဲ့ လုပ်ငန်းဖြစ်ရဲ့လား၊ အဲဒီလို သုံးစွဲရာမှာ လေလွင့်ဆုံးရှုံးမှုတွေ၊ ပြည်သူ့အကျိုး နစ်နာဆုံးရှုံးမှုတွေ၊ အဂတိ လိုက်စားမှုတွေ၊ အလွဲသုံးစားမှုတွေ ရှိ မရှိ ဒါတွေကို အဓိကစိစစ်ရပါတယ်။ ကျွန်တော်တို့ရဲ့ စိစစ်ချက်တွေကို ပြည်ထောင်စုလွှတ်တော်ကို ပြန်တင်ပြရတာပါ။ ပြည်ထောင်စုလွှတ်တော်ကို ပြန်တင်ပြနိုင်ဖို့အတွက် အသေးစိတ် လေ့လာသုံးသပ်ရပါတယ်။ ဒီ အစီရင်ခံစာမှာ ကျွန်တော်တို့ရဲ့ လေ့လာသုံးသပ်ချက်တွေ၊ အကြံပြုချက်တွေပါတယ်။ အဲဒီအပေါ်မှာ ပြည်ထောင်စုလွှတ်တော်မှာ ကိုယ်စားလှယ်တွေက ဆွေးနွေးပြီး ဝေဖန်သုံးသပ်မယ်၊ အတည်ပြုမယ်။ ဒီအပေါ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

မေး။ ။ ဘတ်ဂျက်ရေးဆွဲရာမှာ ဘယ်လိုတွေ ဆောင်ရွက်တယ် ဆိုတာကိုလည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ ဘတ်ဂျက်ရေးဆွဲရာမှာ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းက ပြည်ထောင်စုအစိုးရအဖွဲ့က ဆောင်ရွက်ရတဲ့အပိုင်းပါ။ ပထမဆုံးအနေနဲ့ ကျွန်တော်တို့က နှစ်လတ်ဘဏ္ဍာရေးမူဘောင်ဆိုပြီး ၂၀၁၅-၂၀၁၆ ခုနှစ်လောက်က စပြီးဆွဲပါတယ်။ နှစ်လတ်ဘဏ္ဍာရေးမူဘောင်မှာ ပြီးခဲ့တဲ့ကာလ သုံးနှစ်နဲ့ ရှေ့လာမယ့် နှစ်နှစ်၊ အားလုံး ငါးနှစ်အတွင်းမှာ နိုင်ငံတော်အနေနဲ့ ဘယ်လောက်ရငွေတွေရှိသလဲ။ ပြီးခဲ့တဲ့ နှစ်နှစ်က သုံးစွဲခဲ့တဲ့အပေါ် အခြေခံပြီး ဒီနှစ်မှာ ဘယ်လောက် သုံးစွဲနိုင်မလဲ။ ရှေ့လာမယ့် နှစ်နှစ်ကို ဘယ်လိုမျှော်မှန်းပြီး ဆောင်ရွက်မလဲဆိုတာကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်လို့ ခေါ်ပါတယ်။ အစိုးရအဖွဲ့အနေနဲ့ နှစ်လတ်ဘဏ္ဍာရေးမူဘောင်ကို ရေးဆွဲမယ်။ ဒီဘဏ္ဍာရေးနှစ်မှာ သုံးစွဲနိုင်မယ့် အသုံးစရိတ်တွေကို အဓိကက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူပြီး အမြင့်ဆုံး သုံးစွဲနိုင်မယ့် အသုံးစရိတ်တွေကို ခွဲဝေချထားပေးပါတယ်။

ငွေလုံးငွေရင်းအသုံးစရိတ်၊ သာမန်အသုံးစရိတ်ကို ဘယ်လောက်သုံးစွဲနိုင်မလဲ ခွဲဝေချထားပေးပါတယ်။ အဲဒီအပေါ်မှာ အစိုးရဝန်ကြီးဌာနတွေက မိမိတို့ဌာနရဲ့ အသုံးစရိတ်တွေ အပေါ်မူတည်ပြီး ဘယ်လောက်ကိုတော့ ခွဲဝေသုံးစွဲမယ်ဆိုတာကို ရေးဆွဲပြီးစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ပြန်တင်ပြရပါတယ်။ အဲဒီလိုတင်ပြလာတဲ့ ဝန်ကြီးဌာနအဖွဲ့အစည်းတွေရဲ့ အသုံးစရိတ်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့မှာပဲ ကျွမ်းကျင်ပညာရှင်အဖွဲ့ နှစ်ဖွဲ့ ရှိပါတယ်။ တစ်ဖွဲ့က အဆောက်အအုံတွေရဲ့ စံချိန်စံညွှန်းနဲ့အညီ တောင်းခံတဲ့ အသုံးစရိတ်တွေသည် သင့်တင့် ညီမျှခြင်း ရှိ မရှိ၊ အဆောက်အအုံတွေရဲ့ ဒီဇိုင်းကအစ ဆောက်လုပ်ရေးငွေလုံးငွေရင်းကော်မတီက စိစစ်ပါတယ်။ ဆောက်လုပ်ရေးငွေလုံးငွေရင်းဆိုတဲ့ ကော်မတီရဲ့ ဥက္ကဋ္ဌက ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးဖြစ်ပါတယ်။

နောက်ပြီး စက်ပစ္စည်း၊ ယာဉ်တွေ၊ ယန္တရားတွေနဲ့ ရုံးသုံးစက်ပစ္စည်းကိရိယာတွေနဲ့ ပတ်သက်ရင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီဆိုပြီးရှိပါတယ်။ စက်ပစ္စည်းကြီးကြပ်မှုကော်မတီရဲ့ဥက္ကဋ္ဌသည် စက်မှုဝန်ကြီးဌာနရဲ့ပြည်ထောင်စုဝန်ကြီးဖြစ်ပါတယ်။ ဆောက်လုပ်ရေးနဲ့ ပတ်သက်တာကို ဆောက်လုပ်ရေးငွေလုံးငွေရင်းဆိုတဲ့ ကော်မတီကစိစစ်ပြီး စက်ပစ္စည်းနဲ့ ပတ်သက်တာကို စက်ပစ္စည်းကြီးကြပ်မှုကော်မတီက စိစစ်ပါတယ်။ ဒီခေါင်းစဉ်နှစ်ခုမှာ မပါတဲ့ အခြားအသုံးစရိတ်တွေ၊ နိုင်ငံပိုင်လုပ်ငန်းတွေ၊ စီမံကိန်းတွေအတွက် မြေယာလျော်ကြေးပေးရတဲ့ ကိစ္စရပ်တွေကို စီမံကိန်းရေးဆွဲရေး ဦးစီးဌာနက စိစစ်ပါတယ်။ ***စာမျက်နှာ ၁၁ သို့***

# နိုင်ငံတော်နှင့်ပြည်သူ့အကျိုးရှေးရှု လွှတ်တော်များ၏ဖော်ဆောင်မှု



*စာမျက်နှာ ၁၀ မှ*

သာမန်အသုံးစရိတ်တွေကို ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက စိစစ်ပါတယ်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ကျွမ်းကျင်ပညာရှင်အဖွဲ့ နှစ်ဖွဲ့ က စိစစ်ပြီးတဲ့ အသုံးစရိတ်တွေကို ဒုတိယသမ္မတနှစ်ဦးက ထပ်မံစိစစ်ဆေးပါတယ်။ ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်တဲ့အဖွဲ့သည် ပြည်ထောင်စုအဖွဲ့အစည်းတွေ၊ အစိုးရဝန်ကြီးဌာနတွေ အထူးသဖြင့် ပြည်ထောင်စုဘဏ္ဍာငွေနဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေကို စိစစ်ပါတယ်။ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်တဲ့အဖွဲ့ကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘတ်ဂျက်တွေကို စိစစ်ပါတယ်။ အဲဒီလို ဒုတိယသမ္မတနှစ်ဦး စိစစ်ပြီးတဲ့နောက် ဘဏ္ဍာရေးကော်မရှင်ကို တင်ပြရပါတယ်။ ဘဏ္ဍာရေးကော်မရှင်မှာ သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတနှစ်ဦး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေ ပါဝင်ပါတယ်။

တစ်နိုင်ငံလုံးရဲ့ အသုံးစရိတ်တွေကို အဲဒီ ဘဏ္ဍာရေးကော်မရှင်မှာ စိစစ်ပြီး ဘဏ္ဍာရေးကော်မရှင်ရဲ့ထောက်ခံချက်နဲ့အတူ ပြည်ထောင်စုလွှတ်တော်ကိုပေးပို့ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကို ဘတ်ဂျက်တွေ ရောက်လာတဲ့အခါ ပြည်ထောင်စုလွှတ်တော်မှာ ပထမဆုံးဘတ်ဂျက်စိစစ်ရေးပူးပေါင်းအဖွဲ့ဆိုပြီး အဖွဲ့ ၂၀ ဖွဲ့ထားပါတယ်။ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ တူညီပါဝင်တဲ့ အဖွဲ့တွေဖြစ်ပါတယ်။ ဝန်ကြီးဌာနအလိုက် စိစစ်တဲ့ စိစစ်ရေးပူးပေါင်းအဖွဲ့တွေက အသေးစိတ်စိစစ်ပြီး သူတို့ရဲ့အစီရင်ခံစာကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကို ပေးပို့ပါတယ်။ အလားတူ ဥပဒေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို ဥပဒေကြမ်း ပူးပေါင်းကော်မတီကို ပို့ပါတယ်။ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာနဲ့ ပတ်သက်တဲ့ ငွေကြေးဆိုင်ရာ သုံးသပ်ချက်တွေကို ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်ကို တင်ပြပါတယ်။ အလားတူ ဥပဒေနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို လေ့လာစိစစ်ပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်ကို တင်ပြပါတယ်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေက ဆွေးနွေးပြီး အတည်ပြုခြင်းဖြစ်ပါတယ်။

မေး။ ။ လက်ရှိဘတ်ဂျက်ရေးဆွဲနေတဲ့ ပုံစံတွေနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ လက်ရှိတစ်ကမ္ဘာလုံးမှာ ဘတ်ဂျက်ရေးဆွဲတဲ့ ပုံစံသုံးခု ရှိပါတယ်။ တစ်ခုက လိုငွေပြဘတ်ဂျက်ပါ။ ရငွေကနည်းပြီး သုံးငွေကများတဲ့ ဘတ်ဂျက်ဖြစ်ပါတယ်။ နောက်တစ်ခုက ဘက်ညီတဲ့ ဘတ်ဂျက်ပါ။ ရငွေ၊ သုံးငွေမျှတနေတဲ့ ဘတ်ဂျက်ပါ။ နောက်တစ်ခုက ပိုငွေပြတဲ့ ဘတ်ဂျက်ပါ။ ပိုငွေပြဘတ်ဂျက်သည် ရငွေကများပြီး သုံးငွေက နည်းပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်ရှိအနေအထားအရ အဓိကအားဖြင့် လိုငွေပြ ဘတ်ဂျက်ပါပဲ။ ဘတ်ဂျက်ရေးဆွဲရာမှာ ပြည်ထောင်စုမှာ ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွေနဲ့ ရေးဆွဲသလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရက ရေးဆွဲတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တွေက အတည်ပြုပြီး ဆောင်ရွက်တယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်ရှိဘတ်ဂျက်ရေးဆွဲမှုက တိုင်းဒေသကြီး၊ ပြည်နယ်ဘတ်ဂျက်တွေအတွက် ဘက်ညီဘတ်ဂျက်ပါ။ ရငွေနဲ့ သုံးငွေညီနေတဲ့ ဘတ်ဂျက်ပါ။ ဘာကြောင့် ညီနေသလဲဆိုတော့ သူတို့ရဲ့ လိုငွေတွေကို ပြည်ထောင်စုဘတ်ဂျက်က ဖြည့်ဆည်းပေးတဲ့အတွက် ဖြစ်ပါတယ်။ ပြည်ထောင်စုဘတ်ဂျက်ကတော့ လိုငွေပြ ဘတ်ဂျက်ပါ။



၂၀၁၉ ခုနှစ် ဇူလိုင် ၁၇ ရက်က ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပစဉ်။

ဘာကြောင့် လိုငွေပြဘတ်ဂျက် ရေးဆွဲရသလဲဆိုရင် ကျွန်တော်တို့နိုင်ငံက ဖွံ့ဖြိုးစနိုင်ငံပါ။ တကယ့်လက်တွေ့မှာတော့ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံများစာရင်းထဲမှာ ရှိနေတာပါ။ လမ်း၊တံတားတွေလည်း မလုံလောက်သေးဘူး။ လျှပ်စစ်ဆိုရင်လည်း တစ်နိုင်ငံလုံးရဲ့ ၄၀ ရာခိုင်နှုန်းလောက်ပဲ ပေးနိုင်သေးတယ်။ အလားတူ ပညာရေးအဆင့်အတန်းကလည်း ကမ္ဘာ့အဆင့်မီဖို့ အများကြီးလုပ်ရမယ်။ ကျန်းမာရေးဆိုရင်လည်း ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် နိုင်ငံတော်က ထောက်ပံ့မှုတွေ ပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဆေးရုံ၊ ဆေးခန်းတွေ ဖွင့်ရမယ်။ ကျောင်းဆရာ ဆရာမတွေခန့်ရမယ်။ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်နေရတဲ့ ကာလဖြစ်တဲ့အတွက် လိုငွေပြဘတ်ဂျက်နဲ့ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းပဲဖြစ်ပါတယ်။

**ဦးခင်မောင်သန်း၊ တောင်ငူမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော်ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအတွင်းရေးမှူး**

မေး။ ။ ပြည်သူ့ငွေစာရင်း ကော်မတီအနေနဲ့ ဝန်ကြီးဌာနတွေရဲ့ဘတ်ဂျက်တောင်းခံမှုအပေါ်မှာ ဆောင်ရွက်ရတဲ့အခြေအနေနဲ့ ကော်မတီရဲ့ သုံးသပ်ချက်ကို သိချင်ပါတယ်။

ဖြေ။ ။ ဘတ်ဂျက်လို့ ပြောလိုက်ရင်တော့ ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီမှာစပြီး အခြေတည်ကြပါတယ်။ လူတော်တော်များများနဲ့ ဝန်ကြီးဌာနတွေကတော့ ဘတ်ဂျက်တွေဖြတ်တယ်ဆိုရင် ပြည်သူ့ငွေစာရင်းကော်မတီက ဖြတ်တယ်လို့ပြောကြတယ်။ ဒါပေမယ့် တကယ်တမ်း ဘတ်ဂျက်တွေကို စိစစ်တယ်၊ ဖြတ်တောက်တယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်များက ဆောင်ရွက်ကြတာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့တွေက သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ဘတ်ဂျက်တွေကို စိစစ်ပြီး အတည်ပြုတယ်၊ ပြင်ဆင်တယ်၊ ဖြတ်တောက်တယ်၊ ငြင်းပယ်တယ် အစရှိသဖြင့် ဆောင်ရွက်ကြတာ ဖြစ်ပါတယ်။ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကတော့ ဒါတွေကို စုစည်းပြီး နိုင်ငံတော်ရဲ့ရည်မှန်းချက်တွေနဲ့ ကိုက်ညီအောင်၊ ချမှတ်ထားတဲ့ မူဘောင်အတွင်းက အချက်အလက်တွေ၊ အညွှန်းကိန်းတွေနဲ့ ကိုက်ညီအောင် ညှိနှိုင်းဆောင်ရွက်ပေးရတာဖြစ်ပါတယ်။ အဓိကကတော့ ဝန်ကြီးဌာနတွေရဲ့အသုံးစရိတ်တွေကို ပြည်ထောင်စုလွှတ်တော်မှာ စိစစ်ကြရတာဖြစ်ပါတယ်။ အဲဒီလို စိစစ်တဲ့အခါ အဓိက သူတို့ရဲ့စီမံကိန်းတွေက တကယ်ဒီနှစ်မှာ ပြီးစီးမလားဆိုတာရယ်၊ အရင်က ဘယ်လောက်ပြီးစီးတယ်၊ ဘယ်လောက်ကျန်တယ်၊ ဒါတွေကိုလည်း ညှိနှိုင်းဆွေးနွေးကြရပါတယ်။

ဒီမှာ ကြားဖြတ်တစ်ခုပြောရရင် ဘတ်ဂျက်ရေးဆွဲတဲ့အခါမှာ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ဦးဆောင်တဲ့ ဘဏ္ဍာရေးကော်မရှင်က ချမှတ်တဲ့မူဝါဒတွေနဲ့အညီ အစိုးရအဖွဲ့က ရေးဆွဲကြရတာဖြစ်ပါတယ်။ ဒီလိုပဲ ဘတ်ဂျက်ကို စိစစ်တဲ့အခါမှာလည်း ပြည်ထောင်စုလွှတ်တော်နာယကက ဦးဆောင်ပြီး လွှတ်တော်နဲ့ဆိုင်တဲ့ ဘဏ္ဍာရေးဆိုင်ရာမူဝါဒကို ချမှတ်ဆောင်ရွက်ကြရတာဖြစ်ပါတယ်။

ဒီနေရာမှာ အစိုးရဝန်ကြီးဌာနတွေက လုပ်ငန်းကို အကောင်အထည်ဖော်ရတဲ့ ဌာနတွေဖြစ်တဲ့အတွက် စီမံကိန်းလုပ်ငန်းတွေကို မြန်မြန်အကောင်အထည်ဖော်နိုင်တဲ့ ရည်ရွယ်ချက်တွေနဲ့ ရေးဆွဲကြတာဖြစ်ပြီးတော့ လွှတ်တော်ဘက်ကလည်း ပြည်သူ့အသံသည် လွှတ်တော်အသံဖြစ်ရမယ်ဆိုတဲ့ ဆောင်ပုဒ်နဲ့ ပြည်သူကြားထဲကို အမြဲရောက်နေတဲ့ ကိုယ်စားလှယ်တွေက ပြည်သူတွေအတွက် တကယ်လိုအပ်တဲ့ စီမံကိန်းတွေဖြစ်ရဲ့လားဆိုတဲ့ ရှုထောင့်ပိုင်းက ပြန်ကြည့်ပြီး ဒါတွေကို ညှိနှိုင်းဆောင်ရွက်ရတာဖြစ်ပါတယ်။ အဲဒီတော့ အစိုးရအဖွဲ့က ရေးဆွဲတဲ့ဘတ်ဂျက်ကို လွှတ်တော်က ပြည်သူတွေကိုယ်စား စိစစ်တဲ့အခါ အစိုးရ အကောင်အထည်ဖော်လိုတဲ့ စီမံကိန်းတွေနဲ့ ပြည်သူလိုအပ်ချက်အနီးစပ်ဆုံးရအောင်၊ မျှခြေကိုရောက်အောင် ညှိနှိုင်းဆောင်ရွက်ကြရတာဖြစ်ပါတယ်။

ဝန်ကြီးဌာနဘက်ကလည်း သူတို့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဘတ်ဂျက်ခွဲဝေမှုအရ အများဆုံးအသုံးပြုနိုင်တဲ့ ကိန်းဂဏန်း (Ceiling Figure) တွေ ချပေးလိုက်ပြီး အဲဒီအထဲမှာ လုပ်ရတာဖြစ်တဲ့အတွက် သူတို့မှာလည်း ညှိနှိုင်းရတာ အခက်အခဲရှိပါတယ်။ အဲဒီကတစ်ဆင့် ဦးစီးဌာနတွေကို ထပ်ခွဲတဲ့အခါ ဝန်ကြီးဌာနရဲ့ လိုအပ်ချက်နဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက တောင်းဆိုတဲ့ ဘတ်ဂျက်နဲ့ အနည်းငယ်ကွာဟမှုတွေ ရှိနိုင်ပါတယ်။ အဲဒီလိုဖြစ်လာတဲ့အခါ ပိုတယ်လို့ထင်တဲ့ ဘတ်ဂျက်တွေကို ဖြတ်တောက်လိုက်နိုင်သော်လည်း လွှတ်တော်ဘက်က လိုတယ်လို့ထင်တဲ့ ဘတ်ဂျက်တွေ ပြန်မထည့်ပေးနိုင်တာက ပြည်ထောင်စုလွှတ်တော်ရဲ့ဘတ်ဂျက်နဲ့ ပတ်သက်ပြီး မဆောင်ရွက်နိုင်သေးတဲ့ ကိစ္စတစ်ခုပါ။ ပိုတာကိုပဲ ကျွန်တော်တို့က ဖြတ်တောက်လို့ရတယ်။ လိုအပ်တယ်ထင်တဲ့နေရာမှာ လိုတာကို ပြန်ထည့်လို့မရဘူး။ ဒါကလွှတ်တော်ဆိုင်ရာ ဘတ်ဂျက်ရေးဆွဲခြင်းစနစ် (Parliamentary Budgeting System) ကို မသွားသေးတဲ့အတွက် ကြိုတင်ညှိနှိုင်းလို့ မရသေးတဲ့အပိုင်းဖြစ်ပါတယ်။ တကယ်လို့များ အစိုးရနဲ့ လွှတ်တော်သည် ဘဏ္ဍာရေးကော်မရှင်က အတည်မပြုခင်မှာ ဒီဘတ်ဂျက်တွေကို ကြိုတင်ညှိနှိုင်းခွင့်ရမယ်ဆိုရင် ဘယ်ကဏ္ဍကတော့ ပိုပြီးဆောင်ရွက်ပေးသင့်တယ်၊ အဲဒီလို ညှိနှိုင်းလို့ရမယ်ဆိုရင် လုပ်ငန်းတွေလည်း ပိုပြီး အောင်အောင်မြင်မြင်နဲ့ ပြီးစီးနိုင်မယ်လို့ မြင်ပါတယ်။

မေး။ ။ လာမယ့်နှစ် ဘတ်ဂျက်အတွက် ဆောင်ရွက်နေတာတွေကိုလည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ အခုဘတ်ဂျက်ရာသီ ရောက်နေပြီဖြစ်တဲ့အတွက် လာမယ့် ၂၀၁၉-၂၀၂၀ ပြည့်နှစ်ဘတ်ဂျက်မူကြမ်းက အခုလွှတ်တော်ကိုရောက်နေပါပြီ။ ပြည်သူ့ငွေစာရင်းကော်မတီကတော့ လွှတ်တော် မစခင်ကြိုရောက်ပြီး ကြိုတင်လေ့လာဆွေးနွေးညှိနှိုင်းနေပါပြီ။ အခုကြည့်ရတဲ့ အနေအထားအရ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်က ဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ဖို့၊ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်ဖို့ ရည်ရွယ်ပါတယ်။ ပထမတစ်ချက်ပြောချင်တာက ဒီနှစ်မှာ ဘတ်ဂျက်ကို နည်းနည်းပိုသုံးထားတယ်လို့ မြင်ရပါတယ်။ လိုငွေပြဘတ်ဂျက်အတိုင်းသွားတဲ့အခါ ကျွန်တော်တို့က GDP နဲ့ လိုငွေအချိုးသည် ၅ ရာခိုင်နှုန်းထက်မပိုရဆိုတဲ့ မူဘောင်ထဲက ညှိနှိုင်းရေးဆွဲပါတယ်။

ဒီနှစ်မှာတော့ ၅ ဒသမ ၉ ရာခိုင်နှုန်းလောက်ဖြစ်နေတဲ့အတွက် GDP နဲ့ လိုငွေပြ အချိုးသည် မစိစစ်ခင်ကတည်းက နည်းနည်းမြင့်တက်နေတာကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါသည် ဖွံ့ဖြိုးရေးအတွက် ငွေရင်းစိုက်ထုတ်ဖို့ ထည့်သွင်းရေးဆွဲထားတယ်လို့ အကြမ်းဖျင်း ကျွန်တော်တို့ မြင်ရပါတယ်။ ယခင်က နိုင်ငံတော်သမ္မတ၏ အရေးပေါ် ရန်ပုံငွေ ၁၀၀ ဘီလီယံကို ကျွန်တော်တို့ အစိုးရလက်ထက်မှာ ပြည်ထောင်စုအရေးပေါ် ရန်ပုံငွေအဖြစ် ပြောင်းလဲခေါ်ဝေါ် သုံးစွဲခဲ့ပြီး ဒီနှစ်မှာ ပြည်ထောင်စုက ၅၀ ဘီလီယံ၊ ကျန် ၅၀ ဘီလီယံကို ဝန်ကြီးဌာနတွေနဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေကို ခွဲခြားသုံးစွဲခွင့်ပြုပါတယ်။

နောက်ပြီး ဒီနှစ်မှာ အားရစရာကောင်းတာက နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းအသီးသီးတွေမှာ သီးခြားထားရှိတဲ့ OA (Other Account) တွေတွေ့ရှိရပါတယ်။ အဲဒီ OA အကောင့်ထဲက ငွေတွေကလည်း နိုင်ငံတော်ဘဏ္ဍာတွေပါပဲ။ အခုဒီနှစ်မှာ အဲဒီ OA အကောင့်တွေကို ဖျက်သိမ်းပြီး နိုင်ငံတော်ဘဏ္ဍာထဲကိုရောက်ဖို့ ဆောင်ရွက်တယ်ဆိုတဲ့အတွက် ကျွန်တော်တို့သည် ပိုပြီး ကျစ်လျစ်တဲ့ ဘဏ္ဍာငွေခွဲဝေမှုနဲ့ ထိန်းသိမ်းစောင့်ရှောက်နိုင်မှုတွေ ရရှိမယ်လို့လည်း မျှော်လင့်ပါတယ်။

မေး။ ။ အခု ပြည်သူတွေ စိတ်ဝင်စားမှုများနေတဲ့ ကာကွယ်ရေးဘတ်ဂျက်နဲ့ ပညာရေးဘတ်ဂျက်တောင်းခံမှုတွေနဲ့ ပတ်သက်ပြီး ဝေဖန်မှုတွေလည်း ရှိနေပါတယ်။ အဲဒီအပေါ် ဘာများ ပြောကြားချင်ပါသလဲ။

ဖြေ။ ။ များသောအားဖြင့် မေးကြတာက ကာကွယ်ရေးဘတ်ဂျက်၊ ပညာရေးဘတ်ဂျက်၊ ကျန်းမာရေး ဘတ်ဂျက် အစရှိသဖြင့် ဒါတွေကို လူထုစိတ်ဝင်စားပါတယ်။ အခု အစိုးရတက်လာပြီးတဲ့ နောက်ပိုင်းမှာလည်း များသောအားဖြင့် ပညာရေးနဲ့ ကျန်းမာရေးကို ဦးစားပေးပြီး ဆောင်ရွက်မယ်လို့ ပြောတဲ့အတွက် နိုင်ငံတကာကလည်း ဒါကို စိတ်ဝင်စားပါတယ်။

ဘတ်ဂျက်ခွဲဝေသုံးစွဲမှုကို ကြည့်တဲ့အခါမှာ ဘတ်ဂျက်အသုံးစရိတ် စုစုပေါင်းရဲ့ အချိုးဘယ်လောက်ကို ရယူသုံးစွဲထားသလဲဆိုတာကို နှိုင်းယှဉ်ကြလေ့ရှိပါတယ်။ ကာကွယ်ရေး အသုံးစရိတ်အနေနဲ့ ၂၀၁၇-၂၀၁၈ မှာ ၁၄ ဒသမ ၁၆ ရာခိုင်နှုန်းအထိ သုံးစွဲခဲ့ပြီး ၂၀၁၈-၂၀၁၉ မှာ ၁၃ ဒသမ ၁၉ ရာခိုင်နှုန်း၊ အခု ၂၀၁၉-၂၀၂၀မှာ ၁၀ ဒသမ ၈၃ ရာခိုင်နှုန်းထိ လျှော့ချသုံးစွဲလာသည်ကိုတွေ့ရှိရပါတယ်။ ရာခိုင်နှုန်းအားဖြင့် လျှော့နည်းတယ်ဆိုပေမယ့် အသုံးစရိတ် ပမာဏအနေနဲ့ နှိုင်းယှဉ်ရန် ယခင်နှစ်များထက် ပိုမိုသုံးစွဲထားတယ်ဆိုတာကို တွေ့ရပါတယ် ။ ၂၀၁၇-၂၀၁၈ မှာ ၂ ဒသမ ၉၁၅ ထရီလီယံ၊ ၂၀၁၈-၂၀၁၉ မှာ ၃ ဒသမ ၂၆၁ ထရီလီယံ လျာထားသုံးစွဲခဲ့ပါတယ်။ အခု၂၀၁၉-၂၀၂၀ မှာ ၃ ဒသမ ၃၈၅ ထရီလီယံ လျာထားတာကို တွေ့ရပါတယ်။ ယခင်နှစ်ထက် ၁၂၄ ဘီလီယံလောက် ပိုမိုလျာထားတယ်လို့ အကြမ်းဖျင်း ပြောလို့ရပါတယ်။

ပညာရေးအတွက် လျာထားမှုကိုကြည့်မယ်ဆိုရင်လည်း ၂၀၁၇-၂၀၁၈ မှာ ၈ ဒသမ ၅၃ ရာခိုင်နှုန်း၊ ၂၀၁၈-၂၀၁၉ မှာဆိုရင် ၈ ဒသမ ၈၀ ရာခိုင်နှုန်း၊ ၂၀၁၉-၂၀၂၀ မှာ ဆိုရင် ၈ ဒသမ ၃၉ ရာခိုင်နှုန်းဆိုတော့ ရာခိုင်နှုန်းအားဖြင့် ကြည့်မယ်ဆိုရင် နည်းနည်းလျှော့သွားတာကို တွေ့ရပါတယ်။ ဘတ်ဂျက်ပမာဏအနေနဲ့ကတော့ ၂၀၁၇-၂၀၁၈ မှာ ၁ ဒသမ ၇၅၆ ထရီလီယံ၊ ၂၀၁၈-၂၀၁၉ မှာ၂ ဒသမ ၁၇၅ ထရီလီယံနဲ့ ၂၀၁၉-၂၀၂၀ မှာ ၂ ဒသမ ၇၁၁ ထရီလီယံ သုံးစွဲရန် လျာထားတာကို တွေ့ရပါတယ်။ ယခင်နှစ်ကထက် ၅၃၆ ဘီလီယံ ပိုပြီးသုံးစွဲမှာဖြစ်ပါတယ်။ လျှော့နည်းရခြင်းကို သုံးသပ်ကြည့်ရင် ပညာရေးဘတ်ဂျက်ကို မနှစ်က နည်းနည်းပိုပြီး ချပေးခဲ့ပေမယ့် ဖွံ့ဖြိုးရေးဘတ်ဂျက်မှာ ကျောင်းတွေကို တည်ဆောက်တာ အချိန်မီ မပြီးစီးတာကို တွေ့ရှိရတယ်။

ကျွန်တော်တို့အနေနဲ့ ထပ်တိုးပြီး ချပေးချင်သော်လည်း အရင်က မပြီးတာတွေလည်း ရှိတဲ့အတွက် ဒီနှစ်မှာ ကျောင်းသစ်ဆောက်လုပ်ဖို့ ယခင်နှစ်တွေကထက်လျှော့ပြီး လျာထားရပါတယ်။ ဒီတည်ဆောက်ရေးလုပ်ငန်းတွေ ပိုပြီး မြန်မြန်ဆန်ဆန် တည်ဆောက်နိုင်မယ်ဆိုရင် ကျွန်တော်တို့ကလည်း ပညာရေးဘတ်ဂျက်ကို ထပ်တိုးပြီးတော့ ပိုမိုချပေးလာနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပညာရေးကို မြှင့်တဲ့အခါ အဓိကနေရာက အခြေခံအဆောက်အအုံတွေ၊ ဆရာ ဆရာမတွေ တော်တော်များများ လိုအပ်နေတာတွေရှိပါတယ်။ ဆရာ ဆရာမတွေသည် ဝန်ထမ်းရွေးချယ် ခန့်ထားမှုအပိုင်းကဖြစ်ပြီး အဆောက်အအုံတွေကတော့ ဘတ်ဂျက်တွေ ချပေးသော်လည်း ပြီးအောင် ဆောင်ရွက်နိုင်မှု အခြေအနေအပေါ်မူတည်ပြီး မပြီးတဲ့အတွက် ဘတ်ဂျက်ပြန်အပ်ရတာတွေ ရှိတဲ့အတွက် နည်းနည်း နှောင့်နှေးနေတယ်လို့ ကျွန်တော်တို့ ဒီလို သုံးသပ်ရပါတယ်။

ကျန်းမာရေးအတွက် လျာထားမှုကိုကြည့်လျှင် ၂၀၁၇-၂၀၁၈ မှာ ၅ ဒသမ ၂၂ ရာခိုင်နှုန်း၊ ၂၀၁၈-၂၀၁၉ မှာဆိုရင် ၄ ဒသမ ၅၈ ရာခိုင်နှုန်း၊ ၂၀၁၉-၂၀၂၀ မှာ ဆိုရင် ၃ ဒသမ ၆၆ ရာခိုင်နှုန်းသာ သုံးထားတာ တွေ့ရပါတယ်။ ဘတ်ဂျက်ပမာဏအနေနဲ့ ယခင်နှစ်က ၁ ဒသမ ၁၃၁ ထရီလီယံဖြစ်ပြီး ယခုနှစ်မှာ ၁ ဒသမ ၁၈၄ ထရီလီယံ လျာထားတာ တွေ့ရပါတယ်။ ရာခိုင်နှုန်းအားဖြင့် လျှော့ပေမယ့် ပမာဏအနေနဲ့ ၅၃ ဘီလီယံ ပိုပြီးလျာထားတာကို တွေ့ရပါတယ်။

မေး ။ ။ ဒီနှစ်မှာ အများဆုံးသုံးထားတဲ့ ဘတ်ဂျက်က ဘယ်ဌာနတွေက ဖြစ်တယ် ဆိုတာကိုလည်း ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ ၂၀၁၉-၂၀မှာ ထူးထူးခြားခြား အများဆုံးသုံးထားတာက လျှပ်စစ်ဝန်ကြီးဌာနပါ။ အားလုံးလည်း သိကြတဲ့အတိုင်းပါပဲ။ တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းဖို့ကိစ္စကို နိုင်ငံအတွက် မဖြစ်မနေ လုပ်ရမယ့်ကိစ္စဖြစ်တဲ့အတွက် ပိုပြီး ဒီနှစ်မှာ ၂၅ ဒသမ ၂၃ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲထားတာကို တွေ့ရပါတယ်။ ယခင်နှစ်တွေကဆိုရင် ၂၂ ဒသမ ၄ ရာခိုင်နှုန်း၊ ၂၀၁၇-၁၈မှာ ဆိုရင် ၂၂ ဒသမ ၃ ရာခိုင်နှုန်းလောက် သုံးစွဲထားတာက ဒီနှစ်မှာတော့ ၂၅ ဒသမ ၂၃ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲထားတာကို တွေ့ရပါတယ်။

*စာမျက်နှာ ၁၂ သို့*

*စာမျက်နှာ ၁၁ မှ*

ရငွေဘက်မှာလည်း လျှပ်စစ်နှင့်စွမ်းအင်ဌာနက အများဆုံးလျာထားတာကို တွေ့ရပါတယ်။ ပြည်ပချေးယူငွေနဲ့ အကူအညီရငွေအများဆုံးကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနဖြစ်ပြီး ဒုတိယအများဆုံးက လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန၊ တတိယအများဆုံးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဖြစ်ပါတယ်။

မေး။ ။ အစိုးရကောင်းတစ်ရပ် (Good Governance) ဖြစ်ဖို့အတွက် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေကို ခွဲဝေသုံးစွဲတဲ့နေရာမှာ ပွင့်လင်းမြင်သာမှု (Transparency) ရှိဖို့က အဓိကလိုအပ်တယ်လို့ ပြောကြတဲ့အတွက် ဘဏ္ဍာငွေ အလေအလွင့်မရှိအောင် ကော်မတီအနေနဲ့ စိစစ်ပေးရတဲ့ လုပ်ငန်းစဉ်ကိုလည်း သိချင်ပါတယ်။

ဖြေ။ ။ အလေအလွင့်မရှိအောင် ဆိုတာထက် ကျွန်တော်တို့ အဓိက တွန်းအားပေးဆောင်ရွက်နေတာက ချထားပေးလိုက်တဲ့ ဘတ်ဂျက်ကို ကုန်အောင်သုံးဖို့ ဖြစ်ပါတယ်။ ကုန်သွားရင်ပြီးရော ဆိုတာမျိုးလည်းမဟုတ်ဘဲ ရောက်ရှိရမယ့်နေရာ အကောင်အထည်ဖော်ရမယ့်ဟာကို သူ့အချိန်နဲ့သူ မှန်မှန်ကန်ကန်ဖြစ်စေချင်တယ်။ ဒါကို လွှတ်တော်ကရော ကျွန်တော်တို့ ကော်မတီကပါ တွန်းအားပေးပြီး အာရုံစိုက်လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က လိုငွေပြဘတ်ဂျက်နဲ့လည်း အကောင်အထည်ဖော်နေရတယ်။ ကိုယ့်မှာငွေရှိလို့မဟုတ်ဘူး။ ချေးငွေနဲ့ ကျွန်တော်တို့ အကောင်အထည်ဖော်နေတဲ့အခါ လုပ်ငန်းတစ်ခုခုကို လုပ်ဖို့အတွက် ဥပမာ- ကျောင်းတစ်ခုဆောက်လုပ်ဖို့အတွက် အစိုးရအဖွဲ့အနေနဲ့လည်း တော်တော့်ကို စဉ်းစားပြီးမှ လျာထားရတာဖြစ်သလို အဲဒီလိုပဲ လွှတ်တော်ကိုယ်စားလှယ်ရော၊ လွှတ်တော်ကပါ ပေးသင့်မပေးသင့်၊ ဆောက်သင့် မဆောက်သင့်ဆိုတာ အကြိတ်အနယ် ဆွေးနွေးပြီးမှ ဒါကိုလုပ်ကြမယ်လို့ အတည်ပြုပေးလိုက်တာ ဖြစ်ပါတယ်။

ဒီလိုလျာထားရတဲ့ ဘတ်ဂျက်အပေါ်မှာ သတ်မှတ်ထားတဲ့ သူ့အချိန်နဲ့အမီ ပြည့်ပြည့်ဝဝဆောင်ရွက်နိုင်ရင် ကျွန်တော်တို့ မှန်းထားတဲ့ တိုင်းပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုနှုန်း GDP ကိုလည်း မီမှာဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ တစ်ဝက်လောက်ပဲ ပြီးတယ်ဆိုရင် အဆောက်အအုံ ပြီးစီးမှု မတက်လာရင် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု GDP ဆိုတာလည်း ထင်သလောက်မတက်လာတော့ဘူး။ အဲဒီအတွက် အဓိကက ဒီနေရာမှာ သူ့အချိန်နဲ့သူ မှန်မှန်ကန်ကန်ဖြစ်သွားစေချင်ပါတယ်။ ဘတ်ဂျက် ကာလထက် ကျော်လွန်သုံးစွဲတာမျိုး၊ မသုံးဖြစ်လို့ ပြန်အပ်လိုက်ရတာမျိုးတွေ မဖြစ်စေချင်ပါဘူး။ အစကတည်းက မပြီးနိုင်ဘူးဆိုရင် ဒီလျာထားငွေကို ဒီနှစ်အတွင်းမှာ ပြီးနိုင်မယ့် အခြားအလုပ် တစ်ခုခုကို လုပ်လိုက်မယ်ဆိုရင် တိုင်းပြည်အတွက် ပိုထိရောက်နိုင်ပါတယ်။

အဓိကက လျာထားတဲ့ ဘတ်ဂျက်အပေါ်မှာ ပြည့်ပြည့်ဝဝနဲ့ မှန်မှန်ကန်ကန် သူ့အချိန်အတွင်းမှာပြီးစီးဖို့ ကျွန်တော်တို့ ဝိုင်းဝန်းဆောင်ရွက်နေပါတယ်။ အဲဒီလို ပြီးစီးသွားပြီးတဲ့နောက်ပိုင်းမှာ ဒီဟာသည် တကယ်အကျိုးရှိမရှိ၊ သတ်မှတ်အရည်အသွေးရှိ မရှိကို စာရင်းစစ်တွေစစ်ပါတယ်။ စာရင်းစစ်ချုပ်အစီရင်ခံစာမှာလည်း တွေ့ရတယ်။ ဒီကြားထဲ စာရင်းစစ်ချုပ်အစီရင်ခံစာ မတက်လာခင်မှာလည်း စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာနတို့လို ရရှိလာတဲ့သတင်းအချက်အလက်ပေါ် မူတည်ပြီး မပြီးစီးသေးတဲ့ အခြေအနေနဲ့ အချို့အရည်အသွေးမမီတဲ့ အခြေအနေတွေကိုလည်း ကြားဖြတ်ခေါ်ယူတွေ့ဆုံတာတို့၊ ကြားဖြတ်အစီရင်ခံစာတင်သွင်းခြင်း စတဲ့ကိစ္စတွေကိုလည်း ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

မေး။ ။ ဘတ်ဂျက်အကောင်အထည်ဖော်မှုအပေါ် စိစစ်စစ်ဆေးခြင်း၊ ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်မှုအခြေအနေကို သိချင်ပါတယ်။

ဖြေ။ ။ ဝန်ကြီးဌာနတွေရဲ့ဘတ်ဂျက်သုံးစွဲမှုကို ခြောက်လတစ်ကြိမ် ပေးပို့လာတဲ့ အခွန်ကောက်ခံရရှိမှု၊ သုံးငွေအကောင်အထည်ဖော်မှု၊ စီမံကိန်းအကောင်အထည်ဖော်မှု အစီရင်ခံစာတွေအပေါ် ဆွေးနွေးသုံးသပ်ပြီး ပြည်ထောင်စုလွှတ်တော်ကို အစီရင်ခံတင်ပြနေတာရှိပါတယ်။ ငွေစာရင်းကော်မတီရဲ့ အဓိကတာဝန်တစ်ခုကလည်း ပြည်ထောင်စုစာရင်းစစ်ချုပ်နဲ့ ပူးပေါင်းပြီး နိုင်ငံတော်က ချပေးလိုက်တဲ့ ဘတ်ဂျက်တွေအပေါ်မှာ အမှန်တကယ်ထိထိရောက်ရောက် သုံးစွဲသလား အလေအလွင့်ရှိသလားဆိုတာကို ပြည်ထောင်စုစာရင်းစစ်ချုပ်က စိစစ်ပါတယ်။ ဒီလိုစိစစ်ပြီး ပြည်ထောင်စုလွှတ်တော်ကို တင်ပြလာတဲ့ စာရင်းစစ်ချုပ်ရဲ့ တွေ့ရှိချက်တွေကို ကျွန်တော်တို့ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းပြီး အများပြည်သူသိရှိအောင် အစီရင်ခံစာတင်သွင်းဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါသည် ပြည်သူ့ငွေစာရင်းကော်မတီတွေရဲ့ အဓိကအကျဆုံး လုပ်ငန်းတာဝန်ဖြစ်ပါတယ်။

အခုဆိုရင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ဝန်ကြီးဌာနတွေက ငွေတွေကိုသုံးတာ စနစ်ကျရဲ့လား စိစစ်တဲ့အပြင် တကယ်ထိရောက်လားဆိုတဲ့ အကောင်အထည်ဖော်မှုအပိုင်းကိုပါ စစ်ဆေးတဲ့ performance audit ကိုပါ ဆောင်ရွက်လာတာဖြစ်ပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ တာဝန်ယူဆောင်ရွက်နေတဲ့ ကာလအတွင်းမှာ ဥပဒေတွေပြုပြင်ပြောင်းလဲမှုဆောင်ရွက်ပြီးတဲ့နောက် တိုးတက်ပြောင်းလဲလာတဲ့ အခြေအနေလို့လည်း ပြောလို့ရပါတယ်။ စာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာထဲမှာပါတဲ့ အချက်အလက်တွေထဲက ဒီအချက်အလက်တွေကတော့ ဘာကြောင့် နှောင့်နှေးကြန့်ကြာနေရသလဲ၊ ဘာလို့အကောင်အထည်မဖော်နိုင်ရသလဲ ဆိုတဲ့ အားသာချက်၊ အားနည်းချက်တွေကို ညှိနှိုင်းပြီးတော့ လွှတ်တော်ကို တင်ပြတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက ဆွေးနွေးတယ်။ နောက်ပြီး မီဒီယာကတစ်ဆင့် ပြည်သူကို အသိပေးပါတယ်။ ပြည်သူတွေဆီက ကောက်ခံထားတဲ့ပြည်သူ့ဘဏ္ဍာငွေကြေးတွေ ဘယ်လောက်ရရှိပြီး ဘယ်လိုနေရာတွေမှာ သုံးစွဲသလဲ၊ ဘယ်လိုအကျိုးရှိအောင် သုံးစွဲသလဲဆိုတာ အများပြည်သူသိရှိအောင် ပြန်လည်ချပြဖို့နဲ့ ပြည်သူတွေပွင့်လင်းမြင်သာမှုရှိအောင် ပြန်လည်ရှင်းပြဖို့က ကျွန်တော်တို့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အဓိက တာဝန်လည်း ဖြစ်ပါတယ်။

အခုလည်းတစ်ဖက်က ကျွန်တော်တို့အစိုးရလက်ထက်မှာ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုရှိရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အများပြည်သူသိရှိနိုင်ဖို့ Citizen Budget ထုတ်ဝေတာကိုလည်း ကျွန်တော်တို့ လွှတ်တော်သက်တမ်းကာလမှာ စတင်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အများပြည်သူတွေက နိုင်ငံတော်ရဲ့ဘတ်ဂျက်တွေကို ဘယ်နေရာမှာ ဘယ်လိုသုံးစွဲထားတယ်ဆိုတဲ့ အခြေအနေတွေကို ပြည်သူတွေ လွယ်လွယ်ကူကူသိရှိစေဖို့ ပုံပြဂရပ်တွေနဲ့ ရှင်းလင်းလွယ်ကူတဲ့ စကားလုံးတွေနဲ့ အများပြည်သူနားလည်လွယ်ဖို့ Citizen ဘတ်ဂျက်ကို ထုတ်ဝေထားတာဖြစ်ပါတယ်။ ပြည်သူတွေကလည်း လေ့လာပြီး ဘယ်နေရာကတော့ ပိုသုံးသင့်တယ်၊ ဘယ်နေရာက လျှော့သင့်တယ်ဆိုတဲ့ ပြည်သူတွေရဲ့အသံကလွှတ်တော်ကိုယ်စားလှယ် တွေထံ ပြန်ရောက်ပြီး လွှတ်တော်က အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်မယ်ဆိုရင် အများပြည်သူက ပါဝင်ရေးဆွဲတဲ့ ဘတ်ဂျက်တွေ ဖြစ်လာမှာဖြစ်ပါတယ်။

ဒါမှသာ ပြည်သူတွေရဲ့ လိုအပ်ချက်နဲ့ နိုင်ငံတော်က တည်ဆောက်ပေးမှုသည် သိပ်ပြီးမကွာဟတော့တဲ့အတွက် ပိုမိုလျင်မြန်စွာ တိုးတက်လာမယ်လို့ ကျွန်တော်တို့ယူဆပါတယ်။ ယုံကြည်ပါတယ်။ ဒါကြောင့် အများပြည်သူတွေအနေနဲ့ကလည်း Citizenဘတ်ဂျက်ကို လေ့လာပြီး ဝေဖန်အကြံပြုကြဖို့ လိုလားပါတယ်။ အကြံပြုပေးဖို့အတွက်လည်း ဖိတ်ခေါ်ချင်ပါတယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့တိုင်းပြည်အတွက်လည်း အလားအလာကောင်းတွေ ပိုမိုတိုးတက်လာမှာဖြစ်ပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့လည်း Citizen ဘတ်ဂျက်တွေကို တစ်နှစ်ထက် တစ်နှစ် ပိုပြီးရှင်းလင်းလွယ်ကူအောင် ပြင်ဆင်လာတာတွေ တွေ့ရပါတယ်။ လွှတ်တော်ထဲမှာလည်း ဝန်ကြီးက Citizen ဘတ်ဂျက်ကို ဒီထက်ပိုပြီး ရှင်းလင်းထိရောက်အောင် ထုတ်မယ်လို့လည်း ပြောသွားပါတယ်။

မေး။ ။ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောပြပေးပါ။

ဖြေ။ ။ အဓိက ဘတ်ဂျက်ရေးဆွဲတာပဲဖြစ်ဖြစ်၊ အသုံးပြုတာပဲဖြစ်ဖြစ် ကျွန်တော်တို့အားလုံးဝိုင်းဝန်းပြီး ပြည်သူတွေနဲ့အတူ လုပ်ဆောင်ကြရမှာပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံကို တည်ဆောက်ဖို့ကလည်း ပြည်သူတွေ ပါဝင်တည်ဆောက်ကြရမှာပဲဖြစ်ပါတယ်။ အဲဒီတော့ ဘတ်ဂျက်ရေးဆွဲတဲ့အခါမှာလည်း လွှတ်တော်ကိုယ်စားလှယ်တွေ အောက်ခြေမှာ ညှိနှိုင်းပြီး အောက်ခြေက စတင်ရေးဆွဲတဲ့စနစ် (Bottom to up) အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူတွေက ပါဝင်ကြဖို့၊ တကယ်လိုအပ်နေတဲ့ နေရာတွေရဖို့ ဘယ်နေရာကတော့ ပိုပြီးဖြစ်သင့်တယ်ဆိုတာမျိုးတွေ ဝိုင်းဝန်း ဆွေးနွေးကြမယ်ဆိုရင် ပိုပြီးတိကျတဲ့၊ တကယ့်လိုအပ်ချက်နဲ့ကိုက်ညီတဲ့ ဘတ်ဂျက်တွေရေးဆွဲလာနိုင်မယ်ဆိုရင် ကျွန်တော်တို့ စိစစ်ရတဲ့အပိုင်းတွေမှာလည်း ကွာဟမှုတွေ သိပ်မရှိတော့ပါဘူး။

ပြီးတော့ တည်ဆောက်ရေးလုပ်ငန်းတွေမှာလည်း ပြည်သူတွေက ဝိုင်းဝန်းကြီးကြပ်ကြဖို့၊ ကိုယ့်ဒေသ၊ ကိုယ့်ရပ်ရွာမှာ ဆောင်ရွက်နေတဲ့ ကိစ္စတစ်ခုအပေါ်မှာ ဝိုင်းဝန်း ကူညီကြီးကြပ်ကြမယ်ဆိုရင် ပိုပြီးအရည်အသွေးပြည့်မီတဲ့ လုပ်ငန်းတွေဖြစ်လာမှာဖြစ်တဲ့အပြင် ဘတ်ဂျက်ရဲ့ လေလွင့်မှုတွေလည်း နည်းပါးသွားမှာဖြစ်ပါတယ်။ ပြည်သူကိုပဲ ကျွန်တော်တို့ အားကိုးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ပြည်သူကြားထဲမှာရှိနေတဲ့အတွက် ပြည်သူနဲ့အတူတူ ဆောင်ရွက်နေပါတယ်။ ဘတ်ဂျက်စိစစ်တယ်ဆိုတာကလည်း ပြည်သူ့ဘဏ္ဍာငွေကို မလိုတဲ့နေရာတွေမှာ လွဲမှားအသုံးမချမိစေဖို့နဲ့ အမှန်တကယ်လိုအပ်တဲ့နေရာတွေမှာ ခွဲဝေသုံးစွဲနိုင်ဖို့ ပြည်သူတွေရဲ့အသံကို နားထောင်ပြီး ပြည်သူများရဲ့ ကိုယ်စားစိစစ်ခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေရဲ့ စာရင်းတွေ ပြန်စစ်တယ်ဆိုတာကလည်း ပြည်သူတွေရဲ့ ဘတ်ဂျက် အလဟဿမဖြစ်ရေး၊ ထိရောက်တဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ် ရောက်ရှိရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ။



## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ စာအုပ်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်လှစ်

**ပင်းတယ ဇူလိုင် ၃၀**

ရှမ်းပြည်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်သူများအဖွဲ့မှ ပူးပေါင်းကျင်းပသည့် ကလေးစာပေပြပွဲ၊ စာအုပ်ဈေးရောင်းပွဲတော်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှေ့ စာအုပ်စာပေပြခန်းနေရာ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဈေးရောင်းပွဲတော်ဆိုင်းဘုတ်ကို ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်(ဗဟို) ဒုတိယဥက္ကဋ္ဌ ဦးနေမျိုးကျော်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဆွေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မာစီ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး (ဝဲပုံ) စာအုပ်ဈေးရောင်းပွဲတော်တွင် ရောင်းချနေသည့် စာအုပ်များကို လိုက်လံကြည့်ရှုကြသည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသားကျောင်းသူများအား အရုပ်ဆက်ပြိုင်ပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပကာ ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဈေးရောင်းပွဲတော်ကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

## ဘက်စုံနည်းပညာသုံးစံပြကျေးရွာ မိုးသီးနှံစိုက်ခင်းများသို့ ကွင်းဆင်း

**နတ်မောက် ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် အင်းကုန်းကျေးရွာရှိ ဘက်စုံနည်းပညာသုံးစံပြကျေးရွာ မိုးသီးနှံစိုက်ခင်းများသို့ ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းရာတွင် ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ငြိမ်းငြိမ်းစန်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်သီတာဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကြည်မြင့်နှင့်ဝန်ထမ်းများက မိုးသီးနှံစိုက်ခင်းများဖြစ်သည့် နှမ်းစပါး၊ နှမ်း၊ နေကြာ စံပြစိုက်ခင်းများအား မျိုးကောင်းမျိုးသန့်မျိုးစေ့လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် တံခွန်တိုင်ကျေးရွာ တောင်သူဒေါ်ဝင်းခိုင်၏ မိုးရေစုနည်းပညာဖြင့် သုတေသနစမ်းသပ်ကွက် နှမ်းအဖြူစိုက်ခင်းကို လက်တွေ့ကွင်းဆင်းသရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သင်းသင်းဝေ(ပြန်/ဆက်)**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၁၅) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ (၁၆)၊ အမှတ် (၁၅) ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် "အရောင်အသွေးစုံလင် ဂန္ဓမာစိုက်ပျိုးမည်ဆိုလျှင်၊ စပါးပိုမိုထုတ်လုပ်ရန် ရေသောက်ရေိယာများ အရေးပါမှု၊ နှမ်းရိုးကို မီးမရှို့ပါနဲ့ အကျိုး ရှိရှိသုံးပါ၊ တစ်နိုင်ဘဲငန်းမွေးမြူရေးနှင့် အကျိုးအမြတ်ရရှိနိုင်မှု၊ သားသားမီးမီးကျန်းမာရေး မေမေ့နို့ချို တိုက်ကျွေးပေး၊ ဆရာကြီးလယ်တွင်းသားစောချစ်၏ ဒုတိယအရွယ် အခန်းဆက်ဝတ္ထုရှည်" အပါအဝင် အထူးဆောင်းပါး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သုတ/ ရသ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ကာတွန်း၊ ကျေးလက် ဟာသများ၊ အနုပညာ၊ အားကစား၊ နိုင်ငံတကာသတင်း၊ မှုခင်းသတင်းများနှင့် မိုးလေဝသသတင်းများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**



# ဖားကန့်၌ မိုးသည်းထန်စွာရွာသွန်း၍ ရေမျှောချောင်းများတိုက်စားမှုကြောင့် နေအိမ် အလုံး ၂၀ မြေစာများနှင့်အတူ မျောပါပျက်စီးပြီး ရေမဆေးကျောက်ရှာဖွေသူတစ်ဦး ရေစီးနှင့်အတူမျောပါပျောက်ဆုံး

**ဖားကန့် ဇူလိုင် ၃၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာ ရပ်ကွက်(၃)အတွင်းရှိ လူနေအိမ်အလုံး ၂၀ သည် ယနေ့နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းရာမှ အထက်စဖွေ ရေမျှောချောင်း တိုက်စားမှုကြောင့် **(အောက်ပုံ)** မွန်းတည့် ၁၂ နာရီကျော်တွင် မြေစာများနှင့်အတူ မျောပါပျက်စီးခဲ့ပြီး ရေမဆေးကျောက် ရှာဖွေသူတစ်ဦး ရေစီးနှင့်အတူ မျောပါပျောက်ဆုံးကြောင်း သိရသည်။



ရေမျှောချောင်းတိုက်စားမှုကြောင့် နေအိမ်ပျက်စီးဆုံးရှုံးခဲ့ရသည့် အိမ်ထောင်စု ၂၀ မှ ရေဘေးသင့်ပြည်သူ အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၄၅ ဦးတို့ကို ကရင်ချောင်ကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံတွင် ယာယီပြောင်းရွှေ့နေရာချထားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင် ဦးဆောင်သည့် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တို့မှ သုံးရက်စာ ဆန်၊ ရေ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် ဆေးဝါးများ ကူညီထောက်ပံ့ပေးထားကြောင်း သိရသည်။

ယနေ့နံနက် ၇ နာရီခွဲခန့်တွင်လည်း ဆိပ်မူကျေးရွာအုပ်စု ဖားပြင်ကျေးရွာအနီး ရတနာရွှေရည်ဝင်း ကုမ္ပဏီ လုပ်ကွက်ဟောင်း ရေမျှောချောင်းအတွင်း (ဒေသအခေါ် သံလွင်ရော မျှောချောင်း) ရေမဆေးကျောက်ရှာဖွေနေချိန် ဦးသန်းဇော်(ခ) ပုကြွယ်၊ ဖားပြင်ကျေးရွာ ရပ်ကွက်(၃)တွင်နေထိုင်သူသည် ရေစီးနှင့်အတူမျောပါပျောက်ဆုံးခဲ့သည်။

ရေမျှောချောင်းအတွင်း မျောပါပျောက်ဆုံးနေသည့် ဦးသန်းဇော်(ခ) ပုကြွယ်ကို သုခဒါယီလူမှုကူညီရေးအသင်းမှ ရှာဖွေရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် သံလွင်ရော ရေမျှောချောင်း တိုက်စားမှုကြောင့် မမုံကျေးရွာနှင့် စွတ်အောင်ကျေးရွာသွား မြေသားလမ်း၊ အထက်မက်လင်ချောင်ကျေးရွာနှင့် ရှမ်းစုကျေးရွာသွား မြေသားလမ်းများ ပျက်စီးခဲ့ရပြီး ဥရုချောင်းအတွင်းစီးဝင်သည့် ရှရော်ခချောင်းလက်တက်ရေတိုက်စားမှုကြောင့် ဖားပြင်ကျေးရွာနှင့် ဆန်းကြွယ်ကျေးရွာသွား ကွန်ကရစ်တံတား မြေထိန်းပေါင်များ ပျက်စီးခဲ့ကြောင်း သိရသည်။

**တာလင်းမောင်(မြန်/ဆက်)**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၀**

မူးယစ်တပ်ဖွဲ့စု(၅) ကလေးမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းက ကလေးမြို့နယ် ကံလှကျေးရွာအနီး တမူး-ကလေးကားလမ်းတွင် စထေးဗင်းနှင့် လန်ပက်ထွန်း (ခ) လားပက်လောတို့မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို ရပ်တန့်ရှာဖွေရာ ငွေကျပ်သိန်း ၂၄၂၀ တန်ဖိုးရှိ ဘိန်းဖြူ ၂ ဒသမ ၄၂ ကီလို၊ ဆိုင်ကယ်နှစ်စီး၊ ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇူလိုင် ၂၈ ရက် နံနက် ၁၁ နာရီက ပုလောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုလောမြို့နယ် တောင်ယာကမ်းကျေးရွာအုပ်စု တောင်ယာကမ်းကျေးရွာနေ ဖိုးတေ(ခ) တေဇာအောင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ အိုက်စ် ၅ ဂရမ်နှင့် ငွေကျပ် ၄၀၀၀၀၀ တို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက်ပိုင်းက ကံပေါက်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဖြူမြို့နယ် နတ်ကြီးစင်ကျေးရွာအုပ်စု နတ်ကြီးစင်ကျေးရွာ ကူးတို့ဆိပ်တွင် ကောက်ချမ်း၊ ချမ်းသလနှင့် မောင်ဝင်းတို့ သုံးဦးကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၅ ပြားနှင့် အိုက်စ် ၉ ဂရမ်ကို လည်းကောင်း။

အလားတူ ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၃၆)ပဲခူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု မြို့ချောင်းကျေးရွာနေ ရာဇာမြင့်ကိုကိုနှင့် ဒေါ်နှင်းနှင်းမာတို့ ငှားရမ်းနေထိုင်သည့်နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆၅ ပြား၊ ငွေကျပ် ၅၀၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ယင်းနေ့ မွန်းလွဲပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့စု(၉၂)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ကျောက်ဆည်မြို့ လက်ပြမီးပွိုင့်အနီးတွင် အောင်သက်စိန်နှင့် ရွှေလုံတို့ မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၂၅ ဒသမ ၉ ကီလိုနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ဇူလိုင် ၂၉ ရက် ညနေ ၄ နာရီက မောင်တောခရိုင်ရဲတပ်ဖွဲ့နှင့် မူးယစ်တပ်ဖွဲ့စု(၄၆)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် မောင်တောမြို့နယ် မြို့မကညင်တန်းကျေးရွာအုပ်စု မောင်နီကျေးရွာနေ အီမာန်ဟူဆိန်း၏ နေအိမ်ကိုရှာဖွေရာ ၎င်းကိုမတွေ့ရှိဘဲ သားဖြစ်သူ အူမောရ်ဖာရုပ်ကိုတွေ့ရှိပြီး နေအိမ်မှ ငွေကျပ် ၃၃၁၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅၇၇၅၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ မွန်းလွဲ ၂ နာရီခွဲက တပ်မတော်နှင့် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာအုပ်စု ဝမ်ဖကျေးရွာ တံတားတွင် ဂျော့လေမောင်းနှင်ပြီး မနာလောဘိုလိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၈၀၀ နှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ဥပဒေအရ အရေးယူထား**

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၂၇) လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရှူးမြို့ လွိုင်ဆောင်ထောက်ရပ်ကွက်နေ ဒေါ်နန်းအေးကြူ(ခ) အားကြူ၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၁၅၁ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၄၀၊ မြန်မာငွေကျပ် ၁၁၀၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ ၂၉၀၀ ကျော်ရှိ

**နေပြည်တော် ဇူလိုင် ၃၀**

တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးတို့တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ စုစုပေါင်း ယာဉ်တိုက်မှု ၈၇၂၈ မှုဖြစ်ပွားကာ ဒဏ်ရာရရှိသူ ၁၃၇၀၂ ဦးနှင့် သေဆုံးသူ ၂၉၃၅ ဦးရှိခဲ့သဖြင့် ၂၀၁၈ ခုနှစ်နှင့် ကာလတူ နှိုင်းယှဉ်ချက်အရ သေဆုံးသူ ၉၀ ပိုများနေကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဇွန်လကုန်အထိ နေပြည်တော်တွင် ယာဉ်တိုက်မှု ၁၆၈ မှု ဒဏ်ရာရရှိသူ ၂၉၁ ဦး၊ သေဆုံးသူ ၁၁၄ ဦး၊ ကချင်ပြည်နယ်တွင် ယာဉ်တိုက်မှု ၂၃၇ မှု ဒဏ်ရာရရှိသူ ၂၈၂ ဦး၊ သေဆုံးသူ ၁၁၄ ဦး၊ ကယားပြည်နယ်တွင် ယာဉ်တိုက်မှု ၄၉ မှု ဒဏ်ရာရရှိသူ ၆၅ ဦး၊ သေဆုံးသူ ၃၀၊ ကရင်ပြည်နယ်တွင် ယာဉ်တိုက်မှု ၂၂၃ မှု ဒဏ်ရာရရှိသူ ၃၈၆ ဦး၊ သေဆုံးသူ ၈၈ ဦး၊ ချင်းပြည်နယ်တွင် ယာဉ်တိုက်မှု ၅၅ မှု ဒဏ်ရာရရှိသူ ၅၅ ဦး၊ သေဆုံးသူ ၃၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၇၆၈ မှု ဒဏ်ရာရရှိသူ ၁၃၇၉ ဦး၊ သေဆုံးသူ ၂၅၀၊ တနင်္သာရီတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၃၂၆ မှု ဒဏ်ရာရရှိသူ ၅၁၅ ဦး၊ သေဆုံးသူ ၁၁၄ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၁၃၄၁ မှု ဒဏ်ရာရရှိသူ ၂၂၅၉ ဦး၊ သေဆုံးသူ ၃၅၇ ဦး၊ မကွေးတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၇၅၂ မှု ဒဏ်ရာရရှိသူ ၁၃၅၃ ဦး၊ သေဆုံးသူ ၂၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၁၀၁၂ မှု ဒဏ်ရာရရှိသူ ၁၄၁၇ ဦး၊ သေဆုံးသူ ၃၁၇ ဦး၊ မွန်ပြည်နယ်တွင် ယာဉ်တိုက်မှု ၄၆၅ မှု ဒဏ်ရာရရှိသူ ၇၄၄ ဦး၊ သေဆုံးသူ ၁၆၆ ဦး၊ ရခိုင်ပြည်နယ်တွင် ယာဉ်တိုက်မှု ၁၉၃ မှု ဒဏ်ရာရရှိသူ ၂၉၇ ဦး၊ သေဆုံးသူ ၈၀၊ ရန်ကုန်တိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၁၂၄၈ မှု ဒဏ်ရာရရှိသူ ၁၄၄၁ ဦး၊ သေဆုံးသူ ၃၈၈ ဦး၊ ရှမ်းပြည်နယ်တွင် ယာဉ်တိုက်မှု ၆၅၄ မှု ဒဏ်ရာရရှိသူ ၉၆၈ ဦး၊ သေဆုံးသူ ၃၅၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ယာဉ်တိုက်မှု ၉၅၂ မှု ဒဏ်ရာရရှိသူ ၁၇၂၅ ဦး၊ သေဆုံးသူ ၂၅၂ ဦး၊ ရထားရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်တွင် ယာဉ်တိုက်မှုနှစ်မှု၊ ဒဏ်ရာရရှိသူ သုံးဦး၊ ရန်ကုန် - မန္တလေး အမြန်လမ်းတွင် ယာဉ်တိုက်မှု ၂၇၁ မှု ဒဏ်ရာရရှိသူ ၅၁၁ ဦး၊ သေဆုံးသူ ၅၅ ဦး၊ နယ်ခြားစောင့်ကွပ်ကဲမှုအောက်တွင် ယာဉ်တိုက်မှု ၁၂ မှု ဒဏ်ရာရရှိသူ ၁၁ ဦးနှင့် သေဆုံးသူ သုံးဦးရှိခဲ့သည့်အတွက် စုစုပေါင်း ယာဉ်တိုက်မှု ၈၇၂၈ မှုမှ ဒဏ်ရာရရှိသူ ၁၃၇၀၂ ဦး၊ သေဆုံးသူ ၂၉၃၅ ဦး ရှိခဲ့ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဇင်ဦး(မြန်မာ့အလင်း)**

# ခြံဝင်းပိုင်ရှင်ထံလွှဲပြောင်းပေးရန်လုပ်ဆောင်ရာမှ တားဆီးသူကို ဝတ္တရားနှောင့်ယှက်မှုဖြင့် အမှုဖွင့်

**တာချီလိတ် ဇူလိုင် ၃၀**

တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် မြန်မာရွာ၌ ပေ (၃၅၀ × ၃၉၀) ရှိ မြေကွက်ကို ပိုင်ရှင်ဖြစ်သူထံ လွှဲပြောင်းပေးအပ်ရာတွင် ဇူလိုင် ၂၉ ရက်က ခြံစောင့်ဖြစ်သူက အဝင်မခံဘဲ တားဆီးနှောင့်ယှက် ခြိမ်းခြောက်သဖြင့် ဝတ္တရားနှောင့်ယှက်မှုဖြင့် မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါခြံဝင်းကို ၁၉၉၆ ခုနှစ်တွင် ဒေါ်ခမ်းကျင်က ဝယ်ယူခဲ့ခြင်းဖြစ်ကာ ခြံစောင့်ဖြစ်သူက နေထိုင်ခွင့်ပေးရန် အကူအညီတောင်းခံလာသဖြင့် နေထိုင်ခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ်တွင် ခြံစောင့်သူက ပုံစံ (၁၀၅) လျှောက်ထားခဲ့သည်ကို သိရှိရသဖြင့် အမှုဖွင့်လှစ်ရင်ဆိုင်ကြရာ ၂၀၁၈ ခုနှစ်တွင် တရားလွှတ်တော်ရုံးက ခြံစောင့်ဖြစ်သူကိုခေါ်ယူပြီး ၎င်းအနေဖြင့် အမှုကိုရှုံးနိမ့်ကြောင်း အကြောင်းကြားသတိပေးခဲ့သည့်အပြင် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်းတွင်လည်း ထပ်မံ၍ ရုံးသို့ခေါ်ယူအကြောင်းကြားသတိပေးခဲ့ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တွင် တရားလွှတ်တော်ရုံးမှ အတည်ပြုချက် လုပ်ငန်းဆောင်ရွက်ရန် သွားရောက်ခဲ့ရာတွင် ခြံဝင်းအတွင်း အဝင်မခံဘဲ တားဆီးနှောင့်ယှက်ခြင်း၊ တုတ်ကိုင်ဆောင်ကာ ခြိမ်းခြောက်ပြောဆိုခြင်းများ ပြုလုပ်လာခဲ့သဖြင့် ဇူလိုင် ၂၉ ရက် ညနေပိုင်းတွင် ဥပဒေအရ ပိုင်ရှင်ထံလွှဲပြောင်းပေးနိုင်ရန် ဝတ္တရားနှောင့်ယှက်မှုဖြင့် အမှုဖွင့်လှစ်ပြီး မြို့မရဲစခန်းသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**

# ဘားအံမြို့တွင် နေအိမ်သုံးလုံး မီးလောင်

**ဘားအံ ဇူလိုင် ၃၀**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂) ရပ်ကွက် သီရိမဥ္ဇူလမ်းတွင် ယနေ့ နံနက် ၄ နာရီ မိနစ် ၂၀ ခန့်က ဦးတင်မြင့်(ခ)ဦးအစစ်၏ နေအိမ်တွင် ထမင်းပေါင်းအိုးတည်ရာမှ မီးခလုတ်မပိတ်ထားမိသဖြင့် အပူလွန်ကဲကာ မီးစတင်လောင်ကျွမ်းပြီး ၎င်းအိမ်အနီးရှိ နေအိမ်နှစ်လုံး မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ဘားအံမြို့ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်များဖြင့် ငြိမ်းသတ်ခဲ့ကာ လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာမရရှိကြောင်း သိရသည်။

ထို့နောက် ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက မီးလောင် အိမ်ခြေ သုံးအိမ်၊ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၁၆ ဦးတို့ကို ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါပုံး၊ အိမ်သုံးလုံးအတွက် ငွေကျပ် နှစ်သိန်းစီနှင့် လူ ၁၆ ဦးအတွက် စားစရိတ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(မြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၃၁-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၁၆း၃၅ - "စုဒ္ဒသမတိပိဋကဓရ တိပိဋက ကောဝိဒ တိပိဋက ကမ္ဘောဇ ဆရာတော် ဘဒ္ဒန္တဝီရိယနန္ဒ၏ ထေရုပ္ပတ္တိမှတ်တမ်း" (အပိုင်း-၂)
- ၈း၃၅ - ပညာရေး စကားဝိုင်း "လုပ်ငန်းခွင်နှင့်စီလျော်သော ဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး စကားဝိုင်း" (အပိုင်း - ၂)
- ၉း၁၅ - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ နန္ဒသာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ကျိုက္ကမီ အလယ်ကျောင်း သံဖြူဇရပ်မြို့ မွန်ပြည်နယ်ထံမှ နဝက်ဥပေါသထသီလ ခံယူဆောက်တည်ခြင်း
- ၁၂း၃၀ - ရာသီတုပ်ကွေးရောဂါ မိမိကစ၍ ကာကွယ်ပါ
- ၁၂း၃၅ - စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဟောကြားတော်မူအပ်သော "သတိမေတ္တာ ညီညာကိုင်စွဲ တရားတော်"
- ၁၅း၁၅ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းအား ကျူးလွန်ရန် တွန်းအားပေးသည့် အချက်များ

**ညပိုင်း**

- ၁၆း၄၅ - "People Talk" ဝိုင်းဝန်းကူညီ အနာဂတ်လမ်းဆီ
- ၁၇း၂၀ - သုံးသပ်ရှုမြင် မြင်မာ့ရုပ်ရှင် "သူစိမ်းအိမ်" (လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ လင်းဇာနည်ဇော်၊ ဖွေးဖွေး၊ မြတ်နိုးအေး၊ ကူးကူးဇင်အောင်၊ ချာလီ၊ ရှိန်းတင်ထူး၊ ဂျိုကာ) (ဒါရိုက်တာ - ထူးပိုင်ဇော်ဦး)
- ၁၇း၃၅ - MRTV Travelogue
- ၁၈း၂၅ - ဘ၀ထဲက ၀တ္ထု၊ ၀တ္ထုထဲက ဘ၀ "လူ့ငနွား"
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ရင်တွင်းရေးပြဿနာ" (အပိုင်း - ၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေ၀သအခြေအနေ
- ၂၀း၃၀ - ရေကြီးရေလျှံမှုအတွက် ဘာတွေပြင်ဆင်ထားနိုင်မလဲ
- ၂၀း၃၅ - "လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများ"
- "ရဟန်းမစားရသော ဆွမ်းတစ်နပ်"
- ဓမ္မပူဇာသဘင်(တရားပွဲ) တွင် ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) မဟာဝိသုဒ္ဓါရုံကျောင်းတိုက်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ပါကစ္စတန်စစ်လေယာဉ်တစ်စင်း လူနေရပ်ကွက်အတွင်းသို့ ပျက်ကျမှုကြောင့် ၁၈ ဦးသေဆုံး

**ကရာချိ ဇူလိုင် ၃၀**

ပါကစ္စတန်နိုင်ငံ ရာဝါလ်ပင်ဒီမြို့အနီးကျေးရွာတစ်ရွာရှိ လူနေရပ်ကွက်တစ်ခုအတွင်းသို့ ဇူလိုင် ၃၀ ရက်အစောပိုင်းတွင် စစ်လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ ၁၈ ဦးသေဆုံးသွားကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

စစ်လေယာဉ်သည် တပ်မတော်ရုံးများစိုက်ရာမြို့ဖြစ်သည့် ရာဝါလ်ပင်ဒီအနီးရှိ ကျေးရွာတစ်ရွာပေါ်သို့ ပျက်ကျခဲ့ရာ မီးလောင်မှုများဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူများကို ထိတ်လန့်ကြောက်ရွံ့စေခဲ့သည်။ သေဆုံးသူ ၁၈ ဦးတွင် ၁၃ ဦးမှာ အရပ်သားများဖြစ်ပြီး လေယာဉ်အမှုထမ်းငါးဦးပါဝင်ကြောင်း ဒေသကယ်ဆယ်ရေးအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဖရွတ်ဘတ်က ပြောကြားခဲ့သည်။

မြို့တော်အစ္စလာမ်မာဘတ်အနီးတွင်ဖြစ်ပွားခဲ့သည့် အဆိုပါလေယာဉ်မတော်တဆပျက်ကျမှုတွင် သေဆုံးသူများရှိသည့်အပြင် ထိခိုက်ဒဏ်ရာရသူ ၁၂ ဦးထက်မနည်းရှိခဲ့ကြောင်း သိရသည်။ သေဆုံးသူတို့၏ အလောင်းများမှာ ဆိုးဆိုးရွားရွား မီးလောင်ထားသည့်အတွက် ဒီအင်န်အေစစ်ဆေးမှုပြုလုပ်ကာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ရန်လိုအပ်ကြောင်း ၎င်းက ပြောသည်။

လေယာဉ်ပျက်ကျမှုသည် ဇူလိုင် ၃၀ ရက် နံနက် ၂ နာရီ ခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးဖြစ်သည့် မိုဟာမက်ဆာဒစ်က ပြောပြခဲ့သည်။ လူအများသည် အော်ဟစ်အကူအညီတောင်းခံခဲ့ကြ၍ ၎င်းတို့ကို ကယ်ဆယ်နိုင်ရန် ကြိုးပမ်းခဲ့ကြောင်း၊ သို့ရာတွင် မီးတောက်များမှာ အလွန်မြင့်မားပြီး ပြင်းထန်စွာတောက်လောင်နေခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့သည့်နေရာကို လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးစဉ်။

# ဘရာဇီး အကျဉ်းထောင် အဓိကရုဏ်းဖြစ်ပွားမှုကြောင့် အကျဉ်းသား ၅၂ ဦးထက် မနည်းသေဆုံး

**ရီယိုဒီဂျနေရိုး ဇူလိုင် ၃၀**

ဘရာဇီးနိုင်ငံမြောက်ပိုင်းရှိ အကျဉ်းထောင်တစ်ခုတွင် ဇူလိုင် ၂၉ ရက်က အကျဉ်းသားများအချင်းချင်း အဓိကရုဏ်းဖြစ်ပွားခဲ့မှုကြောင့် အကျဉ်းသား ၅၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အကျဉ်းထောင်အတွင်းရှိပြိုင်ဘက် ဒုစရိုက်ဂိုဏ်းသားများအချင်းချင်း ခိုက်ရန်ဖြစ်ပွားခဲ့ရာမှ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဓိကရုဏ်းဖြစ်ပွားမှုသည် အယ်လ်တမီရာဒေသ ပြန်လည်ထူထောင်ရေးစခန်း၌ နံနက် ၇ နာရီခန့်တွင်ဖြစ်ပွားခဲ့ကြောင်း ပါရာဒေသ အစိုးရအဖွဲ့ ပြစ်ဒဏ်ပေးရေးဌာနမှ အာဏာပိုင်တစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

နာရီအနည်းငယ်ကြာအောင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခအတွင်း အကျဉ်းထောင်စောင့်နှစ်ဦးကို ဓားစာခံအဖြစ် ခေါ်ဆောင်သွားခဲ့သည်။ နေ့ခင်းအချိန်လောက်တွင် အဓိကရုဏ်းဖြစ်ပွားမှုများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီးနောက် အစောင့်နှစ်ဦး လွတ်မြောက်ခဲ့သည်။

ထုတ်ပြန်သည့် အမည်းရောင်မီးခိုးလုံးကြီးများ အကျဉ်းထောင်ဝင်းအတွင်းမှ ပေါ်ထွက်လာသည့်ပုံရိပ်ကို ဘရာဇီးရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့ပြီး အကျဉ်းထောင်အဆောက်အအုံအမိုးပေါ်တွင် လူအများထိုင်နေကြသည့် မြင်ကွင်းကို တွေ့ရသည်။ အကျဉ်းသားအများအပြားတို့သည် မီးခိုးမွှန်ကာ သေဆုံးခြင်းဖြစ်ဖွယ်ရှိကြောင်း အစိုးရအာဏာပိုင်တစ်ဦးက ပြောကြားသည်။ သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာနိုင်သေးကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်သည် ဘရာဇီးနိုင်ငံ၏ အကျဉ်းသားများပြွတ်သိပ်ကျပ်ညှပ်နေသည့် အကျဉ်းထောင်စနစ်ကို ရိုက်ခတ်စေသည့်လများစွာအတွင်း ဒုတိယမြောက် အကျဉ်းထောင်ဆူပူမှုကြီးတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည်။

**အေအက်ဖ်ပီ**




အဓိကရုဏ်းဖြစ်ပွားပြီးနောက် အကျဉ်းထောင်အပြင်ဘက်တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး ကင်းလှည့်နေစဉ်။

# ဂျပန်နိုင်ငံ စက်မှုပစ္စည်းထုတ်လုပ်မှု သုံးလအတွင်း ပထမဆုံးအကြိမ်ကျဆင်း

**တိုကျို ဇူလိုင် ၃၀**

ဂျပန်နိုင်ငံ၏ စက်မှုပစ္စည်းထုတ်လုပ်မှုသည် သုံးလတာအတွင်း ပထမဆုံးအကြိမ်အဖြစ် ဇွန်လတွင်ကျဆင်းခဲ့ကြောင်း သိရသည်။ စက်မှုပစ္စည်းထုတ်လုပ်မှုသည် မေလမှစတင်ကာ ၃ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားခဲ့ကြောင်း စီးပွားရေးဝန်ကြီးက ဖော်ပြသည်။ မော်တော်ကားများ ထုတ်လုပ်မှုနှင့် စက်ပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်မှုလျော့နည်းသွားသည့်အတွက် စက်မှုထုတ်ကုန်ကျဆင်းမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သည့်နှစ်လအတွင်း တိုးတက်မှုများရရှိခဲ့ပြီးနောက်တွင် စက်မှုထုတ်ကုန်ကျဆင်းမှုဖြစ်လာခဲ့ကြောင်း ဝန်ကြီးဌာနအာဏာပိုင်များက ထောက်ပြခဲ့သည်။ ပြီးခဲ့သည့် ဧပြီလမှ ဇွန်လအထိ စက်မှုပစ္စည်းထုတ်လုပ်မှုသည် ယခင်လေးလပတ် ထုတ်လုပ်မှုပမာဏ၏ ရာခိုင်နှုန်းထက်ဝက်ခန့် တိုးတက်မှုရှိခဲ့ကြောင်း သိရသည်။ အာဏာပိုင်များသည် လာမည့်လများအတွက် သုံးသပ်ချက်များကိုလည်းဖော်ပြခဲ့သည်။ ဇူလိုင်လအတွင်း ထုတ်လုပ်မှု ၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် ဩဂုတ်လတွင် ၀ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာရန် ခန့်မှန်းတွက်ချက်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



စက်ရုံလုပ်သားတစ်ဦးကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံသို့ ပထမဆုံး ရေငုပ်သင်္ဘော လွှဲပြောင်းပေးရန် အဆင်သင့်ဖြစ်

**နယူးဒေလီ ဇူလိုင် ၃၀**

အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံသို့ ၎င်း၏ပထမဆုံးသော ရေငုပ်သင်္ဘောအား ယခုနှစ်အတွင်း လွှဲပြောင်းပေးအပ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ Sindhuvir ရေငုပ်သင်္ဘောအား မြန်မာရေတပ်က စစ်ရေးလေ့ကျင့်မှုများအတွက် ဦးစားပေး အသုံးပြုမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ၁၉၈၀ ပြည့်နှစ်တွင် ယင်းရေငုပ်သင်္ဘောကို ရုရှားနိုင်ငံမှ ဝယ်ယူခဲ့သည်။ ယခုအချိန်တွင် ဟိန္ဒူစတန်သင်္ဘောကျင်းလီမိတက် (HSL) က ပြန်လည်မွမ်းမံမှုများ ပြုလုပ်လျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းမတိုင်မီတွင် ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ပြီးစီးမည်ဖြစ်သည်။ မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ရန် မူလထုတ်လုပ်ရောင်းချခဲ့သောနိုင်ငံဖြစ်သည့် ရုရှားနိုင်ငံသို့ အိန္ဒိယအာဏာပိုင်များက ခွင့်ပြုချက်တောင်းခံခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မကြာသေးမီလများအတွင်း၌ အိန္ဒိယနှင့်မြန်မာ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးပွဲများ ကျင်းပခဲ့သည်။ ယခုအချိန်တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီးရောက်ရှိနေသည်။

အိန္ဒိယ-မြန်မာ ကာကွယ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်နှင့် ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံစိတ်ချရမှုအတွက် နှစ်နိုင်ငံစောင့်ကြည့်ထောက်လှမ်းမှုများ အပါအဝင် ကာကွယ်ရေးလက်နက် အဆင့်မြှင့်တင်မှုများနှင့်ပတ်သက်ပြီး ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အိန္ဒိယ အရှေ့ပိုင်းတိုင်း ရေတပ်စစ်ဌာနချုပ် ဒုတိယရေတပ်ဗိုလ်ချုပ်ကြီးတို့ ဆွေးနွေးခဲ့ကြသည်ဟု အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ဆိုသည်။

**သည်အီကိုနော့မစ်တိုင်းမ်**



# ပင်လယ်ကွေ့ဒေသအတွင်း တင်းမာမှုတွေရဲ့တရားခံဘယ်သူလဲ

*ကလျာမိုးမြင့်*

**မကြာသေးမီအချိန်အတွင်း အီရန်ရေနံတင်သင်္ဘောတစ်စင်းကို ဗြိတိန်က ဖမ်းဆီးလိုက်တဲ့ကိစ္စကို အီရန်က နျူကလီးယားသဘောတူစာချုပ်နဲ့ရောထွေးဖို့ ကြိုးစားလာတာကို တွေ့ရပါတယ်။ ဗြိတိန်ရဲ့ ဖမ်းဆီးမှုဟာ နျူကလီးယားသဘောတူစာချုပ်ကို ဖောက်ဖျက်လိုက်ခြင်းဖြစ်ပြီး ဥပဒေနဲ့မညီဘူးလို့ အီရန်ဘက်က ပြောဆိုလာတာဖြစ်ပါတယ်။**

**ခလုတ်တံသင်း**

ဒီလိုရောထွေးဆက်နွှယ်အောင်လုပ်ပြီး သကာလ အီရန်ဟာ ၂၀၁၅ ခုနှစ် သဘောတူညီမှုအရ ကတိပေးထားတဲ့ ငွေကြေးဆိုင်ရာအကျိုးအမြတ်တွေနဲ့ပတ်သက်ပြီး အခြေအနေကောင်းလာအောင်လုပ်ဖို့အတွက် ဥရောပနိုင်ငံတွေကို ဖိအားပေးဖို့ကြိုးစားနေဟန်ရှိပါတယ်။ JCPOA သဘောတူစာချုပ်အရ အီရန်က ၎င်းရဲ့ရေနံတွေကို တင်ပို့ရောင်းချဖို့ ခေါင်းစဉ်တပ်လိုက်တဲ့ အချိန်ကစပြီး အီရန်ရဲ့ရေနံတင်ပို့မှုလမ်းကြောင်းပေါ်မှာရှိနေတဲ့ ဘယ်လိုခလုတ်တံသင်း အဆီးအတားမျိုးရှိလာသည်ဖြစ်စေ အဲဒီအရာက နျူကလီးယားသဘောတူစာချုပ်ကို ဖောက်ဖျက်တယ်လို့ အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး အာဘတ်စ်အာရက်ချီက နျူကလီးယားသဘောတူစာချုပ်ပါ အဖွဲ့ဝင်တွေနဲ့ ဗီယင်နာမှာ ပြုလုပ်ခဲ့တဲ့ အရေးပေါ်ဆွေးနွေးပွဲအပြီးမှာ ပြောကြားခဲ့ပါတယ်။

**အပြန်အလှန်ဖမ်းဆီး**

၂၀၁၅ နျူကလီးယားသဘောတူစာချုပ်ကနေ အမေရိကန်နုတ်ထွက်လိုက်တာ မနှစ်ကတည်းကပါ။ ဒါပေမယ့် အီရန်နဲ့ ဥရောပနိုင်ငံတွေကတော့ စာချုပ်ကို အဖတ်ဆယ်နိုင်ရေး ဆွေးနွေးနေကြတုန်းပါပဲ။ ဆီးရီးယားနိုင်ငံအပေါ် ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေကို ချိုးဖောက်လို့ဆိုပြီး ဗြိတိန်တပ်ဖွဲ့တွေဟာ အီရန်ရေနံတင်သင်္ဘောတစ်စင်းကို ဇူလိုင်လအစောပိုင်းက ဂျီဘရော်လ်တာအနီးမှာ ဖမ်းဆီးထိန်းသိမ်းလိုက်ပါတယ်။

ဒီလိုဖြစ်ပြီး သိပ်မကြာလိုက်ခင်မှာပဲ အီရန်ကွန်မန်ဒိုတပ်ဖွဲ့ဟာ ဇူလိုင် ၁၉ ရက်မှာ ဗြိတိန်အလံလွှင့်ထားတဲ့ ရေနံတင်သင်္ဘောတစ်စင်းကို ဟော်မုဇ်ရေလက်ကြားအတွင်းမှာ ဥပဒေချိုးဖောက်တယ်ဆိုပြီး ဖမ်းဆီးထိန်းသိမ်းလိုက်ပါတယ်။ ဒါပေမယ့် သူလုပ်လို့ ကိုယ်ပြန်လုပ်တယ်ဆိုတာမျိုးတော့မဟုတ်ဘူးလို့ ငြင်းဆန်ပါတယ်။

**ပြောင်မြောက်တဲ့ကမ်းလှမ်းချက်**

အဲဒီနောက်မှာ အီရန်ဘက်က မီးစတစ်ဖက် ရေမှုတ်တစ်ဖက်လို့ဆိုရမယ့် သိပ်ကိုပြောင်မြောက်တဲ့ကမ်းလှမ်းချက်တစ်ခု လုပ်လာပါတယ်။ ဘယ်လိုမျိုးလဲဆိုတော့ နှစ်ဖက်စလုံးဟာ ဖမ်းဆီးထားတဲ့ သင်္ဘောတွေကို အပြန်အလှန်လွှတ်ပေးကြမယ်။ ပြီးရင်အီရန်ဘက်က ဆီးရီးယားကို ရေနံတင်ပို့မှု မလုပ်တော့ဘူးလို့ ကတိပေးမယ်ဆိုတာမျိုးပါ။ ဘာကြောင့်လဲဆိုတော့ အီရန်ရေနံတင်သင်္ဘောကို ဘယ်လိုဆက်လုပ်မလဲဆိုတာနဲ့ ပတ်သက်ပြီး တရားရုံးရဲ့ဆုံးဖြတ်ချက်အတိုင်းပဲသွားမယ်လို့ ဗြိတိန်ဘက်က ပြောဆိုခဲ့လို့ပဲ ဖြစ်ပါတယ်။

**သတိပေး**

ပြီးတော့ ပါရှန်းပင်လယ်ကွေ့ဒေသအတွင်းမှာ ဥရောပဦးဆောင်တဲ့ ရေတပ်ဖွဲ့စေလွှတ်မယ်ဆိုတာနဲ့ ရေတပ်ဖွဲ့နဲ့အတူ ရေနံတင်သင်္ဘောတွေကို အတူလိုက်ပါစေမယ်ဆိုတဲ့ ဗြိတိန်ရဲ့အစီအစဉ်ကိုလည်း အီရန်က သတိပေးထားပါတယ်။ အဲဒီနေရာမှာ အမေရိကန်ကလည်း ၎င်းရဲ့တပ်ဖွဲ့ဝင်တွေကို တိုးမြှင့်ချထားတာ မကြာသေးပါဘူး။ ပင်လယ်ကွေ့ဒေသအတွင်းမှာ ပြည်ပတပ်ဖွဲ့ဝင်တွေချထားမှုက ဒေသတွင်းတင်းမာမှုကို ပေါက်ဖွားစေမယ့်အကြောင်းရင်းတစ်ခုလို့ တီဟီရန်မှာရှိတဲ့ အစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အီရန်သမ္မတ ဟက်ဆန်ရိုဟာနီဟာ ဗြိတိန်ဝန်ကြီးချုပ်သစ်ဖြစ်လာတဲ့ မစ္စတာဘောရစ်ဂျွန်ဆင်ကို ဂုဏ်ယူဝမ်းမြောက်ကြောင်း စကားဆိုခဲ့ပြီး အီရန်နဲ့ဗြိတိန်ဆက်ဆံရေးကိစ္စရပ်တွေအပေါ် မစ္စတာဂျွန်ဆင်ရဲ့အကျွမ်းတဝင်ရှိမှုက နှစ်နိုင်ငံအကြားရင်းနှီးဆက်ဆံမှုကျယ်ပြန့်အောင်ဆောင်ရွက်ရာမှာ ရှိနေတဲ့အခက်အခဲအဆီးအတားတွေကိုဖယ်ရှားဖို့ အထောက်အကူပြုလာလိမ့်မယ် လို့ဆိုခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်တုန်းက မစ္စတာဂျွန်ဆင်ဟာ နိုင်ငံခြားရေးဝန်ကြီးအဖြစ်နဲ့ တီဟီရန်ကိုလာရောက်ခဲ့ဖူးပါတယ်။






ဗီယင်နာ၌ ပြုလုပ်ခဲ့သည့် အရေးပေါ်ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများကို တွေ့ရစဉ်။

**ငွေကြေးစီးဆင်းမှုအရင်းအမြစ်**

၂၀၁၅ သဘောတူစာချုပ်မှာ အီရန်က ၎င်းရဲ့နျူကလီးယားအစီအစဉ်အပေါ် ထိန်းချုပ်ကန့်သတ်မှုကိုလက်ခံဖို့ သဘောတူခဲ့ပြီး အဲဒီအတွက် အပြန်အလှန်အနေနဲ့ ၎င်းအပေါ်နိုင်ငံတကာရဲ့အရေးယူပိတ်ဆို့မှုတွေ ဖယ်ရှားပေးဖို့ သဘောတူခဲ့တာဖြစ်ပါတယ်။ ဒီလိုရှိပေမယ့် အမေရိကန်က သဘောတူစာချုပ်ကနေ မနှစ်ကနုတ်ထွက်လိုက်ပြီး ထရမ့်အစိုးရအဖွဲ့ဟာ အီရန်ရဲ့ အဓိကဝင်ငွေရနေတဲ့ အရင်းအမြစ်ဖြစ်တဲ့ ရေနံတင်ပို့မှုကို ပိတ်ပင်ဖို့ ရည်ရွယ်တဲ့အနေနဲ့ ပိုမိုပြင်းထန်တဲ့ အရေးယူပိတ်ဆို့မှုတွေကို ယခုနှစ်မှာ လုပ်ဆောင်လာခဲ့ပါတယ်။

အသစ်ချမှတ်လိုက်တဲ့ အရေးယူပိတ်ဆို့မှုတွေဟာဆိုရင် အီရန်နှင့် စီးပွားဆက်ဆံတဲ့ တတိယနိုင်ငံတွေကိုပါ ထပ်လောင်းပိတ်ဆို့သွားမှာဖြစ်ပြီး ဥရောပနိုင်ငံတွေက အရေးယူပိတ်ဆို့မှုအသစ်တွေကနေရှောင်ကွင်းနိုင်ဖို့အတွက် ကုန်ချင်းဖလှယ်တဲ့ အလှည့်ကျကုန်သွယ်ရေးစကြီ တစ်ခုထူထောင်ခြင်းအားဖြင့် အမေရိကန်နဲ့ ချိတ်ဆက်နေတဲ့ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးစနစ်ကို အီရန်ကျော်ဖြတ်နိုင်စေရေး ကြိုးပမ်းခဲ့ကြပါတယ်။

**အရာမထင်**

သို့သော်လည်း ဥရောပအာဏာပိုင်တွေက အဲဒီစနစ်လည်ပတ်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ လများစွာကြာအောင် ပြောဆိုနေခဲ့ပေမယ့်လည်း ကြိုးပမ်းမှုတွေက ဘာမှအရာ မထင်ခဲ့ပါဘူး။ အဲဒီနောက်ပိုင်း ပိတ်ဆို့မှုပြုလုပ်ဖို့မရှိတဲ့ အစားအသောက်၊ ဆေးဝါးနဲ့ ဆေးပစ္စည်းတွေကိုသာ ကုန်သွယ်ရဖို့ ဖြစ်လာခဲ့ပါတယ်။ ဒီတော့ စာချုပ်လက်မှတ်ရေးထိုးရာမှာပါဝင်တဲ့ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား၊ တရုတ်နဲ့ ဥရောပသမဂ္ဂနိုင်ငံတွေကို ဖိအားပေးဖို့အတွက် အီရန်ဘက်က နောက်ထပ်တစ်မျိုး စောဒကတက်လာပါတယ်။ အဲဒါကတော့ အီရန်အနေနဲ့ စာချုပ်ပါစည်းကမ်းအရ ကတိပေးထားတဲ့အတိုင်း လိုက်နာဆောင်ရွက်ခဲ့မှုကနေ ဘာအကျိုးကျေးဇူးမှ မရရှိတော့တဲ့အတွက် လိုက်နာနေလို့လဲအပိုပဲလို့ ယူဆတာကြောင့် စာချုပ်ပါကတိကဝတ်တွေကို ချိုးဖောက်တော့မယ်လို့ ဆိုလာခြင်းပါပဲ။

**စာချုပ်ဖောက်ဖျက်မယ်**

မကြာသေးခင်ကတင် စာချုပ်အရကန့်သတ်ထားတဲ့ ယူရေနီယံသန့်စင်ထုတ်လုပ်မှုပမာဏကို အီရန်က ကျော်လွန်ထုတ်လုပ်ခဲ့ပြီးပါပြီ။ ဇူလိုင် ၂၈ ရက်မှာတော့ အီရန်က နောက်ထပ်စာချုပ်ဖောက်ဖျက်မှုတစ်ခု ထပ်လုပ်ဦးမယ်လို့ ခြိမ်းခြောက်လာပြန်ပါတယ်။

တစ်ချိန်တည်းမှာပဲ ပင်လယ်ကွေ့ဒေသအတွင်းမှာ တင်းမာမှုဖြစ်စေတဲ့ အီရန်ရဲ့နည်းပရိယာယ်တွေနဲ့ ရေနံတင်သင်္ဘောကို ဖမ်းဆီးလိုက်မှုတွေဟာ မျှော်မှန်းထားတာနဲ့ ဆန့်ကျင်နေတဲ့ အကျိုးရလဒ်တွေကိုသာဖြစ်စေခဲ့ပါတယ်။ ဥရောပနိုင်ငံတွေက အီရန်အနေနဲ့ တခြားနိုင်ငံတွေကို စာချုပ်အတိုင်းလိုက်နာစေချင်ရင် အီရန်ကိုယ်တိုင် စာချုပ်မှာရေးထားတဲ့ စည်းကမ်းနဲ့အညီ လိုက်နာဖို့ တစ်ခဲနက်သတိပေးနေကြပါတယ်။

**ပိတ်ဆို့မှုတွေကန့်ကွက်**

တကယ်တော့ ပင်လယ်ကွေ့ဒေသအတွင်းမှာ တင်းမာမှုတွေဖြစ်ပွားရတာ သေချာစေတဲ့အကြောင်းကတော့ နျူကလီးယားသဘောတူစာချုပ်ကို အမေရိကန်ကစပြီး ဖောက်ဖျက်ခဲ့လို့ပဲလို့ နိုင်ငံရေးလေ့လာသူအချို့က သုံးသပ်ပါတယ်။ လတ်တလောမှာတော့ တင်းမာမှုတွေလျော့ကျစေဖို့ ဆွေးနွေးပွဲတွေကို ဗီယင်နာမှာ ကျင်းပလျက်ရှိပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံး တူညီစွာဖော်ပြခဲ့တဲ့အချက်ကတော့ ၎င်းတို့ဟာ အမေရိကန်က အရေးယူပိတ်ဆို့မှုတွေ တစ်ဖက်သတ် လုပ်ဆောင်နေတာကို ၎င်းတို့ဘက်က ပြင်းပြင်းထန်ထန်ကန့်ကွက်တယ်ဆိုတာပါပဲ။ ။

**ကိုးကား-ဆင်ဟွာ**

# နိုင်ငံတကာသတင်းတိုထွာ

## အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို အာဆီယံညီလာခံ တက်ရောက်မည်

**ဝါရှင်တန် ဇူလိုင် ၃၀**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ယခုရက်သတ္တပတ်အတွင်း ကျင်းပမည့် အရှေ့တောင်အာရှနိုင်ငံများအသင်း ဝန်ကြီးများအဆင့်ဆွေးနွေးပွဲသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် အမေရိကန်-အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးနှင့် မဲခေါင်မြစ်အောက်ပိုင်းဒေသဝန်ကြီးများ အဆင့်အစည်းအဝေးတွင် တွဲဖက်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။ ဩဂုတ် ၂ ရက်တွင် မိုက်ပွန်ပီအိုသည် အရှေ့အာရှဝန်ကြီးများအဆင့်အစည်းအဝေး၊ အာဆီယံဒေသတွင်းဖိုရမ် ARF ဝန်ကြီးများအဆင့် အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်ပြီး အမေရိကန်-ထိုင်း မဟာမိတ်ဆက်ဆံရေး ပိုမိုခိုင်မာစေရေးဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကမ္ဘောဒီးယား၌ နိုင်ဂျီးရီးယားနိုင်ငံသားသုံးဦးကို တရားမဝင်မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိ

**ဖနွမ်းပင် ဇူလိုင် ၃၀**

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ရဲတပ်ဖွဲ့သည် မက်တာဖက်တမင်းအခဲ ၂၀ ကီလိုဂရမ်ကျော် သယ်ဆောင်လာသည်ဟု သံသယရှိသည့် နိုင်ဂျီးရီးယားနိုင်ငံသားသုံးဦးကို ဖမ်းဆီးခဲ့ကြောင်း ကမ္ဘောဒီးယားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

သံသယရှိသူများသည် လာအိုမှ ကမ္ဘောဒီးယားသို့ မူးယစ်ဆေးဝါးများကို တရားမဝင်သယ်ဆောင်လာခဲ့ပြီးနောက် ဖနွမ်းပင်မြို့ရှိ တည်းခိုခန်းတစ်ခုတွင် ၎င်းတို့ကို ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။ ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားသည့် မူးယစ်ဆေးဝါး ၂၀ ကီလိုဂရမ်ကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း ရဲတပ်ဖွဲ့၏ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။ သံသယရှိသူသုံးဦးကို စုံစမ်းစစ်ဆေးမှုများဆောင်ရွက်နေပြီး ဥပဒေအရ အမှုဖွင့်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ဥပဒေအရ မည်သူမဆို တရားမဝင်မူးယစ်ဆေးဝါး ၈၀ ကီလိုဂရမ်နှင့်အထက် သယ်ဆောင်လာပါက ထောင်ဒဏ်တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ကျခံရမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# မန္တလေးဈေးချိုတော်၌ သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**မန္တလေး ဇူလိုင် ၃၀**

မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ဈေးရုံ သစ်ဖွင့်ပွဲ (၂၅)နှစ်မြောက် ငွေရတု အထိမ်းအမှတ် သံဃာတော် အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မန္တလေးမြို့ အဆင့်မြင့်ဈေးချိုတော် အရှေ့ဘက် ၈၄ လမ်း၊ ၂၆×၂၇ လမ်း ကြားတွင် ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် မန္တလေး ဈေးချိုတော်နှင့် တိုက်တန်းကြီး ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကြွရောက်တော်မူကြသည့် မြတ်စွာဘုရား အမှူးပြုသော ပင့်သံဃာအပါး ၁၀၀၀ တို့ကို ဆွမ်း၊ ဆွမ်းဆန် စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။ ယင်းနောက် ကြွရောက်လာသူများအား မုန့်ဟင်းခါးများဖြင့် စတုဒိသာကျွေးမွေးပြီး မြို့မတေးဂီတအဖွဲ့ဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူတို့က ဆွမ်းဆန်စိမ်းလောင်းလှူပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

# မြို့နယ်နှင့်အလှမ်းကွာဝေးသောဒေသများ အိမ်ထောင်စုစာရင်း ပြုလုပ်ပေးရေးဆွေးနွေး

**ရေဖြူ ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးကျော်မင်းသည် တိုင်းဒေသကြီး ရေဖြူမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ နှင့် တွေ့ဆုံပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးဌာန အောင်သာဝတီအစည်းအဝေးခန်းမ၌ ဇူလိုင် ၂၉ ရက်က ပြုလုပ်သည်။

ယနေ့တွေ့ဆုံပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီး ဦးကျော်မင်းက အမှာစကားပြောကြားပြီး ဒေသခံရပ်ကျေး အုပ်ချုပ်ရေးမှူးများက နိုင်ငံသားမှတ်ပုံတင်ရရှိရေး၊ လူဦးရေ အိမ်ထောင်စုစာရင်း၊ နိုင်ငံခြားမွေးဖွားသူများ မွေးစာရင်းပြုလုပ် ရေးနှင့် မြို့နယ်နှင့် အလှမ်းကွာဝေးသောဒေသများ အိမ်ထောင် စုစာရင်း ကွင်းဆင်းပြုလုပ်ပေးရေးတို့ကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြား ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ပဲခူးမြို့ပြည်သူ့ဆေးရုံရှိ လူနာများအား သွားရောက်ကြည့်ရှုစဉ်။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့ ခုတင် ၅၀၀ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှု

**ပဲခူး ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အစိုးရအဖွဲ့ဝင် များသည် ယမန်နေ့က ပဲခူးမြို့ အထွေထွေရောဂါကုပြည်သူ့ ဆေးရုံကြီးသို့သွားရောက် ကြည့်ရှုကြသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ အေးငြိမ်းနှင့် ပဲခူးမြို့ အထွေထွေရောဂါကုပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်တို့က ဆေးရုံကြီးအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လျှပ်စစ်မီးလိုင်းအပါအဝင် လုပ်ငန်းလိုအပ် ချက်များနှင့် ဆက်လက်ဆောင်ရွက်ရန် လျာထားမှုကို ရှင်းလင်း တင်ပြကြရာ ဝန်ကြီးချုပ်က ပြန်လည်ဆွေးနွေးမှာကြားခဲ့ သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆေးရုံကြီးသို့ လာရောက်ကုသမှုခံယူနေကြသည့် လူနာများနှင့် လူနာရှင်များ အား တွေ့ဆုံနှုတ်ဆက်ပြီး ကျန်းမာရေးအခြေအနေများကို မေးမြန်းကာ ပဲခူးမြို့ အထွေထွေရောဂါကုပြည်သူ့ ဆေးရုံကြီး နှင့် ပဲခူးဒေသရှိ ဆေးရုံများအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရန် တာဝန်ရှိသူတို့အား မှာကြားခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်ကြီး ဇူလိုင် ၃၀**

ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေ များ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၄/၂၀၁၉) ကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှု များ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ (၅-၂-၂၀၁၉) ရက်စွဲပါအမိန့် ကြော်ငြာစာ အမှတ်(၂၁/၂၀၁၉)ဖြင့် ပြင်ဆင်ဖွဲ့စည်း ထားရှိပြီးဖြစ်ကြောင်း၊ ဥပဒေမဲ့သိမ်း ဆည်းထားသော လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး/ နစ်နာ ကြေးရရှိရေးတို့ကို ဥပဒေနှင့်အညီဆောင် ရွက်နိုင်ရန် ကဏ္ဍာတစ်ရပ်အနေဖြင့် ပါဝင် သောကြောင့် ကော်မတီအဆင့်ဆင့်၏ စိစစ်တွေ့ရှိချက်၊ သဘောထားမှတ်ချက် များအပေါ် အခြေခံကာ မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ စွန့်လွှတ်မြေများနှင့် ပတ်သက်၍ နှောင့် နှေးကြန့်ကြာမှုမရှိစေဘဲ မူလပိုင်ရှင်များ ထံ အမြန်ဆုံးအပ်နှံသွားရန်နှင့် မစွန့်လွှတ် ရသေးသည့် သိမ်းဆည်းမြေများအပေါ် ကော်မတီအဆင့်ဆင့်က ထိထိရောက် ရောက် စိစစ်ပေးကြရန်၊ စွန့်လွှတ်မြေများ ကို မသက်ဆိုင်သူများ လက်ဝယ်သို့ ရောက်ရှိခြင်း မရှိစေရန်နှင့် သက်ဆိုင်သူ တောင်သူများထံသို့သာ အမြန်ဆုံးရောက် ရှိရေးစိစစ်ပေးကြရန်၊ စွန့်လွှတ်မြေများ ပေါ်တွင် ကျူးကျော်ဝင်ရောက်မှုများကို ဥပဒေနှင့်အညီ ရှင်းလင်းပေးကြရန်၊ တောင်သူများထံ လွှဲပြောင်းအပ်နှံပြီး မြေ များကို အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိ စေရေးတို့အတွက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကိစ္စနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၅)ရပ်ကို နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်ချက် ချမှတ်ထားရှိပြီးဖြစ် ကြောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ် ရေး ဗဟိုကော်မတီက ပေးပို့လာသော အမှုတွဲပေါင်း ၆၂၄ မှုအပေါ် ခရိုင်မြေစစ် ကော်မတီများမှ စိစစ်တင်ပြရန် ကျန်ရှိနေ သော အမှုကိစ္စပေါင်း ၁၀၈ မှုကို ဗဟို ကော်မတီက ချမှတ်ထားသော မူဝါဒ များ၊ လမ်းစဉ်များနှင့်အညီ မှန်မှန် ကန်ကန် မြန်မြန်ဆန်ဆန် စိစစ် ဖြေရှင်းဆောင်ရွက်ပေးကြရန် ပြော ကြားသည်။

ဆက်လက်၍ ပြည်နယ် လယ်ယာ မြေနှင့်အခြားမြေများ သိမ်းဆည်းခြင်း ခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အမှု တစ်မှုချင်းအလိုက် ဆွေးနွေးပြောကြား ပြီး တက်ရောက်လာသည့် ပြည်နယ်မြေ စစ်ကော်မတီဝင်များနှင့် ခရိုင်မြေစစ် ကော်မတီဥက္ကဋ္ဌ၊ တွဲဖက်အတွင်း ရေးမှူးများက ဆွေးနွေးတင်ပြ ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# လှိုင်ကော်၌ အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

**လွိုင်ကော် ဇူလိုင် ၃၀**

ကမ္ဘာ့အဆင့်၊ အရှေ့တောင်အာရှအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဖိတ်ခေါ်အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကယားပြည်နယ်အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က လွိုင်ကော်မြို့ပြည်နယ်အားကစား ရုံသစ်၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ယခုလို အောင်မြင်မှုတွေ ရရှိလာခြင်းသည် ပြည်နယ်အစိုးရအဖွဲ့ ၏ ကူညီပံ့ပိုးမှုသာမက ပြည်နယ်အားကစားနှင့် ကာယပညာဦးစီး ဌာန၊ သက်ဆိုင်ရာအားကစားဆပ်ကော်မတီများ၏ စိတ်ပါ ဝင်စားစွာ ပါဝင်ကြီးကြပ်ဆောင်ရွက်မှု၊ အသင်းအုပ်ချုပ်သူ/ နည်းပြဆရာများနှင့် အားကစားသမားများ၏ လုံ့လဝီရိယ၊ ဇွဲ၊ သတ္တိ၊ အောင်မြင်မှုများ ရယူလိုသောစိတ်ဖြင့် အစွမ်းကုန်ကြိုးစား အားထုတ်မှု၊ နည်းပြဆရာကောင်းများ၏ သွန်သင်ပြသမှုများ ကြောင့် ဖြစ်ကြောင်း၊ ယခုလို ရရှိခဲ့သည့် အောင်မြင်မှုသည် မိမိတစ်ဦးတည်း၏ အောင်မြင်မှုသာမဟုတ်ဘဲ မိမိနေထိုင် သည့် မြို့နယ်/ ခရိုင်နှင့် ကယားပြည်နယ်ဆိုသည့် မိမိတို့ ပြည်နယ်၏ ဂုဏ်ကိုလည်း မြှင့်တင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အောင်မြင်မှုရရှိထားသည်များကို ကျေနပ်နစ်သိမ့်မနေဘဲ ယခုအောင်မြင်မှုများကို နှစ်စဉ်နှစ်တိုင်း အရှိန်အဟုန်မပြတ် ဆက်လက် ထိန်းသိမ်းသွားကြရန် စသည်ဖြင့် ပြောကြား သည်။

ကမ္ဘာ့အဆင့် MMA အမျိုးသမီး ပင်းဝိတ်တန်း ချန်ပီယံ၊ ထိုင်းနိုင်ငံ ဖိတ်ခေါ်ကရာတေးပြိုင်ပွဲ၊ ဖိလစ်ပိုင်နိုင်ငံ တိုက်ကွမ်ဒို ပြိုင်ပွဲ၊ အင်ဒိုနီးရှားနိုင်ငံ အာဆီယံသိပ္ပံကျောင်းပေါင်းစုံပြိုင်ပွဲ၊ အင်ဒိုနီးရှားဖိတ်ခေါ် ခရစ်ကတ်ပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝူရှူး၊ ပြေးခုန်ပစ်၊ ဂေါက်သီး၊ ရေကူး၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလားဖိတ်ခေါ် ကရာတေး၊ တိုက်ကွမ်ဒို၊ ကမ်ပို၊ ဂျူဒို၊ ပြေးခုန်ပစ်၊ မသန်စွမ်းတို့တွင် ဆုတံဆိပ်များ ရရှိခဲ့ ကြောင်း သိရသည်။

အောင်ပွဲရအားကစားသမားများအား ပြည်နယ်ဝန်ကြီး ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိ သူများက ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်ခဲ့ပြီး MMA အား ကစားအထောက်အကူပြုပစ္စည်းများ၊ လက်ဝှေ့အားကစား အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**



ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

# ရေပြင်အသက်ကယ်လေ့ကျင့်ရေးသင်တန်း နေပြည်တော် ငလိုက်ဆည်တွင်ဖွင့်

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ငလိုက်ရေလှောင်တမံတွင် ယနေ့နံနက် ၁၀ နာရီက ရေပြင်အသက်ကယ်လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်လှစ်သည်။ **(အောက်ပုံ)**

နေပြည်တော်အတွင်း မိုးတွင်းကာလ၌ ရေကြီးရေလျှံမှုများဖြစ်ပွားပါက ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးနိုင်ရန်နှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အလျင်အမြန်တုံ့ပြန် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း နေပြည်တော်မီးသတ်ဦးစီးဌာနမှူးရုံးမှ တိုင်းဦးစီးမှူး ဦးဇော်လင်းထွန်းက ပြောသည်။

အဆိုပါ ရေပြင်အသက်ကယ်လေ့ကျင့်ရေးသင်တန်းကို သင်တန်းဆရာ ဥတ္တရခရိုင်မီးသတ်တပ်ဖွဲ့မှ ခရိုင်ဦးစီးမှူး ဦးစောလွင်အေးနှင့် သင်တန်းဆရာများမှ ရေကူးနည်း၊ ရေနစ်သူကယ်ဆယ်ခြင်း၊ Speed Boat မောင်းသင်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း စသည်တို့ကို နေပြည်တော်အတွင်းရှိ မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင် ၃၀ အား သုံးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး လက်တွေ့ဆောင်ရွက်နေမှုကို နေပြည်တော်တိုင်းဦးစီးမှူး ဦးဇော်လင်းထွန်း၊ ဒက္ခိဏခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ရန်ကုန်စတော့အိတ်ချိန်း၌ စတော့ရှယ်ယာတန်ဖိုးငွေကျပ် သန်း ၇၀ မှ သန်း ၁၀၀ အကြားနေ့စဉ်အရောင်းအဝယ်ဖြစ်

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်စတော့အိတ်ချိန်း၌ စတော့ရှယ်ယာတန်ဖိုးငွေကျပ် သန်း ၇၀ မှ သန်း ၁၀၀ အကြားနေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"စတော့ဈေးကွက်မှာအရောင်းအဝယ် အရင်ထက်စာရင်ပိုပြီးတော့ သွက်လက်ပါတယ်။ အရောင်းအဝယ် ပမာဏလည်းပိုပြီးများလာတာကို တွေ့ရပါတယ်။ တစ်ရက်ကို ငွေကျပ်သန်း ၇၀ ကနေသန်း ၁၀၀ လောက်အထိအရောင်းအဝယ်ဖြစ်နေတာကို တွေ့ရပါတယ်" ဟု ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက ပြောသည်။

### အရောင်းအဝယ်သွက်

ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများအနေဖြင့် နှစ်ပတ်လည်အစည်းအဝေးများ၊ အမြတ်ဝေစုခွဲဝေရက်များကို ဇွန်၊ ဇူလိုင်လများတွင် အများဆုံးပြုလုပ်လေ့ရှိသဖြင့် စတော့ဈေးကွက်မှာ ယခုရက်ပိုင်းများအတွင်း အရောင်းအဝယ်သွက်လက်လျက်ရှိကြောင်း သိရသည်။

### အမိန့်ကြေညာစာထွက်

ထို့ပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်မှ ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်စတော့အိတ်ချိန်းရှိစာရင်းဝင်ကုမ္ပဏီများအား နိုင်ငံခြားသားပါဝင်ရောင်းဝယ်ခွင့် အမိန့်ကြေညာစာထွက်ရှိခဲ့သည့်အတွက် ရန်ကုန်စတော့အိတ်ချိန်းအနေဖြင့် နိုင်ငံခြားသားများ ပါဝင်ရောင်းဝယ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"အခုလောလောဆယ်က ကြိုတင်ပြင်ဆင်တဲ့ကာလ ဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်ဆဲကာလအတိုဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်။ ဒီနှစ်အတွင်းမှာ နိုင်ငံခြားသားကို စတင်ဖွင့်လှစ်ရောင်းဝယ်နိုင်အောင် ပြင်ဆင်လျက်ရှိပါတယ်"ဟု အမှုဆောင်အကြီးတန်း မန်နေဂျာ ဦးသက်ထွန်းဦးက ဆက်လက်ပြောကြားသည်။

### ပြင်ဆင်ဆောင်ရွက်နေ

နိုင်ငံခြားသားများစတော့ရောင်းဝယ်ရန်အတွက် စာရင်းဖွင့်လှစ်ခြင်းများ၊ ဘဏ်လုပ်ငန်းဆိုင်ရာများ၊ အခွန်အကောက်ဆိုင်ရာများအပြင် စာရင်းဝင်ကုမ္ပဏီများမှ ရောင်းချမည့်ရာခိုင်နှုန်း ပမာဏကြိုတင်သတ်မှတ်ခြင်းဆိုင်ရာများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ နိုင်ငံခြားသား စတော့ရှယ်ယာရောင်းဝယ်ခြင်းအား ဥပဒေအရ ၃၅ ရာခိုင်နှုန်းခွင့်ပြုထားသော်လည်း ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများအနေဖြင့်မည်မျှအထိ ရောင်းဝယ်ခွင့်ပြုမည်ကို မသိသေးချေ။ လက်ရှိအချိန်တွင် ပြည်ပနိုင်ငံခြားသားများအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းထံစုံစမ်းမှုများ အထိုက်အသင့်ရှိနေကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ ဇူလိုင် ၂၂ ရက်မှ ဇူလိုင် ၂၆ ရက်အထိ တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော စတော့ရှယ်ယာအရေအတွက်မှာ ၂၅၆၀၃၂ စောင်ဖြစ်ပြီး ရှယ်ယာတန်ဖိုး စုစုပေါင်းမှာ မြန်မာငွေကျပ် ၁၇၇၄၂၆၇၂၀၀ ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**

# ဓနုဖြူမြို့နယ် ရွှေဇင်ကျွန်းကျေးရွာ၌ မြစ်ကမ်းပါးပြိုမှုကြောင့် နေအိမ် ၃၇ လုံး ရွှေ့ပြောင်းရ

**ဓနုဖြူ ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကမ်းငူကြီးကျေးရွာအုပ်စု ရွှေဇင်ကျွန်းကျေးရွာတွင် မြစ်ကမ်းပါးများပြိုကျမှုကြောင့် ယမန်နေ့က နေအိမ် ၃၇ လုံးကို ရွှေ့ပြောင်းခဲ့ရရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မိုး၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့ဝင်များ သွားရောက်၍ ရွှေ့ပြောင်းရမည့်အိမ်များအား ကူညီဆောင်ရွက်ပေးကြသည်။



ကမ်းပါးပြိုမှုကြောင့် ပြောင်းရွှေ့နေအိမ်များအား ကူညီဆောင်ရွက်ပေးနေစဉ်။

ဓနုဖြူမြို့နယ် ရွှေဇင်ကျွန်းကျေးရွာတွင် ဇူလိုင် ၂၉ ရက်အထိ ကမ်းပါးပြိုကျမှုမှာ အလျားပေ ၂၂၀၀၊ အနံပေ၈၀၀ ခန့် ကမ်းပါးပြိုကျမှုဖြစ်ပေါ်ခဲ့သဖြင့် အနီးအနားရှိ နေအိမ်များအား သက်ဆိုင်ရာက အရေးပေါ်သွားရောက်၍ ရွှေ့ပြောင်းနေရာချထားပေးခဲ့ပြီး ရွှေ့ပြောင်းနေအိမ် ၃၇ လုံးအပါအဝင် နေထိုင်စရာ အခက်အခဲရှိနေသည့် အိမ်ထောင်စု ၅၄ စု အတွက် မြို့နယ် လယ်စီ၊ ကျေးရွာလယ်စီ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် တောင်သူလယ်သမားများ ညှိနှိုင်းကာ သင့်တော်သည့် နေရာများတွင် နေရာချထားပေးမည်ဖြစ်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့မှ အဖွဲ့ဝင်များက နေအိမ်များ ပြန်လည်ဆောက်လုပ်ရာတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသည်။

ထို့အပြင် အ.မ.က (ကျားကျွန်း) မူလတန်းကျောင်းမှာလည်း ဧရာဝတီမြစ်ကမ်းနှင့် ၂၈၅ ပေသာ ကွာဝေးတော့သဖြင့် ကမ်းပြိုမှုမှ ကာကွယ်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါမြစ်ကမ်းပါးပြိုကျမှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

**အောင်သူဟိဏ်း (ဓနုဖြူ)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၀-၇-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၀၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၈၀၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၀၅ | ကျပ် | ၉၀၅/၉၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၁၅ | ကျပ် | ၉၂၀/၉၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၇၉၅ | ကျပ် | ၈၃၀/၈၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၉၅ | ကျပ် | ၉၄၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၀၉ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၂ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၁ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၃၆ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၀ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၀ . ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ . ၉၅၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ . ၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ . ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ . ၉၆၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

### စတော့အိတ်ချိန်း ဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၁၀၀၀ | ၄၁၁၅ | ၄၅၂၆၅၀၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၆၉၉၀ | ၂၃၄၁၆၅၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၅ | ၁၂၀၀၀၀ |
| FPB | ၂၄၅၀၀ | ၂၄၅၀၀ | ၅ | ၁၂၂၅၀၀ |
| TMH | ၃၀၅၀ | ၃၀၅၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဆွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။




# အာဆီယံနိုင်ငံများ သီချင်းဆိုပြိုင်ပွဲတွင် ကိုယ်တိုင်ရေးစပ်သည့်သီချင်းဖြင့် အိမ့်ချစ်က 2nd Runner-Up ရရှိ

ဗီယက်နမ်နိုင်ငံ၌ ဇူလိုင် ၂၈ရက်က ကျင်းပခဲ့သည့် ASEAN+3 Song Contest 2019 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် အမျိုးသမီးအဆိုရှင် အိမ့်ချစ်နှင့် အမျိုးသားအဆိုရှင် စောနေလင်းဟန်တို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ အိမ့်ချစ်က Stuck အမည်ရှိ ကိုယ်တိုင်ရေးသီချင်းဖြင့် 2nd Runner-Up ဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲတွင် Winner ဆုကို မလေးရှားနိုင်ငံ၊ 1st Runner-Up ဆုကို ဖိလစ်ပိုင်နှင့် ဗီယက်နမ်၊ 2nd Runner-Up ဆုကို အင်ဒိုနီးရှားနှင့် မြန်မာတို့က အသီးသီး ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

"တခြားပြိုင်ပွဲဝင်တွေ ဘယ်လိုသီချင်းတွေရွေးရွေး ကိုယ့်သီချင်းပဲကိုယ်ဆိုမယ် ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ Semi Final မှာ Slay အခွေထဲက Stuck ဆိုတဲ့သီချင်းကို ဆိုခဲ့တယ်၊ Final မှာတော့ အောင်မြင်မှုနောက်ကွယ်သီချင်းကို ဆိုခဲ့တယ်၊ အသံ ဘယ်လောက်နာနာ ပြိုင်နေတယ်သဘောမထားဘဲ ပရိသတ်ကို အကောင်းဆုံး ဖျော်ဖြေမယ်ဆိုတဲ့စိတ်နဲ့ပဲ စင်ပေါ်တက်ခဲ့တယ်၊ ဒိုင်တွေက ကိုယ့်ကို သီချင်းရေးနိုင်တာ၊ ကိုယ်ပိုင်သီချင်းကိုရွေးချယ်ပြီး ဆိုတာတွေအတွက်တော့ ချီးကျူးကြတယ်၊ Best Effort ဆုတို့၊ Best Performance ဆုတို့ ပေးတာတွေ ပြီးသွားတဲ့အချိန်မှာ ငါးယောက်ပဲကျန်တယ်၊ ဒီဆုတွေထဲတောင် မပါတာဆိုတော့ 1st, 2nd, 3rd ထဲတော့ မပါလောက်တော့ပါဘူးဆိုပြီး အေးဆေးပဲ နေလိုက်ကာမှ အလွန် ဝမ်းသာစရာ ဆုတစ်ခုကို ကြော်ငြာပေးလိုက်လို့ အတိုင်းမသိ ဝမ်းသာဂုဏ်ယူမိခဲ့တယ်"ဟု ဆုရရှိခဲ့သည့် ခံစားချက်အပေါ် အဆိုတော် အိမ့်ချစ်က ပြောသည်။

ASEAN+3 Song Contest ပြိုင်ပွဲ၏ ၂၀၁၇ ခုနှစ် ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် နီနီခင်ဇော်နှင့် အောင်ထက်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယခုနှစ်တွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် အဆိုတော် အိမ့်ချစ်နှင့် စောနေလင်းဟန်တို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ စောနေလင်းဟန်က Ed Sheeran ၏ Perfect သီချင်းဖြင့် ယှဉ်ပြိုင်ခဲ့ပြီး အိမ့်ချစ်ကမူ ကိုယ်တိုင်ရေးစပ်ထားသည့် Stuck သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထိုသို့ ကိုယ်ပိုင်သီချင်းဖြင့် ယှဉ်ပြိုင်ရာတွင် အိမ့်ချစ်




အနေဖြင့် ပြိုင်ပွဲဝင် ၁၀ ဦးသာ ယှဉ်ပြိုင်ကြရမည့် Grand Final Round သို့ ပါဝင်သွားခဲ့ပြီး ၂၈ ရက်က ကျင်းပသော ဖိုင်နယ်ပွဲတွင် အောင်မြင်မှုနောက်ကွယ် သီချင်းဖြင့် 2nd Runner-Up ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။ **ကိုလင်း**

# နီနီခင်ဇော်၏ နှစ်နှစ်ကျော်ကြာ ဖန်တီးခဲ့သော U Music Video ဖြန့်ချိ

သံစဉ်များနဲ့ကမ္ဘာ သီချင်းဆိုပြိုင်ပွဲကြီးမှတစ်ဆင့် ဂီတလောကထဲတွင် အခြေချရပ်တည်နိုင်ခဲ့သည့် အဆိုတော် နီနီခင်ဇော်အနေဖြင့် နောက်ပိုင်းတွင် တစ်ကိုယ်တော်တေးစီးရီးများစွာ ထွက်ရှိခဲ့ပြီး အောင်မြင်သည့် ဂီတအနုပညာရှင်တစ်ဦးအဖြစ် ရပ်တည်လျက်ရှိသည်။ နီနီခင်ဇော်အနေဖြင့် နှစ်နှစ်ကျော် အချိန်ယူကာ ဖန်တီးခဲ့သော U ဟု အမည်ပေးထားသည့် Mudic Video ခွေကို ဇူလိုင် ၂၀ ရက်က ဖြန့်ချိခဲ့ပြီး Mini show ကိုလည်း ကျင်းပခဲ့ရာ အဆိုပါ အခွေနှင့် ပတ်သက်၍ နီနီခင်ဇော်အား မေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ U Music Video လေးအကြောင်းနဲ့ အခု mini show လုပ်ဖြစ်ပုံကို ပြောပြပါဦး။**

ဖြေ။ ။ အခွေရော၊ ရှိုးရော တစ်ပြိုင်တည်းလုပ်လိုက်တော့ အမှတ်တရလေးဖြစ်သွားတာပေါ့။ တစ်ကိုယ်တော်ရှိုးဆိုတာက မိုးတွင်းဆို ရှောင်ရတယ်။ ရုံတွေကလည်း မိုးတွင်းဆို innovation လုပ်နေတာတွေရှိတော့ မိုးတွင်းက ရုံအခက်အခဲရှိတယ်။ အခုလို ရေကူးစတူဒီယိုမှာ set up ချပေးတော့ စနစ်တကျဖြစ်သွားတယ်။ အခွေအတွက် အချိန်ကြာခဲ့တာက ဒီအခွေမှာ မီလီယံဒေါ်လာဘေဘီ သီချင်းတစ်ပုဒ်ဆိုရင် သုံး၊ လေးလလောက် အချိန်ပေးပြီးလုပ်ရတယ်။ ကွန်ပျူတာတွေနဲ့ အချိန်ပေးပြီး သေချာလုပ်ခဲ့ရတာပါ။ အခွေမှာ ပရိသတ်ထင်ထားတဲ့ အကြောင်းအရာတွေကို မိချင်မှမိမှာ စိတ်ပူတယ်၊ ဥပမာ အလကားပဲလို သီချင်းမျိုးကို ပရိသတ်ထင်ထားတဲ့ Story က တခြားဟာ ဖြစ်ချင်ဖြစ်လိမ့်မယ်ပေ့ါ။ နီနီကတော့ Story မရိုက်တော့ဘူး။ သီချင်းက ပေါက်ပြီးသားဖြစ်နေတော့ နီနီတစ်ယောက်တည်းပဲ ဆိုလိုက်တော့တယ်။ သူတို့ထင်နေတာနဲ့ လွဲသွားမှာကြောက်တယ်။

**မေး။ ။ ဈေးကွက်ပျက်နေတဲ့ ဒီနေ့ ဂီတလောကမှာ အခွေတစ်ခွေဖြစ်ဖို့ တော်တော်ရုန်းရတယ်ဆိုတော့ အဲဒီအကြောင်း ပြောပြပါဦး။**

ဖြေ။ ။ ဒီလိုမှမထုတ်ရင် အဆိုတော်တွေ ဘယ်လိုရပ်တည်ကြမလဲပေ့ါနော်။ နီနီတို့ အဆိုတော်တွေ ရပ်တည်ရတာ တော်တော်ခက်ပါတယ်။ Youtube ပေါ်မှာလည်း သီချင်းတွေ အကုန်တင်လို့ မရပါဘူး။ ထုတ်ဝေသူ ခွင့်ပြုတာမှ တင်လို့ရတာပါ။ သီချင်းတိုင်းကို Youtube မှာ ကြည့်လို့မရပါဘူး၊ အခုလည်း ထုတ်ဝေသူ FG က ထုတ်ပေးလို့သာ သီချင်းအကုန် ရိုက်နိုင်တာပါ။ နီနီသာ ကိုယ်တိုင်ထုတ်လုပ်မယ်ဆို အမှန်ပြောရရင် အကုန်မရိုက်နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီကနေ ပြန်ရဖို့ မသေချာလို့ပါ။ FG မှာကတော့ ဒါရိုက်တာကောင်းတွေလည်းရှိလို့ သူတို့နဲ့ လက်တွဲရတာ အဆင်ပြေပါတယ်။ **အလင်းရောင်**



# မြန်မာ့ရိုးရာ နတ်ကိုးကွယ်ယုံကြည်မှုကို အသားပေးရိုက်ကူးထားသည့် အထက်တန်းစား ရုပ်ရှင်ကို ဩဂုတ် ၂၂ ရက်တွင် ရုံတင်ပြသမည်




ဇာတ်လမ်း ရွှန်းရမီမိုး၊ ဇာတ်ညွှန်း မိုးနီလွင် ရေးသားပြီး ဒါရိုက်တာ နေပိုင် ဖန်တီးရိုက်ကူးထားသော အထက်တန်းစားဟု အမည်ရသည့် ရုပ်ရှင်ဇာတ်ကားကြီးကို ဩဂုတ် ၂၂ ရက်တွင် ရုံတင်ပြသနိုင်ရန် စီစဉ်ထားပြီး ထိုရုပ်ရှင်တွင် အကယ်ဒမီနေတိုး၊ ညီထွဋ်ခေါင်၊ သူရိယ၊ ကောင်းဆက်၊ ဝေယံကျော်၊ အကယ်ဒမီ မြတ်ကေသီအောင်၊ စိုးမိုးကြည်၊ ပိုးအိအိခန့်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

"ဒီကားကြီးက ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ရိုးရာကိုးကွယ်ယုံကြည်မှုတွေကို အသားပေးပြသထားတဲ့ ဇာတ်ကားပါ၊ အထက်တန်းစားဆိုတဲ့ အဓိပ္ပာယ်ကို ပြောရရင် မိရိုးဖလာနတ်ကို အကြောင်းပြုပြီး နတ်တွေနဲ့ပတ်သက်ပြီး နတ်ကတော်တစ်ဦးရဲ့ အကြောင်းကို အခြေခံပြီး ရိုက်ထားတဲ့ ကားတစ်ကားပါ၊ မြန်မာနိုင်ငံမှာ နတ်တွေနဲ့ ပတ်သက်ပြီး ဝမ်းရေး လုပ်ကိုင်စားသောက်နေကြတဲ့သူတွေ ရှိကြပါတယ်၊ သူတို့ရဲ့ ဂုဏ်သိက္ခာကိုလည်း သိစေချင်တဲ့ သဘောနဲ့ ရိုက်ကူးထားတာပါ"ဟု ကနားစီးတစ်ဦးအဖြစ် လုပ်ကိုင်နေသူ ဆရာ ဦးဝင်းလှိုင်က ပြောသည်။

ယခုဇာတ်ကားသည် ကနားစီး နတ်ကတော်တစ်ယောက်၏ ဘဝဖြတ်သန်းမှုများနှင့် ခက်ခဲကြမ်းတမ်းမှုများကို အဓိကထား ရိုက်ကူးထားခြင်းဖြစ်ပြီး နေတိုးအနေဖြင့် ပုံမှန်သရုပ်ဆောင်နေကျ ကာရိုက်တာများထဲမှ ခွဲထွက်၍ သရုပ်ဆောင်ရသော ဇာတ်ကားတစ်ကားဖြစ်သလို ဇာတ်ကားတွင် ထူးခြားမှုတစ်ခုမှာ အဓိက မင်းသမီးသရုပ်ဆောင် မပါဝင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ် ထပ်ဆင့်အကယ်ဒမီ နေတိုးက နတ်ကတော်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး နေတိုးသည် ယခင်ကလည်း မာမီရှိန်း ဇာတ်ကားတွင် မိန်းမလျာဇာတ်ကောင်စရိုက်ကို ပိုင်နိုင်စွာ သရုပ်ဆောင်နိုင်သူတစ်ဦးအဖြစ် ပရိသတ် သိရှိပြီးသားဖြစ်သည်။ **ကိုလင်း**

# သစ္စာ မေတ္တာ ရွှေမန်းသဘင်၏ ငါးနှစ်မြောက် မိုးရာသီဖျော်ဖြေပွဲကို ရန်ကုန်မြို့၌ အပတ်စဉ် တစ်ပတ်လျှင်နှစ်ရက် ကျင်းပမည်




သစ္စာ မေတ္တာ ရွှေမန်းသဘင်၏ ငါးနှစ်မြောက် မိုးရာသီဖျော်ဖြေပွဲကို ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာရှိ မျှော်စင်ကျွန်း ရွှေဇာတ်ရုံ၌ ဇာတ်ရုံတည်ဆောက်၍ အပတ်စဉ် သောကြာနှင့် စနေနေ့တိုင်း မြန်မာ့ဇာတ်သဘင်ဖျော်ဖြေမှုအစီအစဉ်များကို တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

သစ္စာ မေတ္တာ ရွှေမန်းသဘင်၏ အဓိကမင်းသား တင်မောင်ဆန်းမင်းဝင်းက "ကျွန်တော့်အနေနဲ့ သစ္စာ မေတ္တာ ရွှေမန်းသဘင် ဆိုင်းဘုတ်အောက်မှာ မင်းသားအနေနဲ့ ကပြလာတာ ၁၄ နှစ် ရှိခဲ့ပါပြီ၊ မိုးရာသီဖျော်ဖြေပွဲက လေးနှစ်တာကာလ ပြီးဆုံးလို့ အခု ငါးနှစ်မြောက်ခဲ့ပြီဖြစ်ပါတယ်၊ ကျွန်တော်စီစဉ်တဲ့ ရွှေမန်းသဘင် ဖျော်ဖြေပွဲမှာ စတိတ်ရှိုးမပါတဲ့ သဘင်တစ်ခုတည်းကိုပဲ သုံးနာရီစာ ကပြ အသုံးတော်ခံမှာပါ၊ ဇာတ်ရဲ့ သမားစဉ်နဲ့ ရိုးရာသဘင် အမွေအနှစ်တွေကို ကပြဖျော်ဖြေမှာဖြစ်ပါတယ်၊ ဖျော်ဖြေမှုအနေနဲ့ နောက်ပိုင်းကဏ္ဍတွေကို ကြိုးစားပြီး လုပ်ထားပါတယ်၊ တစ်ခေတ်နဲ့တစ်ခေတ် ပြောင်းလဲမှုတွေကြားမှာ အလုပ်လုပ်ရတဲ့အတွက် ရိုးရာအမွေအနှစ်ကို ထိန်းသိမ်းပြီး ခေတ်နဲ့လည်း လျော်ညီစေမယ့် Creation တွေ ပြုလုပ်တင်ဆက်မှာဖြစ်ပါတယ်" ဟု တင်ဆက်မည့်အစီအစဉ်များကို ရှင်းပြသည်။

"ငါးနှစ်တာ ကာလအတွင်းမှာ သဘင်ကို အားပေးတဲ့ မိဘပြည်သူများအတွက်သာမက သဘင်ကို မသိသေးတဲ့ လူငယ်များအတွက်ပါ ကြိုးစားတင်ဆက်ခဲ့ပါတယ်၊ အခုလို ကျွန်တော် မိုးရာသီမှာပါ ကပြရတာ အဓိကအကြောင်း ရှိပါတယ်၊ အဲဒါကတော့ ကျွန်တော်တို့ ဇာတ်သဘင်တွေက နွေနဲ့ ဆောင်းရာသီလောက်ပဲ အလုပ်လုပ်ကြရတာပါ၊ မိုးတွင်းဆို အကုန်လုံး နားကြရတယ်၊ သုံးလလုံးဆိုတော့ သေချာပြန်တွက်ကြည့်ရင် စားဝတ်နေရေးဆိုတာကြီးက ရှိနေပါတယ်၊ ဒါကြောင့်မို့ မိုးရာသီ သုံးလလုံး ကျွန်တော်တို့ ဇာတ်သဘင်မှာ အလုပ်လုပ်နေတဲ့ ကားဆွဲ၊ အဆိုတော်၊ မင်းသမီး အကုန်လုံး အဆင်ပြေရအောင် အခုလို မိုးရာသီမှာပါ ဇာတ်ရုံကြီးပြင်ဆင်ပြီး ကပြကြရတာပါ"ဟုလည်း တင်မောင်ဆန်းမင်းဝင်းက ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲကို အပတ်စဉ် သောကြာနှင့် စနေနေ့တိုင်း ည ၇ နာရီမှစတင်၍ ရိုးရာသဘင် ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များဖြင့် သုံးနာရီကြာ တင်ဆက်ကပြမည်ဖြစ်ပြီး ရုံဝင်ကြေးအနေဖြင့် ကျပ် ၁၀၀၀၀ နှင့် ကျပ် ၇၀၀၀ ဟု နှစ်မျိုးသတ်မှတ်ထားကြောင်း၊ ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များကို Sky net နှင့် mntv ရုပ်သံလိုင်းတို့မှလည်း တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

## လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း ပညာပေး

**လျှပ်စီးလက်မှုဖြစ်ပွားစဉ်အိမ်အတွင်း ရှိနေလျှင်**

၁။ လျှပ်စီးလက်မှုဖြစ်ပွားစဉ်ရေသုံးစွဲခြင်း၊ရေချိုးခြင်းမပြုလုပ်ပါနှင့်၊ သတ္တုနှင့်ဆက်စပ်ပစ္စည်းများတွင်လျှပ်စီးဝင်နိုင်သည်ကိုသတိပြုပါ။



၂။ သံနှင့်ပြုလုပ်ထားသော အရာဝတ္ထုများနှင့် ဝေးဝေးနေပါ။



၃။ တယ်လီဖုန်းများ အသုံးမပြုပါနှင့်။



၄။ စက်ဘီး/ဆိုင်ကယ်ပေါ်တွင် ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။



၅။ ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲပါ။



၆။ သွပ်ဆူးကြိုးကာထားသော ခြံစည်းရိုး၊ သံထည်ပစ္စည်း၊ သံလမ်းများအနီးတွင် မနေပါနှင့်။



၇။ ရေလွှမ်းနေသော လမ်းများပေါ်သို့ သွားလာခြင်း၊ ရပ်နေခြင်းမပြုပါနှင့်။




၈။ လွင်တီးခေါင်ကုန်းပြင်ရှိ သစ်ပင်၊ အဆောက်အအုံ အနီးတွင် မနေပါနှင့်။



## ဥပဒေအတွေး ရေးပါရစေ အပိုင်း (၁၈၄)

# သံသယအကျိုး



ဦးဟန်ညွန့် (ဥပဒေ)

**ရေးခဲ့သည့်ဆောင်းပါးများ**

(၁) ကင်းလွတ်ရမြဲအချက်များ။

(၂) သဘောရိုးဖြင့် ပြုလုပ်မှု။

(၃) ကာကွယ်ခုခံပိုင်ခွင့်ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆရာရေးခဲ့တဲ့ ဆောင်းပါးတွေက အပြစ်မရှိ လွတ်ရာလွတ်ကြောင်းတွေ အကြောင်းရေးခဲ့တာမို့ ကျွန်တော်တို့ အလုပ်သင်ရှေ့နေတွေ သဘောကျတယ်။ မှတ်စုစာအုပ်မှာလည်း မှတ်ထားတယ်။ နောင်လိုအပ်တဲ့အခါ သုံးရအောင်လို့ပါ။ ထပ်ပြီး မှတ်သားစရာ ရေးပေးပါဦးဟု အလုပ်သင်ရှေ့နေ မောင်ပျင်းရိက ကျွန်တော့်အား တိုက်တွန်းအားပေးနေပါသည်။

မောင်ပျင်းရိအား ပြောသကဲ့သို့ ကျွန်တော့်အနေဖြင့်လည်း ရှေးရိုးစဉ်ဆက် ဆရာကြီးများ၏ သင်ကြားချက်၊ ပို့ချချက်၊ စာအုပ်စာတမ်း၊ မှတ်စုများမှတစ်ဆင့် ကောင်းနိုးရာရာ ကောက်နုတ်ရေးသားရပါသည်။

**သံသယအကျိုး (Benefit of Doubt)**

သံသယအကျိုးဆိုတာဘာလဲ။ ဥပဒေပညာရှင်တိုင်း သိရှိနားလည်ပြီးသားပါ။ သံသယအကျိုး စကားရပ်နှင့် ပတ်သက်ပြီး သက်သေတစ်ဦးက တစ်ချိန်တွင် တစ်မျိုး ထွက်ဆို၊ ရုံးတွင်တစ်မျိုး ကွဲလွဲထွက်ဆိုရုံမျှနှင့် တရားခံတွင် ပြစ်မှုမထင်ရှားဟု ဆုံးဖြတ်ရန် မဟုတ်ပါ။

"ဤကဲ့သို့သော အခြေအနေမျိုးတွင် သံသယအကျိုးဆိုသည့် စကားရပ်ကို ပုံသေကားချပ်မှတ်ယူခြင်း မပြုဘဲ အမှုများကို စစ်ဆေးရသော တရားရုံးများအနေဖြင့် အမှန်တရားကို အစွမ်းကုန်ထုတ်ဖော်၍ ထိုအမှန်တရားပေါ်တွင် အခြေပြုကာ ဆုံးဖြတ်စီရင်ရန် အရေးကြီးသည်" ဟု စီရင်ထုံးတစ်စောင်က ညွှန်ပြသတိပေးသည်။

**ထင်ကြေးဖြင့်**

"ရာဇဝတ်မှု ကျူးလွန်သည်ဟု ထင်ကြေးဖြင့် ဆုံးဖြတ်ခြင်းမပြုအပ်။ ခိုင်လုံသော အထောက်အထားများရှိရမည်။ သံသယအကျိုးကို တရားခံအားပေးရမည်" ဟု ဆိုမည့်အစား ထင်ကြေးဖြင့် အပြစ်မပေးသင့်။ "ခိုင်လုံသော အထောက်အထားပြည့်စုံမှသာ အပြစ်ပေးရမည်ဟု ဆိုလျှင် တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်ဟု ယူဆသည်။ အမှုတိုင်းတွင် မျက်မြင်သက်သေထင်ရှားရှိသည် မဟုတ်။ အချက်အလက်အထောက်အထားတို့ကို ခြေရာခံ၍ အမှန်တရားကို ရှာဖွေကြရသည်" ဟု အထူးရာဇဝတ်ရုံးစီရင်ထုံးတစ်စောင်တွင် လမ်းညွှန်ထားသည်။

**ဆောင်ပုဒ်သဖွယ်မသုံးဘဲ**

"သံသယအကျိုးဆိုသော စကားရပ်ကိုဆောင်ပုဒ်သဖွယ်မသုံးဘဲ အမှုတွင် ပေါ်ပေါက်သော အထောက်အထားကို ချိန်ဆ၍ အမှန်တရားကို ရှာဖွေရာတွင် အထောက်အကူဖြစ်စေသော လမ်းညွှန်တစ်ရပ်သာ ဖြစ်စေရန် လိုအပ်သည်။ သံသယသည် လွယ်လွယ်ဖြစ်တတ်သော သံသယမဟုတ်ရ။ မည်သည့်အရာမျိုး၌မဆို ဒွိဟအုပ်ဖုံးတတ်သော စိတ်တွင်ဖြစ်ပေါ်သည့် သံသယလည်း မဖြစ်စေရ။ ဖြစ်တတ်သော သဘာဝနှင့် နှိုင်းယှဉ်၍ ဖြစ်ပေါ်သင့်သည့် သံသယမျိုးကိုသာ ဆိုလိုပေလိမ့်မည်" ဟု စီရင်ထုံးတစ်စောင်တွင် သတိပေး လမ်းညွှန်ထားပေသည်။

**ကိန်းသေနည်းတစ်ရပ်မဟုတ်**

"သံသယအကျိုးဆိုသည်မှာ အချက်အလက်များကို ကိုင်တွယ်စိစစ်၍ မိမိတို့၏ အဆုံးအဖြတ်ကို ပေးရာ၌ တရားသူကြီးများအနေဖြင့် တာဝန်ရှောင်နိုင်ရန် ဖန်တီးပေးသော ကိန်းသေနည်းတစ်ရပ် မဟုတ်ချေ။ တရားလိုဘက်မှ အထောက်အထားများတင်ပြ၍ တရားခံဘက်မှ ခုခံချေပရာတွင် ယင်းအချက်အလက်များကို ဆန်းစစ်ချိန်ဆရန်မှာ တရားသူကြီး၏ တာဝန်ဖြစ်ပါသည်။ ယင်းသို့ စိစစ်ရာ၌ တရားလိုဘက်မှ တင်ပြချက်များကို တရားခံ၏ ခုခံချက်ဖြင့် စံထိုးကြည့်ပြီး တရားလိုဘက်အနေဖြင့် ၎င်းတင်ပြသော အမှုတွင် ခိုင်ခိုင်လုံလုံကျေနပ်ဖွယ်ရာ သက်သေထူနိုင်ခြင်းရှိ၊ မရှိ သုံးသပ်ရသည်။ ယင်းသို့ နှစ်ဖက်တင်ပြချက်များကို ချိန်ဆကြည့်သည့်အခါတွင် တရားခံသည် ပြစ်မှုကျူးလွန်ပါမည်လားဟု လျော်ကန်သော သံသယ- (Reasonable Doubt) ရှိနေသေးမှ တရားခံအား ယင်းသံသယ၏ အကျိုးကို ပေးရန်ဖြစ်ကြောင်း" စီရင်ထုံးတစ်စောင်က ရှင်းလင်းဆွေးနွေးပေးခဲ့ဖူးသည်။



**ဟာကွက်ရှိလျှင်**

တရားလိုဘက်မှ တင်ပြသော အထောက်အထားများတွင် ဟာကွက်ရှိလျှင် တရားခံအား သံသယ၏အကျိုးကို ပေးသင့်သည်။ တရားခံတစ်ဦးအား တရားဝင်သော သက်သေခံအထောက်အထားများအရသာ အပြစ်ပေးနိုင်သည်။ အထောက်အထားသည် မခိုင်လုံဖြစ်နေလျှင် တရားခံအား သင်္ကာမကင်းရှိသည့်တိုင် အပြစ်မပေးနိုင်။

အကြောင်းမူ သက်သေပြခြင်းနေရာတွင် သင်္ကာမကင်းမှုကို အစားထိုး၍ မရချေ။

တရားခံတစ်ဦးအား ထင်ကြေးဖြင့် အပြစ်မပေးသင့်။

ပြစ်ဒဏ်နှင့်ပတ်သက်၍ သံသယရှိလျှင် တရားခံသည် သံသယအကျိုးကို ခံစားခွင့်ရှိသည်။

**မောင်ပျင်းရိ၏ ကြားဖြတ်မေးခွန်း**

**"ဒီလိုသံသယအကျိုးတွေကို တရားခံတွေ ခံစားခွင့်ရှိကြောင်း စုဆောင်းပြီးသား စာအုပ်စာစောင်တွေ၊ စီရင်ထုံးတွေ ဘယ်မှာရှာပြီး ဖတ်ရမလဲဆရာကြီး"** ဟု မောင်ပျင်းရိက ကျွန်တော်၏ စာမူကြမ်းကို သတ်ပုံစစ်ပေးရာမှ ကျွန်တော့်အား လှမ်း၍ ကြားဖြတ် မေးခွန်းမေးလိုက်ပါသည်။

ကျွန်တော်က "ဆရာတို့လည်း အလုပ်သင်ရှေ့နေဘဝက ဆရာကြီးတွေဆီမှာ မေးရ၊ မြန်းရ၊ စူးစမ်းသင်ယူကြရတာပါပဲ။ ခေါင်းစဉ်အလိုက် မှတ်စုတွေ ရေးမှတ်ကြရတယ်။ ဥပဒေအလိုက် ရှာဖွေကြရတယ်။ ရာဇဝတ်၊ တရားမ စသည်ဖြင့်ပေါ့။

စီရင်ထုံးနဲ့ ပတ်သက်ပြီး တရားရေးအကြံပေး ဆရာကြီး ဦးမြ၏ သင်တန်း၊ ဆရာကြီးဦးမြရေးတဲ့ သောင်းပြောင်းထွေလာ ဥပဒေရေးရာ စာအုပ်တွေ၊ အစိုးရရှေ့နေလောကမှာ နာမည်ကျော် ဥပဒေဝန်ထမ်းအဆင့်(၁) ဦးဘမောင် (ပုံ/ဘမောင်ဟု နာမည်ကြီး)၊ ဆရာကြီးဦးမြင့်အောင် (သခင်စိုး အမှုတွင်၊ အစိုးရဘက်မှ လိုက်ပါသော ဥပဒေဝန်ထမ်း) အစရှိတဲ့ ကျေးဇူးရှင် ဥပဒေပညာရှင်ကြီးတွေရဲ့ သွန်သင်မှုမျိုးစုံတွေ၊ စာကြည့်တိုက်အမျိုးမျိုးမှာရှိတဲ့ ဥပဒေစာအုပ်တွေ၏ အကျိုးကျေးဇူးတွေကြောင့်ပါပဲ။ သင်ဆရာ မြင်ဆရာတွေရဲ့ ကျေးဇူးကြောင့်ဆိုရင် မမှားပါဘူး" ဟု ဖြေလိုက်ပါသည်။

**တရားသူကြီးများ၏ ကဏ္ဍ**

**အခြားအမှု**

"တရားခံတစ်ဦးအား ပြစ်မှုကျူးလွန်ခဲ့သည်ဟုဆိုကာ ရုံးတင်တရားစွဲဆိုလျှင် ယင်းသို့စွဲဆိုသည့် အမှုတွင် ပေါ်ပေါက်လျက်ရှိသော သက်သေထွက်ချက်နှင့် အခြားသက်သေအထောက်အထားများအပေါ် မူတည်၍ အပြစ်ရှိ၊ မရှိဆိုသော ပြဿနာကို ဆုံးဖြတ်ရမည်ဖြစ်သည်။ အခြားအမှုမှ သက်သေအထောက်အထားများကို အသုံးပြုခွင့်မေးလျှင် ပြင်ပအထောက်အထားများပါ တစ်စတစ်စ ဝင်လာပြီး တရားခံများအဖို့ အထူးနစ်နာဖွယ်အကြောင်း ရှိလေသည်" ဟု စီရင်ထုံးတစ်စောင်က သတိပေးထားလေသည်။



**အကာအကွယ်**

"အပြစ်ရှိသူကို ထိုက်သင့်သောအပြစ်ပေးရန်နှင့် အပြစ်မရှိသောသူကို ဥပဒေအရ ကာကွယ်ပေးရန်မှာ တရားရုံးများ၏ အဓိကဝတ္တရားဖြစ်လေသည်။

ယင်းသို့ အကာအကွယ်ပေးရာတွင် ပြည်သူ့ဝန်ထမ်းကို တစ်မျိုး၊ လုပ်သားပြည်သူကိုတစ်ဖုံ ကွဲပြားခြားနားလျက် စဉ်းစားခြင်း မပြုနိုင်။ ညီတူညီမျှ အကျိုးခံစားခွင့်ပေးရမည် ဖြစ်သည်။ ထိုအတိုင်းပင်လည်း တရားရုံးချုပ်အမှုးပြုသည့် တရားရုံးများသည် လိုက်နာကျင့်သုံးလျက်ရှိသည် " ဟု စီရင်ထုံးများက ထုံးပြုလမ်းညွှန်ခဲ့သည်။

**စစ်ဆေးထုတ်ဖော်ပေးရန်**

" တရားလို သို့မဟုတ် တရားခံတစ်ဦးဦး၏ မတတ်ကျွမ်း၊ မလိမ္မာမှုကြောင့် ဖြစ်ရပ်အမှန်ကို တင်ပြနိုင်ခြင်းမရှိသည့် အမှုမျိုးတွင် ဖြစ်ရပ်မှန်ကို ပေါ်လွင်ထင်ရှားလာအောင် စစ်ဆေးထုတ်ဖော်ပေးရန် တရားသူကြီး၏ ဝတ္တရားဖြစ်သည်။ အမှန်တရားထုတ်ဖော်ရေးကို အဓိကမထားဘဲ ဒိုင်လူကြီးအနေဖြင့်သာ အဆုံးအဖြတ်ပေးလျှင် တရားသူကြီး၏တာဝန် ကျေပွန်လိမ့်မည် မဟုတ်ချေ။ သို့ရာတွင် တစ်ဖက်မှလည်း လုပ်သားပြည်သူတစ်ဦးဦးအားအကြောင်းမဲ့ ရာဇဝတ်ပြစ်မှုကျူးလွန်သည်ဟု ရုံးတင်တရားစွဲထားခြင်း မပြုအပ်သည်ကိုလည်း သတိချပ်ရန်လိုသည်။ အစွပ်စွဲခံရသူအဖို့လည်း မသက်သာ၊ တိုင်းပြည်အတွက်လည်း အကျိုးယုတ်စေသည့် အကြောင်းမဲ့ ရာဇဝတ်မှု တရားစွဲဆိုခြင်းကိစ္စမျိုးကို အားပေးရန် မသင့်ချေ " ဟု စီရင်ထုံးတစ်စောင်တွင် မှတ်ချက်ပြုလမ်းညွှန်သည်။

**အယုတ်အလတ်အမြတ်မရွေး**

"စေတနာအလျောက်သော်လည်းကောင်း၊ ဒေါသအလျောက်သော်လည်းကောင်း၊ တရားစီရင်ရာတွင် ဥပဒေကင်းလွတ်ချွတ်ချော်လွဲမှား၍ မပြုလုပ်အပ်။ တရားဥပဒေစိုးမိုးသော ကျွန်ုပ်တို့နိုင်ငံတွင် ဥပဒေအတွင်းကသာလျှင် တရားစီရင်ရမည်ဖြစ်သည်။ သို့မှသာလျှင် သြဇာရှိသူ၊ မရှိသူ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ အယုတ်အလတ်အမြတ်မရွေး တူညီမျှတသော ဘဝကို ရရှိကြမည်ဖြစ်သည်" ဟု စီရင်ထုံးတစ်စောင်က တရားဥပဒေစိုးမိုးမှုအကြောင်း အလင်းပြခဲ့ပေသည်။

**တရားသူကြီးများသည်**

" တရားသူကြီးများသည် အဂတိမလိုက်စားဘဲ တရားစီရင်ရန်တာဝန်ယူ သစ္စာပြုထားကြရသူများဖြစ်သည်။ မှန်ကန်မျှတစွာ အဂတိမလိုက်စားဘဲ တရားသူကြီးများက တရားစီရင်ကြမှ ပြည်သူအများက တရားစီရင်ရေးစနစ်ကို အားကိုးယုံကြည်ကြမည် " ဟု စီရင်ထုံးတစ်စောင်က ဖော်ညွှန်းသည်။

**အမှန်တရား**

" တရားစီရင်ရာတွင် အမှန်တရားသည် အဓိကဖြစ်သည်။ ရှေ့နေများ၊ အမှုသည်များ၊ သက်သေများက ဝိုင်းဝန်းဖော်ထုတ်ကြရသည်။ အမှန်တရားပေါ်တွင် အခြေပြုမှသာလျှင် တရားစီရင်ရေးသည် ပြည်သူ့အကျိုးပြုပြင်ပေးလိမ့်မည်" ဟုလည်း လက်တွေ့ဘဝများက ထောက်ပြလျက်ရှိပေပြီ။

**စေတနာ**

" သံသယအကျိုး " အကြောင်း ဆက်စပ်တွေးခေါ်မိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

**"သံသယအကျိုးဆိုသော စကားရပ်ကိုဆောင်ပုဒ်သဖွယ်မသုံးဘဲ အမှုတွင် ပေါ်ပေါက်သော အထောက်အထားကို ချိန်ဆ၍ အမှန်တရားကို ရှာဖွေရာတွင် အထောက်အကူဖြစ်စေသော လမ်းညွှန်တစ်ရပ်သာ ဖြစ်စေရန်လိုအပ်သည်။ သံသယသည် လွယ်လွယ်ဖြစ်တတ်သော သံသယမဟုတ်ရ။ မည်သည့်အရာမျိုး၌မဆို ဒွိဟအုပ်ဖုံးတတ်သော စိတ်တွင်ဖြစ်ပေါ်သည့် သံသယလည်း မဖြစ်စေရ။ ဖြစ်တတ်သော သဘာဝနှင့် နှိုင်းယှဉ်၍ ဖြစ်ပေါ်သင့်သည့် သံသယမျိုးကိုသာ ဆိုလိုပေလိမ့်မည်" ဟု စီရင်ထုံးတစ်စောင်တွင် သတိပေး လမ်းညွှန်ထား"**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း (၂၇)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၁၀၀။ (က) မည်သူမဆို ကလေးသူငယ်အား အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ ချမှတ်ရမည်-

(၁) အရက်၊ ဘီယာဝယ်ခိုင်းခြင်း၊ ရောင်းချခြင်း၊ သောက်ရန် တိုက်တွန်းခြင်း သို့မဟုတ် သောက်ရန် ခွင့်ပြုခြင်း၊

(၂) မိဘဆွေမျိုးမပါဘဲ ကပွဲ (dayclub၊ nightclub)၊ ကာရာအိုကေ သို့မဟုတ် အနှိပ်ခန်းတွင် ဝင်ရောက်ခွင့်ပြုခြင်း၊

(၃) စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊

(၄) ရိုက်နှက် ပြစ်ဒဏ်ပေးခြင်း၊

(၅) ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်အနိုင်ကျင့်ခြင်း။

(ခ) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးနှစ်လမှ အများဆုံး ကိုးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်လေးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေချမှတ် ရမည်-

(၁) ကလေးသူငယ်အား လောင်းကစားရန် သွေးဆောင်ခြင်း၊ တိုက်တွန်းခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(၂) ကလေးသူငယ်ထံမှ ပစ္စည်းတစ်စုံတစ်ရာကို အပေါင်ခံခြင်း၊ ကလေးသူငယ်က ပစ္စည်းပေါင်နှံသည်ကို အားပေးကူညီခြင်း၊

(၃) ကောင်းသော အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် ဈေးရောင်းသူ ကလေးသူငယ်ထံမှ ပစ္စည်းကို ဝယ်ယူခြင်းမှတစ်ပါး ကလေးသူငယ်ရောင်းချသည့် ပစ္စည်းတစ်ခုခုကို ဝယ်ယူခြင်း။

(ဂ) မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးလမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်-

(၁) ကလေးသူငယ်အား သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးလွတ်မြောက်ရန် သွေးဆောင်ခြင်း၊ အကူအညီပေးခြင်း၊ ထွက်ပြေးလွတ်မြောက်လာသည့် ကလေးသူငယ်ဖြစ်သည်ကို သိလျက်နှင့်လက်ခံခြင်း၊ ဝှက်ထားခြင်း သို့မဟုတ် မူလနေရာသို့ ပြန်မသွားရန် တားဆီးပိတ်ပင်ခြင်း၊

(၂) ကလေးသူငယ်၏ လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်းသည့် ခန္ဓာကိုယ်အစိတ်အပိုင်းအား ထိတွေ့ပွတ်သပ် ကိုင်တွယ်ခြင်း။

၁၀၁။ (က) မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးလေးလမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်လေးသိန်းမှ အများဆုံး ကျပ်ခြောက်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် -

(၁) တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေး ဂေဟာတစ်ခုခုကို တည်ထောင်ဖွင့်လှစ်ခြင်း၊

(၂) ပုဒ်မ ၉၆၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း။

(ခ) မည်သူမဆို ကလေးသူငယ်အား အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ငါးလမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ ချမှတ်ရမည် -

(၁) အရက်၊ ဘီယာ အရောင်းအဝယ်ပြုလုပ်သော လုပ်ငန်းတွင် အလုပ်လုပ်ကိုင်ရန် ခန့်အပ်ခြင်း၊ ခိုင်းစေခြင်း သို့မဟုတ် ခွင့်ပြုခြင်း၊

(၂) လိင်ပိုင်းဆိုင်ရာလုပ်ငန်းနှင့် ဆက်စပ်သည့် ကပွဲ (dayclub၊ nightclub)၊ ကာရာအိုကေ၊ အနှိပ်ခန်းစသည့် နေရာတစ်ခုခုတွင် အလုပ်လုပ်ရန် ခိုင်းစေခြင်း၊ အလုပ်လုပ်သည်ကို ခွင့်ပြုခြင်း။

၁၀၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှအများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခြောက်သိန်းမှ အများဆုံး ကျပ် ၁၂ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည် -

(က) မိမိအုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်တောင်းရမ်းနေသည်ကို တားမြစ်ရန် ပျက်ကွက်ခြင်း၊

(ခ) ကလေးသူငယ်အား တောင်းရမ်းစေခြင်း၊

(ဂ) မိမိတောင်းရမ်းရာတွင် ကလေးသူငယ်ကို အသုံးပြုခြင်း။

၁၀၃။ (က) မည်သူမဆိုကလေးသူငယ်အား အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ရှစ်လမှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ရှစ်သိန်းမှ အများဆုံး ကျပ် ၁၆ သိန်းအထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(၁) မသန်စွမ်းကလေးသူငယ်အားနိုင်ထက်စီးနင်း အကြမ်းဖက်ခြင်း၊ အလွဲသုံးခြင်း၊ ခေါင်းပုံဖြတ်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း၊

(၂) ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဂုဏ်သိက္ခာဆိုင်ရာ ထိခိုက်မှုဖြစ်စေသော အလုပ်လုပ်ရန် ခိုင်းစေခြင်း၊

(၃) ဘေးအန္တရာယ်ရှိသော အလုပ်ကိုဖြစ်စေ၊ ကျန်းမာရေး ထိခိုက်စေသော အလုပ်ကို ဖြစ်စေ ခိုင်းစေခြင်း သို့မဟုတ် လုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(၄) အခမဲ့အလုပ်ခိုင်းစေခြင်း သို့မဟုတ် အခမဲ့ ဝန်ဆောင်မှုပေးစေခြင်း၊

(၅) နှိပ်စက်ညှဉ်းပန်းမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာ ကျဆင်းစေသော နှိမ့်ချပြုမူဆက်ဆံမှုတို့ ပြုကျင့်ခြင်း။

(ခ) မည်သူမဆို ကလေးသူငယ်အား လက်နက်ကိုင်ပဋိပက္ခအတွင်း အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး ခြောက်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ကိုးသိန်းမှ အများဆုံး ကျပ် ၁၈ သိန်းအထိ ငွေဒဏ်လည်းချမှတ်နိုင်သည် -

(၁) ရိက္ခာ၊ လက်နက် သို့မဟုတ် ပစ္စည်းများ သယ်ယူခိုင်းခြင်းစသည့် ပံ့ပိုးရေးလုပ်ငန်းများတွင် အသုံးပြုခြင်း၊ လမ်းပြခိုင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုခြင်း၊

(၂) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း။

၁၀၄။ မည်သူမဆို-

(က) ပုဒ်မ ၆၃၊ ပုဒ်မခွဲ (က) အား စနစ်တကျ စိစစ်ရန် ပျက်ကွက်မှုကြောင့် ကျူးလွန်ခြင်းဖြစ်ပါက နှစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ချမှတ်နိုင်သည်။ တမင်ရည်ရွယ်၍ ကျူးလွန်ခြင်းဖြစ်ပါက ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၆၄၊ ပုဒ်မခွဲ (က) ပါ ပြစ်မှုကို ကျူးလွန်ပါက ငါးနှစ်အထိ ထောင်ဒဏ် ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၆၃၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ခ) ပါ ပြစ်မှုတို့ကို ကျူးလွန်ပါက တစ်ဆယ်နှစ် အထိ ထောင်ဒဏ်ချမှတ်နိုင်သည်။

၁၀၅။ (က) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့် အပြင် အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(၁) မိမိ၏ အုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်အား ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူနှင့်အတူနေစေရန် ခွင့်ပြုခြင်း၊

(၂) မိမိ၏ အုပ်ထိန်းမှုအောက်ရှိ ကလေးသူငယ်သည် ပြည့်တန်ဆာအဖြစ် အသက်မွေးဝမ်းကျောင်း ပြုနေသည်ကို သိလျက်နှင့် တမင်လျစ်လျူရှုခြင်း၊

(၃) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ၊ ကိုယ်ကာယ အလှပြင်ခန်း သို့မဟုတ် စားသောက်ဆိုင်တွင် ကလေးသူငယ်အား ပြည့်တန်ဆာကိစ္စအလို့ငှာ ပေါင်းသင်းဆက်ဆံရန် ခိုင်းစေခြင်း သို့မဟုတ် ခွင့်ပြုခြင်း၊

(၄) ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ယင်းကိစ္စ အလို့ငှာ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း၊

(၅) အတင်းအကျပ်လက်ထပ်ခြင်း သို့မဟုတ် လက်ထပ်စေခြင်း။

(ခ) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးနှစ်နှစ်မှ အများဆုံး တစ်ဆယ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၂ သိန်းမှ အများဆုံး ကျပ် ၁၅ သိန်း အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(၁) ကလေးသူငယ်ကို ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊

(၂) ကလေးသူငယ်အား ပြည့်တန်ဆာအဖြစ် ခိုင်းစေ၍ ရာဇဝတ်ရရှိသည့် အကျိုးစီးပွားကို မှီခို၍ အသက်မွေးခြင်း၊

(၃) လိင်ပိုင်းဆိုင်ရာ အလွဲသုံးခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပြုရန် ကလေးသူငယ်ကို အသုံးပြုခြင်း၊ ငွေ သို့မဟုတ် ပစ္စည်းကိုပေး၍ ခေါ်ယူခြင်း၊ ဖြားယောင်း သွေးဆောင်ခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း။

၁၀၆။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး တစ်ဆယ်နှစ်မှ အများဆုံး နှစ် ၂၀ အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ကလေးသူငယ်ကို ရောင်းချခြင်း၊

(ခ) ကလေးသူငယ်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းအား ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင် ထုတ်ယူဖယ်ရှားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် သိလျက်နှင့် အစားထိုးပေးခြင်း။

၁၀၇။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ရမည်။

၁၀၈။ ဤဥပဒေတွင် ပြစ်ဒဏ်သီးခြားသတ်မှတ်ထားခြင်းမရှိသော ခေါင်းပုံဖြတ်ခြင်း အပါအဝင် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်အတွက် သက်ဆိုင်ရာ တည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ အရေးယူအပြစ်ပေးခြင်းခံရမည်။

၁၀၉။ သက်ဆိုင်ရာ တရားရုံးသည် ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်သည့်အခါ ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ကို ချမှတ်ရမည့်အပြင် တရားမျှတမှုအလို့ငှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူက ပြစ်မှုကျူးလွန်ခြင်းခံရပြီး ထိခိုက်နစ်နာသော ကလေးသူငယ်အား သင့်လျော်သည့် လျော်ကြေးပေးလျော်စေရန် အမိန့်ချမှတ်နိုင်သည်။

**အခန်း (၂၈)**

**ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲသုံးစွဲခြင်း**

၁၁၀။ အမျိုးသားကော်မတီသည် -

(က) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်နိုင်သည် -

(၁) ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်မှ ထည့်ဝင်သည့် မတည်ငွေနှင့် နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေဖြင့် ထောက်ပံ့ငွေ၊

(၂) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများ၊

(၃) စုဆောင်းငွေမှ ရရှိသည့် အတိုးငွေများ။

(ခ) သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းပြီး ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းပြုစေရမည်။

(ဂ) ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စာရင်းပြုစုခြင်း၊ စစ်ဆေးခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲ၍ ယင်းစည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

**အခန်း (၂၉)**

**ကူးပြောင်းကာလ ယာယီပြဋ္ဌာန်းချက်များ**

၁၁၁။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့မတိုင်မီ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ်၉/၉၃) အရ ကလေးသူငယ်ကိုဖြစ်စေ၊ လူငယ်ကိုဖြစ်စေ အရေးယူခဲ့သော သို့မဟုတ် စစ်ဆေးစီရင်ခဲ့သော ပြစ်မှုနှင့်စပ်လျဉ်း၍-

(က) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်အား ချမှတ်သည့် ပြစ်ဒဏ်များ သို့မဟုတ် ဆုံးဖြတ်ချက်များသည် ပျက်ပြယ်စေရမည်။

(ခ) သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာတွင်ဖြစ်စေ၊ အကျဉ်းထောင်တွင်ဖြစ်စေ ထိန်းသိမ်းခြင်းခံနေရသော အသက် ၁၀ နှစ်အောက်ရှိသော ကလေးသူငယ်များကို မိဘ၊ အုပ်ထိန်းသူ၊ ပြုစုစောင့်ရှောက်သူ သို့မဟုတ် လူမှုဝန်ထမ်းအရာရှိ၏ ပြုစုစောင့်ရှောက်မှုသို့ ဆောလျင်နိုင်သမျှ ဆောလျင်စွာ လွှဲပြောင်းပေးရမည်။

၁၁၂။ ဤဥပဒေပြဋ္ဌာန်းသည့် နေ့မတိုင်မီ ကလေးသူငယ်က ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့်စပ်လျဉ်း၍-

(က) ပြစ်မှုကြောင်းအရ အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့သည့် ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/ ၉၃) ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) နှင့် (ခ) ကို ဤဥပဒေ ပုဒ်မ ၇၈၊ ပုဒ်မခွဲ (က)နှင့် (ခ) ဖြင့် အစားထိုးပြီးဖြစ်သကဲ့သို့ မှတ်ယူ၍ ဆက်လက်စစ်ဆေး စီရင်ရမည်။

(ခ) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်က ကျူးလွန်ခဲ့သည့် မပြီးပြတ်သေးသော ပြစ်မှုများကို မည်သည့်အဆင့်တွင် ရှိစေ ကာမူ ပိတ်သိမ်းရမည်။

(ဂ) အသက် ၁၆ နှစ် ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသော လူငယ်က ကျူးလွန်ခဲ့သည့် မပြီးပြတ်သေးသော ပြစ်မှုများကို ဤဥပဒေအရ ကလေးသူငယ်က ကျူးလွန်ခဲ့သည်ဟု မှတ်ယူပြီး ကလေးသူငယ်တရားရုံးများက ဆက်လက် စစ်ဆေးစီရင်ရမည်။

*စာမျက်နှာ ၂၁ သို့*

## ရန်ကုန်တိုင်းဒေသကြီးတွင် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအတွင်း ခရိုင်/မြို့နယ်များရှိဝန်ထမ်းများအား သတင်းရေးသား ထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ကြေးမုံသတင်းစာ စာတည်းမှူးချုပ် (ငြိမ်း)ဦးခင်မောင်ကျော်ဒင်က သတင်းအရင်းအမြစ်များရှာဖွေခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ သတင်းလိုက်ခြင်း၊ သတင်းထုတ်ပြန်ခြင်းနှင့် မီဒီယာဆိုင်ရာ ဥပဒေများအကြောင်းတို့ကို ကဏ္ဍအလိုက် အကျယ်တဝင့် အသိပညာပေးဆွေးနွေးခဲ့သည်။



အဆိုပါ သင်တန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်လေးခရိုင်ရှိ မြို့နယ်များမှ ဓာတ်ပုံကျွမ်းကျင်- ၂၊ ရုပ်သံကျွမ်းကျင်-၃၊ စာထောက်-၃၊ စာရေး စုစုပေါင်း ၄၄ ဦးတက်ရောက် သင်ယူလျက်ရှိရာ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၃ရက်အထိ ခြောက်ရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်၊ နိုင်လင်း**

## ၂၀၂၀ ပြည့်နှစ်အတွင်း တိုးတက်သုံးစွဲလာမည့် ဝန်အားများအတွက် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်

**မန္တလေး ဇူလိုင် ၃၀**

မန္တလေးလျှပ်စစ် ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက မန္တလေးခရိုင်အတွင်း ၂၀၂၀ ပြည့်နှစ်တွင် တိုးတက်ဖြစ်ပေါ်သုံးစွဲလာမည့် ဝန်အားအတွက် ကြိုတင်ပြင်ဆင်ကာ ပြည်သူများဓာတ်အားလုံလောက်စွာ အသုံးပြုနိုင်ရန်အတွက် ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဝန်အား ပြည့်နီးပါး ဖြစ်ပေါ်လာသည့် ၃၃/၁၁ ကေဗွီအောင်မြေသာစံမြို့နယ် ညောင်ကွဲခွဲရုံ၊ တိုက်တော်ခွဲရုံ၊ ချမ်းအေးသာစံမြို့နယ်၊ ဝါခင်းကုန်းခွဲရုံ၊ ချမ်းမြသာစည်မြို့နယ် ထွန်တုံးခွဲရုံ၊ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ခွဲရုံနှင့် သင်ပန်းကုန်းခွဲရုံတို့ရှိ 10 MVA ထရန်စဖော်မာတစ်လုံးစီအား ၎င်းထက် ဝန်အား ၂ ဆ ပိုမိုသုံးစွဲနိုင်သည့် 20 MVAထရန်စဖော်မာများဖြင့် အစားထိုးလဲလှယ်ခြင်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ ခွဲရုံငါးရုံတွင် 20 MVA ထရန်စဖော်မာအသစ် လဲလှယ်ခြင်းလုပ်ငန်းများပြီးစီးနေပြီဖြစ်သည်။ ကျန်ရှိနေသည့် ခွဲရုံနှစ်ရုံကိုလည်း ယခုလာမည့် ဩဂုတ်လအတွင်း အပြီးလဲလှယ်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



လဲလှယ်မည့် ထရန်စဖော်မာများအား စက်ယန္တရားများဖြင့် သယ်ယူနေသည်ကို တွေ့ရစဉ်။

ထို့အပြင် JICA ချေးငွေဖြင့် မန္တလေးခရိုင် ချမ်းအေးသာစံမြို့နယ်၊ ဝါခင်းကုန်းခွဲရုံနှစ်ရုံနှင့် အမရပူရမြို့နယ်၊ စွယ်တော်ခွဲရုံတို့အား 20 MVA. GIS ခွဲရုံများအဖြစ် အသစ်တိုးချဲ့တည်ဆောက်လျက်ရှိသည်။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် နှစ်စဉ်တိုးတက်သုံးစွဲလာသည့် ဝန်အားများအပေါ် စဉ်ဆက်မပြတ်စောင့်ကြည့်တွက်ချက်၍ အစီအမံများရေးဆွဲပြီး ပြည်သူများ ဓာတ်အားလုံလောက်စွာ အသုံးပြုနိုင်ရေးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် တပ်ဆင်အင်အား615.5 MVA ရှိရာမှ ၂၀၁၉ ခုနှစ်တွင် 715.5 MVA အထိ ရှိလာမည်ဖြစ်၍ တိုးချဲ့တည်ဆောက်တပ်ဆင်ခဲ့သည့် 100MVA အတွက် ဝန်အား 80 MW ခန့် ပြည်သူများ ပိုမိုသုံးစွဲလာနိုင်တော့မည် ဖြစ်ကြောင်း မန္တလေးခရိုင် ဒုတိယခရိုင်လျှပ်စစ် မန်နေဂျာထံမှ သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး သတင်းရေးသား ထုတ်ပြန်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲမှ သင်တန်းသား သင်တန်းသူများ၏စကားသံများ

ရန်ကုန် ဇူလိုင် ၃၀

**ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွင်း ခရိုင်/မြို့နယ်များရှိ ဝန်ထမ်းများအား သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။**



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သည့် သင်တန်းသား သင်တန်းသူများ၏ သင်တန်းအတွေ့အကြုံနှင့် ပတ်သက်၍ပြောကြားရာတွင်-

**ဦးစည်သူလင်း(ဓာတ်ပုံ- ၂၊ ပြ)**
**သုံးခွမြို့နယ်**

"ကျွန်တော် ဒီသင်တန်းကို တက်ရောက်တာ ပထမဆုံးအကြိမ်ပါ။ ဒီသင်တန်း တက်ရောက်တဲ့အတွက် ကျွန်တော်မသိသေးတဲ့ သတင်းပိုင်းဆိုင်ရာအချက်အလက်တွေ၊ mail ပေးပို့ပုံ/ပေးပို့နည်းတွေ၊ သတင်းအရင်းအမြစ်တွေ၊ ထုတ်ပြန်နည်းတွေ၊ သတင်းမီဒီယာကျင့်ဝတ်တွေ၊ ဥပဒေ၊ နည်းဥပဒေများဆိုင်ရာ အချက်အလက်တွေကို သိရှိရတဲ့အတွက်ဝမ်းသာပီတိဖြစ်မိပါတယ်။



**ဒေါ်ချယ်ရီ (ရုပ်သံကျွမ်းကျင်-၃)**
**ရွှေပြည်သာမြို့နယ်**

"လုပ်သက်အားဖြင့် ၂၈ နှစ်ရှိပါပြီ။ ဒီသင်တန်းကို ပထမဆုံးအကြိမ် တက်ရောက်တာပါ။ သတင်းတွေကို ကျွန်မတို့ရုံးမှာ ဓာတ်ပုံဆရာကပဲ အမြဲတင်နေတာဖြစ်ပါတယ်။ ကိုယ့်မြို့နယ်ပြန်ရောက်တဲ့အခါ ဓာတ်ပုံဆရာတွေမအားလပ်တဲ့အခါမျိုးမှာ ကိုယ်ကိုယ်တိုင် သတင်းရေးပြီးတော့ တင်ခွင့်ရမယ့်အခြေအနေကြောင့် mail နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို ဆရာတွေသင်ကြားပို့ချတဲ့အတိုင်း သေချာမှတ်ယူပြီးတော့ ကိုယ်တိုင်သတင်းပေးပို့နိုင်အောင်လို့ သိခွင့်ရတဲ့အတွက် အများကြီးအကျိုးရှိပါတယ်"ဟု သင်တန်းတက်ရောက်ခြင်းကြောင့်ရရှိသည့် အကျိုးကျေးဇူးများကို ပြောကြားကြသည်။

**မျိုးလှိုင်၊ နိုင်လင်း**

## သုံးမြွှာပူးမိခင်နှင့်ကလေးများအား ထောက်ပံ့ငွေပေးအပ်

**ခန္တီး ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် အံ့ပေါ်ကျေးရွာနေ ဦးချို -ဒေါ်ခမျိုးတို့၏ သုံးမြွှာပူးကလေးများအား မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ခန္တီးမြို့ပြည်သူ့ဆေးရုံတို့က အဝတ်အထည်နှင့် ထောက်ပံ့ငွေများပေးအပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူ့ဆေးရုံမှ ဆောင်ရွက်ပေးသည်။

အဆိုပါ သုံးမြွှာပူးကလေးများမှာ မိန်းကလေးတစ်ဦးနှင့်ယောက်ျားလေးနှစ်ဦးဖြစ်ပြီး မိခင်နှင့်ကလေးများ၏ ကျန်းမာရေးကောင်းမွန်ကြောင်း၊ လိုအပ်သောဆေးဝါးများကို ခန္တီးမြို့ပြည်သူ့ဆေးရုံအုပ် ဒေါက်တာ လေးဖြူပြာအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချန်လော (ခန္တီး)**

*စာမျက်နှာ ၂၀ မှ*

**အခန်း (၃၀)**

**အထွေထွေ**

၁၁၃။ (က) ကလေးသူငယ်၏ အသက်နှင့် စပ်လျဉ်းသည့် အထောက်အထားကို အောက်ပါအစီအစဉ်အတိုင်း ဦးစားပေး စိစစ်ရမည် -

(၁) မွေးစာရင်း၊

(၂) ကျောင်းဝင်မှတ်ပုံတင်စာရင်း ကောက်နုတ်ချက် မိတ္တူမှန်၊

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် ပြည်တွင်းတွင် အမြဲတမ်းနေထိုင်သော နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊

(၄) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသော သက်ဆိုင်ရာ ဆရာဝန်၏ ဆေးထောက်ခံချက်၊

(၅) အိမ်ထောင်စုစာရင်း၊

(၆) ပုဒ်မခွဲငယ် (၁) မှ (၅) အထိ သတ်မှတ်ထားသော အထောက်အထားများ မရရှိပါက အခြားခိုင်လုံသော အထောက်အထားစာတမ်းအမှတ်အသားတစ်ခုခု။

(ခ) ကလေးသူငယ်၏ အသက်နှင့်စပ်လျဉ်း၍ မွေးဖွားသည့် ခုနှစ်နှင့် လအတွက်သာ ဖော်ပြနိုင်လျှင် မွေးရက်ကို ယင်းလ ၁၆ ရက်နေ့ဟုလည်းကောင်း၊ မွေးဖွားသည့် ခုနှစ်သာ ဖော်ပြနိုင်လျှင် မွေးလနှင့် နေ့ရက်ကို ထိုနှစ်၏ ဇူလိုင်လ ၁ ရက်နေ့ဟု လည်းကောင်း သတ်မှတ်နိုင်သည်။

၁၁၄။ မည်သူမဆို ကလေးသူငယ်ကို မုဒိမ်းမှုကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ရာဇသတ်ကြီးအရ အရေးယူအပြစ်ပေးရမည်။

၁၁၅။ ဤဥပဒေတွင် ကလေးသူငယ်မှုခင်းများကို စုံစမ်းစစ်ဆေးခြင်း၊ ကလေးသူငယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခြင်း၊ စစ်ဆေးစီရင်ခြင်းနှင့်စပ်လျဉ်း၍ သီးခြားပြဋ္ဌာန်းချက်မပါရှိလျှင် ရာဇဝတ် ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

၁၁၆။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/ ၉၃ ) အရ -

(က) လူမှုဝန်ထမ်း ဦးစီးဌာနက တည်ထောင်ထားသော သင်တန်းကျောင်းနှင့် ယာယီ စောင့်ရှောက်ရေးဂေဟာတို့သည် ဤဥပဒေအရ တည်ထောင်သော သင်တန်းကျောင်း၊ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများ ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက လူမှုဝန်ထမ်းဦးစီးဌာနတွင် မှတ်ပုံတင်၍ တည်ထောင်ထားသည့် ပရဟိတဂေဟာများသည် မှတ်ပုံတင်သက်တမ်း တည်ရှိနေသည့် ကာလအတွင်း ဤဥပဒေအရ တည်ထောင်ခွင့်ပြုမိန့်ဖြင့် တည်ထောင်သည့် ပရဟိတဂေဟာများဖြစ်သည်ဟု မှတ်ယူရမည်။ ထိုမှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်အခါ ဤဥပဒေနှင့်အညီ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထား ရယူရမည်။

၁၁၇။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၁၈။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/ ၉၃) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၁၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား ဤဥပဒေဖြင့်သာ အရေးယူဆောင်ရွက်ရမည်။

၁၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သက်ဆိုင်ရာ ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၂၁။ ကလေးသူငယ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/ ၉၃) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြပါစို့



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇူလိုင် ၆ ရက်က လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း၌ ကျင်းပစဉ်။

မြန်မာနိုင်ငံသည် သစ်တောသယံဇာတ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည်။ နိုင်ငံ၏ရေိယာထက်ဝက်ကျော်ကို သစ်တောများက ဖုံးလွှမ်းလျက်ရှိရာ သစ်တောများတွင် ရှင်သန်ကျင်လည်လျက်ရှိသော ဇီဝမျိုးစုံမျိုးကွဲများလည်း ပေါများသည်။ သို့ရာတွင် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်း၊ သစ်အမျိုးအမည်နှင့် တန်ဖိုးကို ခွဲခြားခြင်းမရှိဘဲ ထင်းအဖြစ်အသုံးပြုခြင်းနှင့် တရားမဝင် သစ်ခိုးထုတ်ခြင်းများကြောင့် သဘာဝအရင်းအမြစ်များ လျော့နည်းဆုံးရှုံးလျက်ရှိသည်။

ကမ္ဘာ့ဒေသအသီးသီးတွင် သစ်တောပြုန်းတီးမှု များလာသည်နှင့်အမျှ သစ်ပင်များက လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို စုပ်ယူနိုင်မှု နည်းပါးသွားသဖြင့် လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လျော့နည်းသွားခြင်းမရှိတော့ဘဲ များပြားလာသည့်အပြင် စက်တပ်ယာဉ်များ၊ စက်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ စသည်တို့ တိုးပွားလာမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုများမှာ နှစ်စဉ် တိုးလာခဲ့သည်။

**ကမ္ဘာ့လူဦးရေနှင့် သယံဇာတ**

ကမ္ဘာ့လူဦးရေတိုးပွားမှုကလည်း စွမ်းအင်သုံးစွဲမှုကို တိုးမြင့်လာစေသည်။ လူသားတို့ စိုက်ပျိုးမွေးမြူရေးအတတ်ပညာကို စတင်ကျင့်သုံးခဲ့သော ဘီစီ ၁၀၀၀၀ ခန့်တွင် ကမ္ဘာ့လူဦးရေသည် ၁၅ သန်းအောက်တွင်ရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။ ၁၈၀၄ ခုနှစ်တွင် သန်း ၁၀၀၀ သို့ ရောက်ရှိခဲ့သည်။ ကမ္ဘာ့လူဦးရေမှာ ထပ်တိုးနှုန်းဖြင့် တိုးပွားခဲ့သောကြောင့် ၂၀၁၈ ခုနှစ် နောက်ပိုင်းတွင် သန်း ၇၆၃၀ ရှိမည်ဟု သက်ဆိုင်ရာကုလသမဂ္ဂအဖွဲ့အစည်းက တွက်ချက်တင်ပြထားသည်။

လူတို့သည် ရေ၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ တွင်းထွက်ကျောက် အမျိုးမျိုးနှင့် အခြား မြေအောက်သယံဇာတ ပစ္စည်းများကို ထုတ်ယူသုံးစွဲမှု များလာသည်။ ထို့ကြောင့် မြေပေါ်မြေအောက် သယံဇာတများသည် တဖြည်းဖြည်း လျော့နည်းသည်ထက် လျော့နည်းလာသည်။ သစ်တောကြီးများ ပြုန်းတီးလာသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်ယွင်း လာသည်။ စက်ရုံ၊ အလုပ်ရုံများက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ထုတ်လုပ်မှုများပြားလာခြင်းကြောင့် လေထု ညစ်ညမ်းမှုများ ဖြစ်ပေါ်လာသည်။ စက်ရုံကြီးများက စွန့်ပစ်ပစ္စည်းများကို မြစ်ချောင်းနှင့် ပင်လယ်အတွင်းသို့ စွန့်ပစ်မှုကြောင့် မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်အတွင်းရှိ သဘာဝ ဂေဟစနစ်များ ပျက်စီးလာသည်။ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ကြောင့် ဖန်လုံအိမ်အာနိသင် ဖြစ်ပေါ်လာသည်။ ထို့ကြောင့် ကမ္ဘာကြီးသည် တစ်စတစ်စ ပူနွေးလာခဲ့သည်။

**ရာသီဥတုဖောက်ပြန်လာခြင်း**

အကျိုးဆက်အားဖြင့် ရာသီဥတုများ ဖောက်ပြန်လာသည်။ ဝင်ရိုးစွန်းမှရေခဲများ အရည်ပျော်လာသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီး ရေလွှမ်းမိုးမှုများ ကြုံတွေ့ကြရသည်။ မြေငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ အချိန်အခါမဟုတ်မိုးရွာခြင်း၊ ရေကြီးခြင်း၊ အပူလှိုင်း၊ အအေးလှိုင်းများဖြစ်ပေါ်ခြင်းဟူသည့် သဘာဝလွန် ဆိုးကျိုးများကို တွေ့ကြုံခံစားနေကြရသည်။

လူသားများကြောင့် ကမ္ဘာကြီးသည် ပူနွေးလာရပြီး ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်ခဲ့ရသည်။ တစ်ကမ္ဘာလုံး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးပြီး ရာသီဥတုကပ်ဘေးများ နှစ်စဉ်ဖြစ်ပွားလျက်ရှိသောကြောင့် ၁၉၈၀ ပြည့်နှစ် နောက်ပိုင်းတွင် ကမ္ဘာတစ်ဝန်း အပူချိန်သည် တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။ ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသော ရာသီဥတုပူနွေးပြောင်းလဲမှုသည် မြန်မာနိုင်ငံကိုလည်း သက်ရောက်မှုများ ရှိလာခဲ့သည်။

မြန်မာနိုင်ငံတွင် မုတ်သုံအဝင်နောက်ကျခြင်း၊ အထွက်စောခြင်း၊ မိုးရွာရက်လျော့နည်းလာခြင်း၊ အပူလွန်ကဲခြင်း၊ အအေးပိုခြင်း အစရှိသော သဘာဝရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နေပြီဖြစ်သည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ယခုအခါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကမ္ဘာတစ်ဝန်းတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ရန် ကုလသမဂ္ဂသည် နှစ်စဉ် ဇွန်လ ၅ ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရက ဦးဆောင်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ကြိုးပမ်းလျက်ရှိသည်။ နှစ်စဉ်ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလဟု သတ်မှတ်၍ လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များကို တက်တက်ကြွကြွစိုက်ပျိုးကြသည်။ ထို့အပြင် ပျက်စီးရန်မလွယ်ကူဘဲ သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်စေသည့် ကြွပ်ကြွပ်အိတ်အသုံးပြုမှုများကို လျှော့ချရန်နှင့် ကြွပ်ကြွပ်အိတ်အသုံးပြုမှု ကင်းစင်ရန် လှုံ့ဆော်လျက်ရှိသည်။ Reduce, Reuse နှင့် Recycle နည်းသုံးနည်းကို ကျင့်သုံးရန် အသိပညာပေးလျက်ရှိသည်။

အမှန်အားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် လူသားတိုင်း၏တာဝန်ဖြစ်သည်နှင့်အညီ လူတိုင်းလူတိုင်းတွင် တာဝန်ရှိပါသည်။ ကမ္ဘာပေါ်တွင် ဖြစ်ပွားလျက်ရှိသော ဖြစ်ရပ်များမှ သင်ခန်းစာယူလျက် သဘာဝပတ်ဝန်းကျင်အရေး တက်ကြွလှုပ်ရှားသူများက ကမ္ဘာကြီး ယခုထက်ပို၍ ပျက်စီးမသွားအောင် ထိန်းသိမ်းကြရန် တောင်းဆိုနေကြပြီဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကို တားဆီးနိုင်မည်မဟုတ်သော်လည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ကြိုတင်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ထားခြင်းဖြင့် သက်သာရာရစေနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ကမ္ဘာ့ပတ်ဝန်းကျင် သာယာလှပစေရေးအတွက် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

**မြင့်မြတ်သီတာ**

# ဓနုဖြူမြို့ပေါ် ရပ်ကွက်များအတွင်းရှိ မုန့်ဆိုင်များကို ကွင်းဆင်းစစ်ဆေး

**ဓနုဖြူ ဇူလိုင် ၃၀**

ဓနုဖြူမြို့ပေါ် ရပ်ကွက်များအတွင်းရှိ မုန့်ဆိုင်များတွင် စားသုံးရန်မသင့်သောမုန့်များ ရောင်းချခြင်းမရှိစေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်၊ မြို့နယ်ရဲတပ်ဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့နှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ ဇူလိုင် ၂၉ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် ဆိုင်အချို့၌ စားသုံးရန်မသင့်သော Rhodamine B ပါဝင်သည့် မြန်မာစတားအမှတ်တံဆိပ်ပါ ရောင်စုံသကြားလုံး(အဝိုင်းပြားနှင့် ငရုတ်သီးပုံ) များနှင့် သက်တမ်းလွန် မှိုတက်နေသော မုန့်များကို တွေ့ရှိ၍ သိမ်းဆည်းကာ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာများအနေဖြင့် ယခုလို ကွင်းဆင်းစစ်ဆေးပေးခြင်းဖြင့် စားသုံးသူပြည်သူများနှင့် ကလေးငယ်များအတွက် စားသုံးရန်မသင့်သောမုန့်များကို ရောင်းချမှုလျော့နည်းလာစေပြီး ရောင်းချမှုရှိပါကလည်း ထိရောက်စွာအရေးယူခြင်း၊ သိမ်းဆည်းဖျက်ဆီးပေးခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောသည်။

**အောင်သူဟိဏ်း (ဓနုဖြူ)**



မုန့်ဆိုင်တစ်ဆိုင်၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးနေစဉ်။

# ကွန်ပျူတာတက္ကသိုလ်(မကွေး)၌ ACM Invited Talk အစီအစဉ်ကျင်းပ

**မကွေး ဇူလိုင် ၃၀**

ကွန်ပျူတာတက္ကသိုလ်(မကွေး)နှင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် Association for Computer Machinery(ACM) တို့ ပူးပေါင်းကျင်းပသည့် ACM Invited Talk အစီအစဉ်ကို ဇူလိုင် ၂၉ ရက်က ကွန်ပျူတာ တက္ကသိုလ်(မကွေး)ဘက်စုံခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ်(မကွေး)ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဟောပြောပေးသည့် ပညာရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

အဆိုပါ ACM Invited Talk အစီအစဉ်၏ နံနက်ပိုင်း ၁၀ နာရီမှ ၁၂ နာရီအထိတွင် Mapping Learning Outcomes with Learning Objectives to achieve Real Impact of OBE ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယပိုင်း မွန်းလွဲ ၁ နာရီမှ ၂ နာရီခွဲအချိန်အထိ အစီအစဉ်တွင် ICT Enabled Agriculture for Sustainable Rual Economy ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myanmar Institute of Information Technology(MIIT)နှင့် International Institute of Information Technology(IIIT)(Bangalore)မှ ပညာရှင်ပါမောက္ခ ဒေါက်တာ Sinha က ဟောပြောပို့ချခဲ့သည်။

ဟောပြောပေးသည့် ပညာရှင် ပါမောက္ခ ဒေါက်တာ Sinha သည် အိန္ဒိယသမ္မတနိုင်ငံ ဘန်ဂလော အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ Adjunct Professor တာဝန်နှင့် မန္တလေးမြို့ မြန်မာ့သတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ Professor တာဝန်များကို ထမ်းဆောင်နေသူဖြစ်ကာ ယနေ့အထိ နိုင်ငံတကာနှင့် ပြည်တွင်း သုတေသနစာတမ်းဖတ်ပွဲများ၊ သုတေသနဂျာနယ်များ၌ စာတမ်းပေါင်း ၂၂၃ စောင် ရေးသားပြုစုထုတ်ဝေခဲ့ပြီး IEEE, Springer, Elsevier စသည့် နိုင်ငံတကာတွင် နာမည်ကျော်ကြားသော သုတေသနဂျာနယ် ၁၂ ခုတို့၏ စစ်ဆေးအကဲဖြတ်သူအဖြစ်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး (ငဖဲ)**




# လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တောင်ပေါ်ဒေသမှ တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး




တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ဝင်များက ပြည်သူများအား ဆေးဝါးကုသပေးနေစဉ်။

**မိုင်းယောင်း ဇူလိုင် ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်းရှိ ဝေးလံခေါင်သီပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တောင်ပေါ်ဒေသဖြစ်သည့် ဝမ်အင်ချောင်းများကျေးရွာမှ တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်မှုများကို တပ်မတော် ရှေ့တန်းအမှတ်(၅၇၃) ခြေမြန်တပ်ရင်း နယ်လှည့်ဆေးကုသရေးအဖွဲ့က ဇူလိုင် ၂၉ ရက်က ဆောင်ရွက်ပေးခဲ့သည်။

တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာတွင် ဒေသခံတိုင်းရင်းသားပြည်သူ ၅၇ ဦးအား သွေးတိုးရောဂါ၊ နှလုံးအားနည်းရောဂါ၊ ဖျားနာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သလို ဒေသခံပြည်သူများအား မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း အသိပညာပေး ဟောပြောဆွေးနွေးခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့အပြင် ဒေသခံ သက်ကြီးရွယ်အိုများအား ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ အိုင်အိုဒင်းဆား စသည့် အာဟာရဖြစ်စေသော အစားအစာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# မှူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးဆိုင်ရာ ဟောပြောပွဲများ မြို့နယ်အသီးသီး၌ကျင်းပ

**မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီစဉ်မှုဖြင့် မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**

### ကျောက်တံခါး

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးစန်းခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက သက်ငယ်မုဒိမ်းမှုများအကြောင်းနှင့် သက်ငယ်မုဒိမ်းမှုကာကွယ်ရေး သိကောင်းစရာများ၊ ရာဇဝတ်မှုများနှင့် လောင်းကစားမှုများ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများကို ရှင်းလင်းပြသ၍ ဟောပြောခဲ့ပြီး မြို့မစခန်းမှူး ဒုရဲမှူးပြေငြိမ်းက ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ယာဉ်စည်းကမ်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်းကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

**ခင်ကို (ကျောက်တံခါး)**

### ကျောက်ထု

မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့ ကြီးရွာ အထကကျောင်း၌ ပြုလုပ်သည့် မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၀၀ နီးပါး တက်ရောက်ကြပြီး ကျောင်းအုပ်ဆရာကြီး ဦးဝင်းသျှန်က အမှာစကားပြောကြားကာ ကျောက်ထုမြို့မ ရဲစခန်းမှ စခန်းမှူး ရဲအုပ်ခင်မောင်ရွှေက မှုခင်းကျဆင်းရေးနှင့်ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ၊ ကျောက်ထုမြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအေးလင်းက မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာသိကောင်းစရာများကို ဟောပြောခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

### မိုင်းယု

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ ကော်ဆမ်မိန်းကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၉ ရက်က ကျင်းပရာ သက်ငယ်မုဒိမ်းမှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ ကလေးငယ်များ သိရှိထားသင့်သော အခြားသူများကိုထိကိုင်ခွင့်ပြုရန်မသင့်သည့် မိမိတို့ခန္ဓာကိုယ်မှ နေရာများအကြောင်း၊ သက်ငယ်မုဒိမ်းမှု ဖြစ်ပွားခြင်းမရှိစေရန် လူကြီးမိဘများ အနေဖြင့် သတိပြုရမည့် အချက်များ၊ သက်ငယ်မုဒိမ်းမှု ကျူးလွန်မည်ဟု သံသယရှိလာခဲ့လျှင် သို့မဟုတ် သက်ငယ်မုဒိမ်းမှုဖြစ်ပွားခဲ့လျှင် ကလေးများအနေဖြင့် မိဘများနှင့် ပတ်ဝန်းကျင်ထံ အကူအညီတောင်းခံရမည့် နည်းလမ်းများနှင့် စာပေဖတ်ရှုခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်လဲ့လဲ့ဝင်းမောင်က သာဓက သင်ခန်းစာများဖြင့် အသေးစိတ် အသိပညာပေး ဟောပြောခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

### ဆော

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကံချောင်းကျေးရွာမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဉာဏ်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်က မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများအတွက် ပြစ်မှုပြစ်ဒဏ်များ၊ သက်ငယ်မုဒိမ်းမှု ကာကွယ်ရေးအတွက် ဆောင်ရန်ရှောင်ရန် အချက်များ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို ဟောပြောပြီး မြို့နယ်ရဲစခန်းမှူး ဒုရဲမှူးဝင်းထိုက်က မြို့နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် လုံခြုံရေး တိုးမြှင့်ဆောင်ရွက်နေမှု အခြေအနေများနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောကာ ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

### ပူတာအို

ပူတာအိုခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မချမ်းဘောမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ဒေသခံပြည်သူများအား အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ ရက်က မချမ်းဘောမြို့ မြို့မရပ်ကွက်(၂) အလယ်တန်းကျောင်း၌ ကျင်းပခဲ့ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်ပပစိုးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စန်းယုမော်က အမျိုးသမီးငယ်များနှင့် ယဉ်ကျေးမှုဆိုင်ရာအကြောင်းသိကောင်းစရာများ၊ မြို့နယ်ဆရာဝန် ဒေါက်တာအောင်သိုက်ထွန်းက HIV/AIDS ရောဂါအကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ရင်ရင်ချိုက ကလေးငယ်များနှင့် သက်ငယ်မုဒိမ်းမှုအကြောင်း သိကောင်းစရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ကျန်းမာရေးဆရာမ ဒေါ်မေရီစိုးက ရာသီတုပ်ကွေးရောဂါအကြောင်းနှင့် ရောဂါလက္ခဏာများကို အသိပညာပေး ဟောပြောကာ ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူ ၁၀၀ ခန့်အား မှုခင်းကျဆင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဖုန်ကန် (ပူတာအို)**

# မြေပဲတွင် ခာတ်ကြွင်းနှင့် အဆိပ်ပါဝင်မှု လျှော့ချရန် တောင်သူပညာပေးသင်တန်းဖွင့်

**ညောင်ဦး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းမှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် မြေပဲသီးနှံတွင် ခာတ်ကြွင်းအာနိသင်နှင့် အယ်ဖလာတောက်ဆင် (မှို အဆိပ်)ပါဝင်မှု လျှော့ချရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် ကြအိုကျေးရွာနှင့် မီးလောင်ဖျားကျေးရွာတို့၌ တောင်သူနည်းပညာပေးသင်တန်းများကို ဇူလိုင် ၂၈ ရက်က ဖွင့်လှစ်ပို့ချ သင်ကြားပေးခဲ့ကြောင်း ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်သန်းမြင့်ထံမှ သိရသည်။



ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံများက ဒေသခံတောင်သူများအား ခာတ်ကြွင်းလျှော့ချရေး သင်ကြားပို့ချစဉ်။

မြို့နယ်အတွင်းရှိ ပြည်သူများ အစားအသောက် ဘေးကင်းလုံခြုံစေရေးအတွက် မြေပဲသီးနှံတွင် ပါဝင်တတ်သည့် ခာတ်ကြွင်းအာနိသင်နှင့် အယ်ဖလာတောက်ဆင် (မှိုအဆိပ်)လျှော့ချရေး စီမံကိန်းကို ဆောင်ရွက်ရန် ကျေးရွာပေါင်း ၁၆ ရွာကို ရွေးချယ်၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထိုစီမံကိန်းအရ စီမံကိန်းဝင်ကျေးရွာနှစ်ရွာဖြစ်သည့် မီးလောင်ဖျားကျေးရွာနှင့် ကြအိုကျေးရွာတို့မှ ဒေသခံ မြေပဲစိုက်တောင်သူများအား သင်တန်း ဖွင့်လှစ်၍ သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် အစားအစာ ဘေးကင်းလုံခြုံစေရေးနှင့် ဆီထွက်သီးနှံဖြစ်သည့် မြေပဲအပါအဝင် ငရုတ်နှင့် ဟင်းသီးဟင်းရွက်များတွင် ခာတ်ကြွင်းအာနိသင်နှင့် အယ်ဖလာတောက်ဆင်(မှိုအဆိပ်ခာတ်)ပါဝင်မှု လျှော့ချရေးဆိုင်ရာ နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များနှင့် တောင်သူများကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရမည့် ကြိုတင်ကာကွယ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်သန်းမြင့်၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်ကြည်ကြည်ဆွေနှင့် ကွင်းတာဝန်ခံ ဝန်ထမ်းများက သင်တန်းကာလ တစ်ရက်တာ စာတွေ့လက်တွေ့စနစ်တကျ သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

စားသုံးသူများအတွက် ခာတုအန္တရာယ်ကင်းစင်သော အစားအသောက်များကို ရောင်းချမည့် ဈေးတစ်ဈေး ပေါ်ထွက်လာစေရန်၊ ခာတု အန္တရာယ်ကင်းစင်သော လယ်ယာလုပ်ငန်းများ ပေါ်ထွက်လာစေရေးအတွက် ပဏာမခြေလှမ်းအဖြစ် ဆောင်ရွက်ရန် စသည့် ရည်ရွယ်ချက် သုံးရပ်ဖြင့် အဆိုပါသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး ကျန်ရှိသည့် စီမံကိန်းဝင် ကျေးရွာများ၌လည်း သင်တန်းများကို ဆက်လက်၍ ကွင်းဆင်းဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ကျွဲနွားကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းနှင့် မြက်စိုက်ခင်းများထူထောင်ခြင်းဆိုင်ရာ သင်တန်းဖွင့်

**ကြံခင်း ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်အတွင်းမှ မွေးမြူရေးတောင်သူများအတွက် ကျွဲနွားကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ခြင်းနှင့် တစ်ပိုင်တစ်နိုင်မြက်စိုက်ခင်းများ ထူထောင်ခြင်းဆိုင်ရာ သင်တန်းတစ်ရပ်ကို မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ဇူလိုင် ၁၉ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ကျွဲနွားကူးစက်ရောဂါများမဖြစ်မီ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ ရောဂါဖြစ်ပွားပါက ကူးစက်ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ၊ တစ်နိုင်တစ်ပိုင် မြက်စိုက်ခင်းများ ထူထောင်စိုက်ပျိုးခြင်းနှင့် နေပီယာ၊ မွန်ဘားစား စသည့် မြက်အမျိုးအစားများအကြောင်း စသည်တို့ကို ကြံခင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကိုက သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းမှတစ်ဆင့် ပြည်သူလူထုအကြား မွေးမြူရေးအသိပညာများ ပြန့်ပွားစေရန်နှင့် ပြည်သူများ၏ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူများ၊ မွေးမြူရေးလုပ်ငန်းကို စိတ်ဝင်စားသူများနှင့် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပို့ပို့ (ပြန်/ဆက်)**

# မြိတ်မြို့ သံဃာ့ဆေးရုံဝင်းအတွင်း၌ ခုတင် ၁၀၀ ဆံ့ သီတဂူစက္ခုဒါနဆေးရုံ တည်ဆောက်လျက်ရှိ

**မြိတ် ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းရပ်ကွက် စပါးရွှေဝါလမ်းရှိ ဇီဝိတဒါန သံဃာ့ဆေးရုံဝင်းအတွင်း ခုတင်(၁၀၀)ဆံ့ မြိတ်မြို့ သီတဂူစက္ခုဒါနဆေးရုံကို ကမ္ဘာ့သာသနာပြု သီတဂူဆရာတော်၏ ဦးဆောင်မှုဖြင့် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မျက်စိဝေဒနာနှင့်ပတ်သက်သည့် ရဟန်း၊ သာမဏေ၊ သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအား စိတ်အေးချမ်းသာစွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စက္ခုဒါနဆေးရုံကို ဆောက်လုပ်ခြင်းဖြစ်ပြီး အရွယ်အစားမှာ အလျား ၁၁၄ ပေ၊ အနံ ၄၅ ပေရှိသော အာရ်စီနှစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သိရသည်။



စက္ခုဒါနဆေးရုံတည်ဆောက်ရန် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပစဉ်။

အဆိုပါဆေးရုံ ဆောက်လုပ်ရန်အတွက် ရွှေနန်းတော်မုန့်တိုက် မိသားစုနှင့် အာရုံသစ်ဘော်ဒါ မိသားစုတို့ အပါအဝင် အလှူရှင် ခြောက်ဦးက အလှူငွေများ စုပေါင်းလှူဒါန်းထားပြီး ငွေကျပ်သိန်း ၃၀၀၀ ကျော် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း အလှူရှင်တစ်ဦးဖြစ်သူ ဦးမျိုးထွန်း၏ ပြောကြားချက်အရ သိရသည်။ ထို့အတူ ဇီဝိတဒါန သံဃာ့ဆေးရုံရှိ ခွဲစိတ်ဆောင်ကိုလည်း ဖိုးလမင်းကုမ္ပဏီ၏ ငွေကျပ်သိန်း ၃၀၀ လှူဒါန်းမှုဖြင့် ပြန်လည်ပြင်ဆင်မွမ်းမံလျက်ရှိကြောင်း သိရသည်။

စက္ခုဒါနဆေးရုံ ဖြစ်မြောက်ရေးအတွက် ပထမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၈ ရက်က လှည်းဘီးကျောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့ပြီး အလှူငွေများလှူဒါန်းကြသည့် ဆရာတော် သံဃာတော်များ၊ စေတနာရှင် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ခဲ့ကာ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ်သိန်း ၁၇၀၀ ကျော် ရရှိပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အရာတော်မြို့နယ် စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း၏ ကဗျာအကြောင်းဆွေးနွေးပွဲကျင်းပ

**အရာတော် ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ အရာတော်မြို့နယ် စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း၏ ကဗျာအကြောင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့ပြီး ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

စာပေဆွေးနွေးပွဲတွင် အရာတော်မြို့နယ် စာအုပ်စာပေချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌ ဦးစန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးတင့်ဝေက စာပေဆွေးနွေးပွဲများကို လစဉ် ကျင်းပသွားမည်ဖြစ်ကာ စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများအနေဖြင့် လာရောက်ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ကြောင်း ပြောကြားသည်။ ထို့နောက် စာရေးဆရာ စိုးဝင်းဗိုလ်(အရာတော်)နှင့် စာရေးဆရာ နေနိုင်အေး(အရာတော်)တို့က ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာနှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေးကြပြီး မြို့နယ်အတွင်းရှိ စာရေးဆရာများနှင့် စာပေချစ်မြတ်နိုးသူများက ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာနှင့်ပတ်သက်သည့် အတွေးအမြင်များကို ဆက်လက် ဆွေးနွေးခဲ့ကြသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ကျပ်သိန်းပေါင်း ခုနစ်သောင်းကျော် အကုန်ကျခံ၍ တည်ဆောက်နေသည့် မြဝတီမြို့ ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်း ၂၅ ရာခိုင်နှုန်း ပြီးစီး

**မြဝတီ ဇူလိုင် ၃၀**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့၌ ခေတ်မီ အဝေးပြေးယာဉ်ရပ်နားစခန်းကို ငွေကျပ်သိန်းပေါင်း ခုနစ်သောင်းကျော် အကုန်အကျခံပြီး တည်ဆောက်လျက်ရှိရာ ယခုအခါ ၂၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ခေတ်မီ ယာဉ်ရပ်နားစခန်းကို စိမ်းလဲ့မြိုင် အဝေးပြေးယာဉ်ရပ်နားစခန်းဟု အမည်ပေးထားပြီး မြဝတီမြို့နှင့် သုံးကီလိုမီတာအကွာရှိ အေးသုခကျေးရွာအနီး၌ ၂၀၁၈ စက်တင်ဘာလအတွင်းက စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော်တို့ ဒီစိမ်းလဲ့မြိုင် ခေတ်မီအဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ဖို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြခဲ့ပြီး ကရင်ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြု ခွင့်ပြုချက်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်၊ နယ်စပ် မြဝတီမြို့မှာ အဝေးပြေးယာဉ်ရပ်နားစခန်း မရှိတဲ့အတွက် အဝေးပြေးကားတွေက မြို့ထဲက လမ်းမတွေပေါ်မှာ ရပ်ချင်သလိုရပ်ပြီး ပစ္စည်းအတင်အချတွေ ပြုလုပ်နေကြတဲ့အတွက် ယာဉ်ကြောပိတ်ဆို့မှုတွေလည်း နေ့စဉ်နီးပါးဖြစ်ပေါ်နေပါတယ်၊ ဒါကြောင့် ခေတ်မီ အဝေးပြေးယာဉ်ရပ်နားစခန်းကြီးတစ်ခုကို ငွေကျပ်သိန်းပေါင်း ခုနစ်သောင်းကျော် အကုန်ခံ တည်ဆောက်တာဖြစ်ပြီး ၂၀၂၀ ဧပြီလလောက်မှာ ပြီးစီးဖို့ ခန့်မှန်းထားပါတယ်"ဟု စိမ်းလဲ့မြိုင် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်းမှ မန်နေးဂျင်းဒါရိုက်တာ ဦးမျိုးဝင်းသန်းက ပြောသည်။



အဝေးပြေးယာဉ်ရပ်နားစခန်း ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ယာဉ်ရပ်နားစခန်း ပြီးစီးပါက ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍လည်း "ယာဉ်ရပ်နားစခန်းကြီး ပြီးသွားရင် အိမ်ရာစီမံကိန်းတွေကိုပါ တည်ဆောက်သွားမှာဖြစ်ပြီး ပြည်သူတွေအနေနဲ့ အရစ်ကျစနစ်နဲ့ လစဉ်ပေးသွင်းပြီး ပိုင်ဆိုင်မှုရရှိအောင် ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကို ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ စိမ်းလဲ့မြိုင် ခေတ်မီ အဝေးပြေးယာဉ်ရပ်နားစခန်းကြီးတွင် မော်တော်ယာဉ်ကြီးများအတွက် ၂၅ ပေ×၄၀ ပေ နှစ်ထပ်ဆောင် ၅၃ ခု၊ ယာဉ်ငယ်များအတွက် ၁၅ ပေ×၃၀ ပေ နှစ်ထပ်ဆောင် ၅၀ တို့ကို တည်ဆောက်သွားမည်ဖြစ်ပြီး ယာဉ်ရပ်နားစခန်း၏ စုစုပေါင်း ဧရိယာအကျယ်အဝန်းမှာ ကိုးဧကရှိကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

# သာသနာတော်ဆိုင်ရာ ဘွဲ့အဆင့်ဆင့်နှင့် စီးပွားရေးစွမ်းဆောင်ရှင်ဆု ရရှိကြသူများအား ဂုဏ်ပြုပွဲကျင်းပ

**မန္တလေး ဇူလိုင် ၃၀**

ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားထွန်းကားစေရန်အလို့ငှာ ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းခဲ့ကြ၍ နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့ အဆင့်ဆင့်ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှင်းခံရသူများနှင့် ထိုင်းနိုင်ငံမှ ပေးအပ်သော အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်ဆု ရရှိခဲ့သူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကမ်းနား လမ်းရှိ ကြင်းတောယန် ဗုဒ္ဓဘာသာဘုရားကျောင်းခန်းမ၌ ကျင်းပခဲ့သည်။



အလှူရှင်တစ်ဦးက တိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ အလှူငွေပေးအပ်စဉ်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုပွဲအခမ်းအနား ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ထာဝရမန္တလေးဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် ထာဝရကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဦးမောင်ကိုက အခမ်းအနား ကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော် ရရှိသည့် ဒေါ်ဆွေသဇင် အပါအဝင် သာသနာတော်ဆိုင်ရာ သာသနာနုဂ္ဂဟဘွဲ့ အဆင့်ဆင့် ရရှိသူ ၂၇ ဦးနှင့် ထိုင်းနိုင်ငံမှပေးအပ်သော အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်ဆု ရရှိခဲ့ကြသည့် အမျိုးသမီးသုံးဦးတို့အား ဒေါက်တာယုယုမေနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို တစ်ဦးချင်းပေးအပ်ခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကြင်းတောယန်ဗုဒ္ဓဘာသာပရဟိတအသင်းမှ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းကြူ (ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်)နှင့် ဦးမောင်မောင် (ငြိမ်းဆေးရုံနှင့် မြို့တော်ဆေးရုံ၊ ရီရှင်းဟိုးဒင်းကုမ္ပဏီလီမိတက်) တို့က အလှူငွေ ကျပ်သိန်း ၁၀၀ စီ အပါအဝင် အလှူရှင်များက အလှူငွေ စုစုပေါင်း ကျပ်သိန်း ၄၅၀ နှင့် ဘီစကစ်ဗူး ၁၅၀ တို့ကိုလည်းကောင်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းကြူက မင်းကွန်း ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

**အောင်စံမောင်**

# မြိတ်ခရိုင် ဌာနဆိုင်ရာများနှင့် အင်္ဂမော်ကျေးရွာအုပ်စုမှပြည်သူများ တွေ့ဆုံဆွေးနွေး

**မြိတ် ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စုအတွင်းမှ ကျေးလက်နေ ပြည်သူများ ကြုံတွေ့နေရသည့် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော အထွေထွေ အခက်အခဲများကို လက်တွေ့ကျကျ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ဇူလိုင် ၂၉ ရက်က ကလင်းဘန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ယခုကဲ့သို့ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်နေပြည်သူများနှင့် ကွင်းဆင်းတွေ့ဆုံခြင်းမှာ ကျေးလက်နေပြည်သူများ ကြုံတွေ့နေရသည့် အထွေထွေအခက်အခဲများကို ပိုမိုသိရှိနားလည်ပြီး လက်တွေ့ကျကျ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်ဖြစ်ကြောင်း၊ ချက်ချင်းဖြေရှင်းပေးနိုင်သည်များကို ချက်ချင်းဆောင်ရွက်ပေး၍ ချက်ချင်းဆောင်ရွက်ပေးရန် မဖြစ်နိုင်သည်များကို အထက် ဌာနဆိုင်ရာများသို့ တင်ပြပြီး ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများက ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက လျှပ်စစ်မီးရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရန် လိုအပ်နေမှု၊ လယ်ယာကုန်ထုတ်လမ်းများ လိုအပ်နေမှု၊ လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းအသုံးပြုနိုင်ရန်လိုအပ်မှု၊ တစ်နှစ်ပတ်လုံးစိုက်ပျိုးရေရရှိရေးနှင့် ချောင်းကောမြောင်းကောများ တူးဖော်ပေးရေး၊ အိမ်ထောင်စုစာရင်းများ ရရှိရေး စသည့် ဒေသ၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

မြိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်ကလည်း အင်္ဂမော်ကျေးရွာအုပ်စုအတွင်းသာမက မြိတ်မြို့နယ်အတွင်းရှိ ကျန်သော ကျေးရွာအုပ်စု ၂၀ ခု၌လည်း ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပွဲများကို ပြုလုပ်သွားရန် စီစဉ်ထားကြောင်း၊ ကျေးလက်နေပြည်သူများ၏ အသံများကိုနားထောင်ပြီး ချက်ချင်းဖြေရှင်းနိုင်သည့်ကိစ္စရပ်များကို ချက်ချင်း ဖြေရှင်းပေးကာ မရသည့် ကိစ္စရပ်များကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် အထက်ဌာနအဆင့်ဆင့်သို့ တင်ပြ၍ အကောင်းဆုံးနှင့် အမြန်ဆုံး ဖြေရှင်းပေးနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **မြင့်ဦး(မြိတ်)**



ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများ တွေ့ဆုံဆွေးနွေးစဉ်။

# ရွှေဘိုမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၇၀၀၀၀ ကျော် ထုတ်ချေးထားပြီးဖြစ်

**ရွှေဘို ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၇၂ စုရှိ တောင်သူပေါင်း ၁၅၀၀၀ ခန့်အား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၁၂၀၀၀၀ ခန့် ချေးပေးရန် လျာထားပြီး မေလ ၆ ရက်မှစတင်၍ ချေးငွေများ ထုတ်ချေးပေးခဲ့ရာ လက်ရှိအချိန်တွင် ကျပ်သိန်းပေါင်း ၇၀၀၀၀ ကျော် ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ကျေးရွာအုပ်စု ၄၆ စုရှိ တောင်သူပေါင်း ၈၃၅၄ ဦးထံသို့ ထုတ်ချေးထားပြီးဖြစ်ကာ ချေးငွေပမာဏမှာ ငွေကျပ် ၇၁၃၅၇ ဒသမ ၅ သိန်းဖြစ်ကြောင်း၊ ကျန်ရှိသော အုပ်စုများမှ တောင်သူများအတွက် ချေးငွေများကိုလည်း ဩဂုတ်လကုန်အပြီး ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ချေးငွေထုတ်ပေးရာတွင် စပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းနှင့် အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးကြောင်း၊ ထို့အပြင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)မှ ထွန်စက်ကြီး လေးစီးနှင့် ရိတ်သိမ်းခြွေလှေ့စက်ရှစ်စီး ဝယ်ယူရန်အတွက် ချေးငွေကျပ်သန်းပေါင်း ၅၀၀၀ ကိုလည်း ထုတ်ချေးပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရွှေဘိုမြို့နယ်ဘဏ်ခွဲမှ မန်နေဂျာ ဦးခင်မောင်လွင်ထံက သိရသည်။

ရွှေဘိုမြို့နယ်၌ ပြီးခဲ့သည့်နှစ် မိုးရာသီက စပါးစိုက်ဧက ၆၀၀၀၀ ကျော်နှင့် အခြားသီးနှံစိုက်ဧက ၁၇၀၀၀ ကျော်ရှိပြီး ယခု မိုးရာသီတွင် စပါးစိုက်ဧက ၇၀၀၀၀ ကျော်နှင့် အခြားသီးနှံစိုက်ဧက ၂၀၀၀၀ ကျော်ရှိကြောင်း၊ ယမန်နှစ် ချေးငွေ၏ ၉၀ ရာခိုင်နှုန်းကို ကောက်ခံရရှိပြီးဖြစ်ကာ ကြွေးကျန်အနေဖြင့် ငွေကျပ် ၁၁၀၅၇ ဒသမ ၅ သိန်းကျန် ရှိကြောင်းလည်း ဘဏ်ခွဲ မန်နေဂျာထံမှ သိရသည်။

**မိုးသောက် (ရွှေဘို)**

# အုတ်တွင်းမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ဆွေးနွေးဟောပြောပွဲကျင်းပ

**အုတ်တွင်း ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က ကြီးမှူး၍ မြို့နယ်အတွင်းရှိ တဲကြီးကုန်းကျေးရွာ ဓမ္မာရုံ၌ ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၈ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲသို့ တဲကြီးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာ ခုနစ်ရွာမှ ပြည်သူ ၁၁၀ ခန့် တက်ရောက်ခဲ့ပြီး ဟောပြောပွဲတွင် အုတ်တွင်းမြို့နယ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားကာ အဖွဲ့ဝင်(၁) ဦးတင်ရွှေက ဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများကိုလည်းကောင်း၊ အဖွဲ့ဝင်(၂) ဦးစိုးကျော်ယုက ရာဇဝတ်မှုအကြောင်းများကိုလည်းကောင်း၊ အတွင်းရေးမှူး ဒေါ်ဝေဝေလွင်က တရားမမှုအကြောင်းများကိုလည်းကောင်း၊ အဖွဲ့ဝင်(၃) ဒေါ်မေသီရိဝင်းက ဆင်းရဲနွမ်းပါးသူများအား အခမဲ့ ရှေ့နေလိုက်ပေးမည့် အကြောင်းအရာများကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေး ဟောပြောကြကာ တက်ရောက်လာကြသူများက သိရှိလိုသည့်မေးခွန်းများကိုလည်း ပြန်လည်ဖြေကြားခဲ့သည်။ **(၀၄၈)**

# မူးယစ်ဆေးဝါးနှင့်

# မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးဆိုင်ရာ ဟောပြောပွဲများ မြို့နယ်အသီးသီး၌ကျင်းပ

**မြင်းခြံ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဇီးပင်ကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်မော်က အမှာစကားပြောကြားပြီး မြင်းခြံခရိုင် ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးစိုးမြင့်ထွေးက ယာဉ်မောင်းရာတွင်လိုက်နာရမည့် စည်းကမ်းများ၊ လမ်းဖြတ်ကူးရာတွင် သတိပြုရမည့်အချက်များ၊ ယာဉ်မောင်းသူများသည် ယာဉ်လိုင်စင် လူလိုင်စင်များ တစ်ပါတည်း ယူဆောင်ပါရှိရန် စသည်တို့ကို ဟောပြောခဲ့သည်။ ထို့နောက် ကုက္ကဲရဲကင်းစခန်းမှူး ဒုရဲအုပ်သိန်းဇော်က သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရန် ကလေးငယ်များနှင့် မိဘများအနေဖြင့် သတိပြုရမည့်အချက်များနှင့် မှုခင်းများဖြစ်ပွားပါက သက်ဆိုင်ရာသို့ အမြန်ဆုံး အသိပေးအကြောင်းကြားရန် စသည်တို့ကို ဆွေးနွေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ဇီးပင်ကန်ကျေးရွာ အထကကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **(၁၄၇)**

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မုန်တောင်ရွာသစ်ကျေးရွာ၌ ဇူလိုင် ၂၉ ရက်က ကျင်းပခဲ့သော မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲတွင် မုန်တောင်ရွာသစ်ကျေးရွာ ရွာခွဲတာဝန်ခံ ဦးလှအုန်းက အမှာစကားပြောကြားပြီး မုန်တောင်နယ်မြေရဲစခန်းမှ ရဲအုပ်မြင့်ဆွေက သက်ငယ်မုဒိမ်းမှုဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် မိဘအုပ်ထိန်းသူများအနေဖြင့် သိရှိလိုက်နာသင့်သည့် ဆောင်ရန် ရှောင်ရန်အချက်များ၊ မုဒိမ်းမှုနှင့် သက်ငယ်မုဒိမ်းမှုများအတွက် ပြစ်မှုပြစ်ဒဏ်များ၊ ခိုးဆိုးလုနှိုက်အမှုများ လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု ကာကွယ်ရေး စသည်တို့ကို အသိပညာပေး ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ မုန်တောင်ရွာသစ်ကျေးရွာမှ ရွာခွဲတာဝန်ခံနှင့် ပြည်သူများ တက်ရောက်ခဲ့သည်။

**မျိုးမြတ် (မင်းဘူး)**

## ခရစ်တော်၌အိပ်ပျော်ခြင်း

# ဒေါ်အက္ကနစ်ကလေးဖိုး

**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ပထဝီဝင်ဌာန၊ မန္တလေးတက္ကသိုလ် အကြံပေးပါမောက္ခ**
**ပါရဂူသင်တန်း ဦးစီးကော်မတီအဖွဲ့ဝင်**
**မြန်မာနိုင်ငံ ပထဝီဝင်အသင်း၊ ဂုဏ်ထူးဆောင်နာယက(G.A.M)**
**အသက်(၉၄)နှစ်**

မန္တလေးမြို့၊ အမှတ် ၃၅၅၊ ၂၃လမ်း၊ ၆၃×၆၄လမ်းကြား၊ မဟာဗေယျာဘုံရပ်နေ (ဦးစောဒယ်နီယယ်ကလေးဖိုး-ဒေါ်ရိုစီဘွား)တို့၏သမီး၊ စောစက်စယ်ကလေးဖိုး (လ·ဝ·ကဦးစီးအရာရှိ- ငြိမ်း)-နော်စေးဘေတို့၏အစ်မ၊ စောကော်ထူး(Fortune Intd)-နော်ဂျွန်ရို့(စ်)(ILBC)၊ နော်စီစီလီယာ(NCEC)၊ စောရှီးကပေါ-နော်လေးဒီယာ(ခေတ္တ-စင်ကာပူ)၊ စောအယ်ဒို(Vision Fund, Myanmar)-နော်မရက်ရှာ(NCEC)၊ စောဆာမူထော်-နော်ပေါ်လင်း၊ နော်မက်နီးလျာတို့၏အဒေါ်၊ မြေးငါးယောက်တို့၏အဘွား၊ (ဦးစောလှအောင်)(မန္တလေးလေဆိပ်တာဝန်ခံ-ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၂၉-၇-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် နေအိမ်၌ ဝတ်ပြုဆုတောင်းပြီး နံနက် ၁၀နာရီတွင် အေးရိပ်ငြိမ်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း ဒါယိကာမကြီး**

**ဒေါ်ခင်မြ (သံတွဲ) (လက်ပတ်နာရီဆေးလိပ်ခုံ) အသက်(၉၄)နှစ်**

သံတွဲမြို့၊ မေတ္တာဝတီဘိုးဘွားရိပ်သာနှင့် သီတဂူမေတ္တာစက္ခုဒါနဆေးရုံတော်တို့၏ဥက္ကဋ္ဌ ဦးတင်လေး-ဇနီး ဒေါ်နွယ်နွယ်ဦးတို့၏ချစ်လှစွာသောမိခင်ကြီး၊ မေတ္တာဝတီဘိုးဘွားရိပ်သာအား စေတနာ၊မေတ္တာအပြည့်အဝဖြင့် ကူညီထောက်ပံ့ပေးခဲ့ သောဒေါ်ခင်မြ အသက်(၉၄)နှစ်သည် ၂၇-၇-၂၀၁၉ရက်(စနေနေ့) ည ၉း၃၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။ **မေတ္တာဝတီဘိုးဘွားရိပ်သာမိသားစုနှင့် သီတဂူမေတ္တာစက္ခုဒါနဆေးရုံတော်မိသားစု၊ သံတွဲမြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ မုခ်ဦး၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး**

### ဒေါ်သိန်းသိန်းစံ

**အသက်(၈၅)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးတင်လေးမောင်(ငြိမ်း)-ဒေါ်သဇင်တို့၏မိခင်ကြီးဒေါ်သိန်းသိန်း စံသည် ၂၇-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။
**O.T.S(66) မှသူငယ်ချင်းများနှင့်မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ ဆေးပညာသင်ကြားရေးဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်အေးသီတာ၏ဖခင် ဦးခင်မောင်ရီ အသက်(၈၀)သည် ၂၉-၇-၂၀၁၉ရက် ည၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။
**ပါမောက္ခ/ဌာနမှူး**
**ဆရာ /ဆရာမများနှင့် ဝန်ထမ်းများ**
**(ဇီဝဓာတုဗေဒဌာန)**

---

## ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်ဝေဝေ

## အသက်(၇၃)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းထွန်း-ဒေါ်ဝင်းမြင့်စိုးတို့၏မိခင် ဒေါ်ဝေဝေသည် ၂၉-၇-၂၀၁၉ရက်(တနင်္လာနေ့) ၁၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ သူငယ်ချင်းမိသားစုများ**

---

## ဗိုလ်မှူးအောင်မျိုးမြင့် (OTS-၆၃) (ငြိမ်း)

**အသက်(၆၀)**

ရန်ကုန်မြို့၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုန်လွင်လမ်း၊ အမှတ်-၁၁/၄၀၁နေ (ဦးတင်ဝင်း-ဒေါ်ညွန့်)တို့၏သား၊ (ဦးအောင်မြ-ဒေါ်သန်းသန်း)တို့၏ သားသမက်၊ ဒေါ်တူးတူးအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်စိုးမိုးအောင် (လ/ထ မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)၊ မောင်ရဲရင့်အောင်တို့၏ ချစ်လှစွာသောဖခင်သည် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၆း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၉ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂း၀၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

# မလစ်မုဟာမ္မဒ် ဟူစိန်(ခ)ဦးစိန်ဒိုး

**တင်းနစ်ဒိုင်လူကြီး၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(၁၉၇၄မှ၁၉၉၆)**
**အသက်(၆၃)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်နေ (ဦးမလစ်မုဟာမ္မဒ်နရင်း-ဒေါ်ဟမိဒ္ဒန်းနီဆာ)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၃)လမ်း၊ အမှတ် ၅၀၄နေ (ဒေါ်စန်းစန်းဝင်း)၏ခင်ပွန်း၊ ကိုထွန်းသူရ-မအေးသူဇာ၊ ကိုအောင်မြင့်ဦး-မစန်းသီတာလွင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၈-၇-၂၀၁၉ ရက် ည၁၁နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၉-၇-၂၀၁၉ရက် နံနက် ၁၁း၃၀နာရီတွင် ရေဝေးကဘာစတန်ဥယျာဉ်တော်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
**သက်ကြီးကန်တော့ခံ**

## ဒေါ်ညွန့်(ခ)ဒေါ်မြညွန့်

**(မြိတ်)**
**အသင်းဝင်အမှတ်(၁၆၃၈)**
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်းဗဟိုလမ်း၊ အမှတ်(၁၄၁)နေ (ဦးခင်မောင်)၏ဇနီးသည် ၂၇-၇-၂၀၁၉ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၉ ရက်(တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **အမှုဆောင်အဖွဲ့**

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဦးချစ်စိုး(ခ)ဦးစိုး

**(ပုလော/ပလ)**
**အသင်းဝင်အမှတ် -၄၂၉**
**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၉)ရပ်ကွက်၊ မင်းရဲကောင်းပုံလမ်း၊ အမှတ်၂၀၅၃နေ ဒေါ်စီစီတင်၏ခင်ပွန်း၊ (တာဝန်ခံဟောင်း၊ ပုလောမြို့နယ်အသင်း၊ ရန်ကုန်)သည် ၃၀-၇-၂၀၁၉ရက်(အင်္ဂါနေ့)နံနက် ၆း၃၅နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၉ရက် (ကြာသပတေးနေ့)တွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။
**အမှုဆောင်အဖွဲ့**

---

## ဦးဇော်လင်း

**(ကျန်းမာရေးဦးစီးဌာန၊ ငြိမ်း)**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ ၁၀လမ်း၊ အမှတ် ၃၂၀နေ (ဦးလုလန်-ဒေါ်စိန်ရင်)တို့၏သား၊ ဦးမြတ်သန်း-ဒေါ်ခင်ဝင်းရီ၊ (ဒေါ်ခင်တီ)၊(ဦးကျော်ဒွန်း)-ဒေါ်ခင်သန်းနွယ်၊ ဦးငွေအောင်-(ဒေါ်စိုးစိုးဝေ)၊ ဦးလှအောင်-ဒေါ်စောစောလွင်တို့၏ညီ/မောင်၊ (ဦးကျော်ကျော်)-ဒေါ်မြမြချို၊ ဦးဇော်ဇော်-ဒေါ်စန်းမြင့်တို့၏အစ်ကို၊ တူ/တူမ ၁၉ယောက်တို့၏ဘကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၆း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။ **နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အမာ အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၁၇၇)နေ (ဦးသြဝါး-ဒေါ်လွမ်)တို့၏သမီး၊ (ဦးမြင့်အောင်)၏ဇနီး၊ (ဦးဝင်းမောင်)-ဒေါ်သီဂီအောင်(TIARA JEWELLERY)၊ ဦးကျော်ဇော-ဒေါ်ခင်ဆွေဦး၊ ဒေါ်ခင်ဆွေဝင်းအောင်(TIARA JEWELLERY)၊ ဦးဇော်မင်း-ဒေါက်တာခင်လှလှသိန်းတို့၏မိခင်၊ ကျော်ဝင်းမောင်-သူဇာ၊ ဒေါက်တာလင်းထက်ကျော်-ဒေါက်တာဖြိုးသန္တာ၊ သင်းယုယုလှိုင်တို့၏အဘွား၊ ADRIAN ၏ဘွားဘွားကြီးသည် ၂၉-၇-၂၀၁၉ရက်(တနင်္လာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## စွန်ဆွေကြည်(ခ)ဦးရွှေကြည် (မာကျူရီပုံနှိပ်တိုက်ဖခင်ကြီး)

**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်း၊အမှတ် ၄၉နေ မာကျူရီပုံနှိပ် တိုက်နေ [စွန်ဘီးလျန်(ခ)ဒေါ်စန်းစန်း]၏ခင်ပွန်း၊ ဦးကျော်မြင့်-ဒေါ်ဝင်းတင်၊ ခေါ်တိတ်ဘိန်း(ခ)ဦးသက်ဖေ-ဒေါ်ပြုံးမာ၊ စွန်ကော်ယု-ဒေါ်ခင်လေးမြင့်၊ ဦးကျော်ဝဏ္ဏ-ဒေါ်ဝေဝေတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၁၉ရက် ည ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ရက်ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၉ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးထင်အောင်မြင့်

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ နယ်စပ်စည်ပင်**
**ကြည်း/၁၃၁၃၁၊ စစ်တက္ကသိုလ် အပတ်စဉ်(၁၆)**
**အောင်ဆန်းသူရိယလှသောင်းကျောင်းသားဟောင်း**
**အသက်(၆၈)နှစ်**

သန်လျင်မြို့၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ အမှတ် ၃၁(က)နေ (ဦးသိန်းမြင့်-ဒေါ်မြတင်)တို့၏သား၊ ဒေါ်သောင်းသောင်းထွန်း(ခ)Susan ၏ခင်ပွန်း၊ မောင်သောင်းထက်အောင်၊ မောင်အောင်ဖုန်းမြင့်-မဖြူသွယ်ဦး၊ မအိမ်ပြည့်ဖြိုး၊ မစန္ဒာထွန်းတို့၏ဖခင်၊ မောင်ဖြိုးအောင်ကျော်၏ အဘိုးသည် ၂၉-၇-၂၀၁၉ရက် နံနက် ၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## ဗိုလ်မှူးထင်အောင်မြင့် (ငြိမ်း)

**စစ်တက္ကသိုလ်အပတ်စဉ်(၁၆)**
**အောင်ဆန်းသူရိယလှသောင်းကျောင်းသားဟောင်း**
**အသက်(၆၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အုပ်ဖိုစုရပ်ကွက်၊ သိပ္ပံလမ်း၊ အိမ်အမှတ်(၃၁-က)နေ (ဦးသိန်းမြင့်-ဒေါ်မြတင်)တို့၏သား၊ ဒေါ်သောင်းသောင်းထွန်း(ခ)Susan ၏ခင်ပွန်း၊ မောင်သောင်းထက်အောင်၊ မောင်အောင်ဖုန်းမြင့်-မဖြူသွယ်ဦး၊ မအိမ်ပြည့်ဖြိုး၊ မစန္ဒာထွန်းတို့၏ဖခင်၊ မောင်ဖြိုးအောင်ကျော်၏အဘိုးသည် ၂၉-၇-၂၀၁၉ရက်(တနင်္လာနေ့) နံနက်၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။
**ကျန်ရစ်သူမိသားစု**

---

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဗိုလ်ကြီးဂင့်ဇာမုန် (ငြိမ်း)

**ကြည်း-၁၅၄၇၁(OTS-58)သီဟတပ်ခွဲ**
**အသက်(၆၃)နှစ်**

တီးတိန်မြို့၊ လေးလုမ်းရပ်ကွက်နေ(Pa Suak Khaw Tuan-Nu Non Nuam)တို့၏သား၊ Nu Nian Za Dim, Nu Cing Go Niang, Pa Zam Khen Mang (ဥပဒေအရာရှိ-ငြိမ်း)၊ Nu Cing Do Man တို့၏ညီ/မောင်၊ Nu Ciin Zam Cing, Nu Ning Suan Vung, Nu Go Lian Cing, (Nu Hau Suan Lun), Pa Pau Suan Khai(ADRA Myanmar), Nu Thawng Khan Cing တို့၏အစ်ကို၊ (Pa Kham Tuan- Nu Vung Za Cing) တို့၏သားသမက်၊ U Tuan Khan Sing (မန်နေဂျာ၊ အင်/ယာ)၏ဖခင်၊ Nu Ciang Lian Cing ၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၇-၂၀၁၉ရက် ၁၂း၁၅နာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ စစ်တောင်းရိပ်မွန်၊ စံပယ်လမ်း၊ တိုက်(၁၉/၁၀၁) နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၇-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (စစ်တောင်းနေအိမ်၊ FGA.ဇမောနွေလဘုရားကျောင်း၊ ယုဇနပိတောက်ကွေ့တို့မှကားများမွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)
**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးဂင့်ဇာမုန် (ငြိမ်း)

**ကြည်း-၁၅၄၇၁ OTS(58)**
**အသက်(၆၃)နှစ်**

တီးတိန်မြို့၊ လေးလုမ်ရပ်ကွက်နေ Nu Ciang Lian Cing ၏ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးဂင့်ဇာမုန်(ငြိမ်း) OTS(58)သည် ၂၉-၇-၂၀၁၉ရက် ၁၂း၁၅နာရီတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ စစ်တောင်းရိပ်မွန်၊ စံပယ်လမ်း၊ တိုက်(၁၉/၁၀၁)ရန်ကုန်မြို့ နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော် သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ဗိုလ်သင်တန်းအမှတ်စဉ်(၅၈)သီဟတပ်ခွဲ ကျောင်းဆင်းအရာရှိမိသားစုများ**

---

## ဒေါ်ညိုညို

**ဗဟိုသုတေသနလုပ်ငန်းအဖွဲ့**
**အသက်(၈၈)နှစ်**

ဦးအောင်လှ-ဒေါ်လှသင်တို့၏သမီးကြီး၊ အမှတ်၅၂၉၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ(ဦးတင်လှ)၏ဇနီး၊ (ဦးအောင်ရွှေဦး)-ဒေါ်နီနီ၊ ဦးစောဦး-ဒေါ်အေးမြင့်၊ ဦးသောင်းထွန်း-(ဒေါ်မြမြ)တို့၏အစ်မကြီး၊ ဦးတင်အောင်ကျော်-ဒေါ်တင်မာလွင်၊ ဦးအောင် ကျော်ဇင်-ဒေါ်တင်ထားထားညို၊ ဦးတင်မောင်မောင်-ဒေါ်မာရီယာလှတင်၊ (ဦးတင်မိုးမင်း)-ဒေါ်မြသွေးနိုင်၊ သမီးထွေးဒေါ်ကြည်ကြည်ညွန့်တို့၏မိခင်ကြီးသည် ၃၀-၇-၂၀၁၉ရက် ညနေ ၆နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာစိုးခိုင် (B.V.S)(1985)

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**(သိမ်ဆိပ်)**
**အသက်(၅၉)နှစ်**

သထုံမြို့၊ ကျိုက်ကျော်၊ ပဲခူးစုနေ (ဦးငွေဝင်း-ဒေါ်တင်ဥ)တို့၏သား၊ မင်္ဂလာဒုံမြို့နယ်၊ ၂(က)ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ်-၁၆၃နေ ဒေါ်ဖြူဖြူအေး၏ခင်ပွန်း၊ ဗိုလ်ကြီးရဲထွဋ်-ဒေါ်ဇင်မိုးငြိမ်း၊ ဗိုလ်ကြီးအောင်ထက်-မနန်းဖြိုးပြည့်ပြည့်စိုးတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၉ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဦးအောင်ငြိမ်း (စလင်း)

**ဒု-အထွေထွေမန်နေဂျာ-ငြိမ်း၊ (ကြယ်ငါးပွင့် Corporation)**
**အသက်(၈၀)**

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နေ(ဦးပွကြီး-ဒေါ်ဒွေး)တို့၏သား၊ (ဦးခင်မောင်ရင်)-ဒေါက်တာတင်တင်ဝင်း၊ ဒေါ်ခင်လှမြင့်၊ Dr.ခင်မောင်တင်-ဒေါ်ချိုချိုမြင့်၊ ဒေါ်ခင်စိန်နိုင်၊ ဒေါ်ခင်မေသန်း၊ ဒေါ်ယဉ်ယဉ်မြ(USA)၊ (ဦးမောင်မောင်စိုး)တို့၏အစ်ကို၊ ဒေါ်အေးအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးထွဋ်-Amber Chao (USA)၊ Kenneth Soh-ဒေါ်နွယ်နွယ်အေး (Singapore)တို့၏ဖခင်၊ Dr.သက်ထွဋ်တင်၊ ဦးလင်းထူးအောင်၊ ဒေါ်မေသက်တင်၊ ဒေါ်သင်းသဇင်ထွန်း၊ ဒေါ်သင်းဇွန်ဇွန်ထွန်း၊ ဦးအောင်ဖြိုးကျော်တို့၏ဘကြီး၊ Cameron Htut နှင့် Tasha Sohတို့၏အဘိုးသည် ၂၉-၇-၂၀၁၉ရက် စင်ကာပူစံတော်ချိန် မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၉ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီ ၁၁နာရီအထိ အမှတ် ၃၆၀၊ အခန်း ၁၀၊ ပြည်လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရင်ရင် အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အမှတ်-၈၃/၈၄နေ ဦးအောင်ဆန်း(Lucky Man Co,Ltd)၏ချစ်လှစွာသော ဇနီး၊ ဦးမောင်မောင်ဦး(Lucky Man Co,Ltd)-ဒေါ်ထွေးထွေး၊ ဒေါ်ခင်ခင်မော်(Lucky Man Co,Ltd)-ဦးငွေလွင်၊ ဒေါက်တာမောင်မောင်လတ်(Lucky Man Co., Ltd)-ဒေါက်တာချောစုလှိုင်(EMPS School)၊ ဦးမောင်မောင်နိုင်(Sky One Construction Co,Ltd)-ဒေါ်သန္တာအေး၊ ဦးမောင်မောင်အောင်(Lucky Man Co,Ltd)-ဒေါ်ရှောင်ယန်းတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၈-၂၀၁၉ရက်(စနေနေ့)တွင် ရေဝေးတရုတ်ဖုကျင့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများနံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)
**ကျန်ရစ်သူမိသားစု**

---

## ဦးခင်မောင်ရီ

**ဌာနခွဲမှူး(စက်မှု-ငြိမ်း)၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**အသက်(၈၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ် ၁၃၃နေ (ဦးလှဖေ-ဒေါ်စံရွှေ) တို့၏သား၊ (ဦးခင်မောင်စီ)-ဒေါ်သိန်းလွင်တို့၏ညီ၊ (ဒေါ်ခင်စောဝင်း)၏မောင်၊ ဦးခင်မောင်ကြည်-ဒေါ်အေးမိကြည်ကြည်ဆွေ၊ ဒေါ်ခင်မျိုးဝင်း၊ ဒေါ်ခင်ကြည်ဝင်း-ဦးစိန်မင်းတို့၏အစ်ကို၊ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ ဦးတင်မောင်ရွှေ(ဒု-အထွေထွေမန်နေဂျာအထွေထွေစီမံခန့်ခွဲရေးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း)-ဒေါ်ချိုချိုသိန်း(ကထိက၊ သမိုင်းဌာန၊ မိတ္ထီလာတက္ကသိုလ်)၊ ပါမောက္ခ ဒေါက်တာအေးသီတာ[ဆေးပညာသင်ကြားရေးဌာန ဆေးတက္ကသိုလ်(၂)ရန်ကုန်]တို့၏ဖခင်သည် ၂၉-၇-၂၀၁၉ရက် ည၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၉ရက် ညနေ ၅နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ကိုမြင့်ငြိမ်းကျော်

**(Sr.Distributor Executive)**
**အသက်(၃၀)**

Unilever EAC Myanmar Co.,Ltd.တွင် တာဝန်ထမ်းဆောင်နေသူ မအေးစန္ဒာကျော်၏ခင်ပွန်း၊ မရတီလဝန်းမေ၏ဖခင် ကျွန်တော်/ကျွန်မတို့၏ လုပ်ဖော်ကိုင်ဖက် ကိုမြင့်ငြိမ်းကျော်သည် ၂၇-၇-၂၀၁၉ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။ **UEMCL မိသားစု**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ရှင်းလင်းဆွေးနွေး**

နေပြည်တော် ဇူလိုင် ၃၀

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီတွင် အဖွဲ့ဝင်ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သန့်ဇော် အစား ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင် ကို အစားထိုးဖွဲ့စည်းမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် အမျိုးသားစီမံကိန်းအစီရင်ခံစာနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် က လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ ကာကွယ်ရေးဝန်ကြီးဌာန အနေဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်တွင် မူလခန့်မှန်းခြေငွေစာရင်း ၌ ၁၀၇၃ ဘီလီယံနှင့် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၌ ၁၂၉ ဘီလီယံ စုစုပေါင်း ၁၂၀၂ ဘီလီယံလျာထား၍ ပထမခြောက်လပတ် အသုံးစာရင်းတွင် ၄၄၉ ဘီလီယံဖြစ်သောကြောင့် ၃၇ ရာခိုင်နှုန်းသာ သုံးစွဲပြီးဖြစ်သဖြင့် ပမာဏနည်းနေသည်ကို တွေ့ရှိရကြောင်း၊ ကျန်လများတွင် လျာထားချက်ပြည့်မီအောင် သုံးစွဲနိုင်ခြင်း ရှိ၊ မရှိနှင့် ရန်ပုံငွေပြန်လည်အပ်နှံမှုများရှိပါက အချိန်မီပြန်လည်အပ်နှံသွားရန် ဆွေးနွေးချက်နှင့် စပ်လျဉ်း၍ ပထမခြောက်လပတ် သုံးစွဲထားရှိမှုတွင် ၄၄၉ ဘီလီယံဖြစ်ပြီး မူလ ခန့်မှန်းခြေငွေစာရင်း ၁၀၇၃ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၄၂ ရာခိုင်နှုန်း သုံးစွဲပြီးဖြစ်ပါကြောင်း၊ ပထမ ခြောက်လပတ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆောက်အဦဆောက်လုပ်မည့်မြေနေရာ လျာထားရွေးချယ်ခြင်း၊ ဝယ်ယူရေး လုပ်ငန်းများနှင့် ပတ်သက်၍ တင်ဒါခေါ်ယူခြင်းများအား အဆင့်ဆင့်စိစစ်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သို့ရာတွင် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လများအတွက်

*စာမျက်နှာ ၈ ကော်လံ ၁* ❄



ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်

# ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်းအလိုက် ကျင်းပမည့်မြို့များ အတည်ပြု



ရန်ကုန် ဇူလိုင် ၃၀

ဖိလစ်ပိုင်အိုလံပစ်ကော်မတီသည် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်းအလိုက် ကျင်းပမည့်မြို့များ အတည်ပြုထုတ်ပြန်လိုက်ပြီ ဖြစ်သည်။

ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၅၆ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက် အားကစားနည်း အများဆုံးပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။ ပြိုင်ပွဲကို နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဘောလုံးအပါအဝင် အားကစားနည်းအချို့ကို ဖွင့်ပွဲကျင်းပမည့်ရက်ထက်စော၍ ကျင်းပမည်ဖြစ်သည်။ ဖိလစ်ပိုင်အိုလံပစ်ကော်မတီ၏ ထုတ်ပြန်မှုအရ အားကစားပြိုင်ပွဲများကို မနီလာ၊ ဆူဘစ်နှင့် ကလက်ခ်မြို့တို့၌ အဓိကကျင်းပမည်ဖြစ်ပြီး အခြားမြို့များတွင်လည်း ကျင်းပရန် စီစဉ်ထားသည်။ ဖွင့်ပွဲအခမ်းအနားကို မနီလာ၊ ပိတ်ပွဲအခမ်းအနားကို ကလက်ခ်မြို့၌ ကျင်းပမည်ဖြစ်ပြီး

*စာမျက်နှာ ၉ ကော်လံ ၁* ●

၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ၌ ရွှေတံဆိပ်ရခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

# MFF ယူ - ၁၃ အမျိုးသမီးဘောလုံးပြိုင်ပွဲ ရေဝတီနှင့် ရန်ကုန် ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၃၀

၂၀၁၉ MFF ယူ-၁၃ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပရာ ရေဝတီနှင့် ရန်ကုန်အသင်းတို့ ဗိုလ်လုပွဲတက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်တွင် ရေဝတီအသင်းက နေပြည်တော်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်အသင်းက ကချင်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရေဝတီအသင်းသည် ပြိုင်ပွဲတစ်လျှောက် ပွဲတိုင်းအနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်လာခြင်းဖြစ်ပြီး ပေးဂိုးမရှိသေးသည့် တစ်သင်းတည်းသောအသင်းအဖြစ်လည်း ရပ်တည်လျက်ရှိသည်။ ဆီမီးဖိုင်နယ်တွင်လည်း နေပြည်တော်ကို အနိုင်ယူကာ ဗိုလ်လုပွဲတက်ရောက်လာခြင်းဖြစ်သည်။ ရန်ကုန်အသင်းမှာလည်း ရှုံးပွဲမရှိဘဲ တက်ရောက်လာသည့်အသင်းဖြစ်ပြီး ဆီမီးဖိုင်နယ်တွင် ကချင်အသင်းကို ဂိုးပြတ်အနိုင်ရလဒ်ဖြင့် ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲကို

*စာမျက်နှာ ၉ ကော်လံ ၂* ❖

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၃၀

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ရေလှောင်တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

စာ ➤ ၉

## ဖားကန့်၌ မိုးသည်းထန်စွာရွာသွန်း၍ ရေမျောချောင်းများ တိုက်စားမှုကြောင့် နေအိမ်အလုံး ၂၀ မြေစာများနှင့်အတူ မျောပါပျက်စီးပြီး ရေမဆေးကျောက်ရှာဖွေသူတစ်ဦး ရေစီးနှင့်အတူ မျောပါပျောက်ဆုံး

စာ ➤ ၁၃



အဝလွန်၍ စိတ်ညစ်နေသူများ ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
မလိုအပ်သော သွေးထဲမှ အဆီများ အသားထဲမှ အဆီများကို ဖယ်ထုတ်ပေးပြီး ကိုယ်ခန္ဓာကို ကျစ်လျစ်သွားစေသည်
ကေသီပန်
မြတ်သုခ
အမှတ်တံဆိပ်
အဆီကျဆေး
ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
ပင်ရင်း ယခုလိပ်စာအသစ်။ ။ မြေအမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်။
ဖုန်း-၀၁-၄၀၁၁၀၀၊ ၀၁-၅၄၅၂၅၉၊ ၀၁-၈၆၀၄၃၆၆

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 392 594


## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၃၀

ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မိုး/ဇလ

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၁ ခုနှစ်၊ ဝါဆိုလကွယ်နေ့

၂၀၁၉ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့




**မကြာခင်တည်ဆောက်တော့မယ့် ဒီဈေးဝယ်စင်တာနဲ့ စီးပွားရေးအဆောက်အအုံမှာ ကားအစီးရေ ၁၀၀၀ ကျော် ရပ်နားနိုင်တဲ့ ကားပါကင်လည်း ပါဝင်တာမို့ လာရောက်ကြတဲ့ကားတွေကြောင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်နိုင်တဲ့အတွက် အဆင်ပြေစေမယ့် အနေအထားရှိပါတယ်။**

# ရန်ကုန်မြို့မှာ အသစ်ထွက်ပေါ်လာဦးမည့်ဈေးဝယ်စင်တာနှင့်

# စီးပွားရေးအဆောက်အအုံသစ်

**မောင်ချစ်ကြည်**

ပြည်သူတွေအတွက်ကတော့ ရှော့ပင်းမောတွေ၊ ဈေးဝယ်စင်တာကြီးတွေနဲ့ စူပါမားကက်တွေမှာ ဈေးဝယ်ရတာ တဖြည်းဖြည်းနဲ့ သဘောကျနှစ်သက်လာနေကြပြီ ဖြစ်ပါတယ်။ လေအေးစက်အချိန်ပြည့်ဖွင့်ထားပေးပြီး အေးအေးချမ်းချမ်းနဲ့ သန့်သန့်ရှင်းရှင်းဝယ်ယူရတဲ့ ခံစားမှု၊ ရောင်းချတဲ့ပစ္စည်းတွေရဲ့ သန့်ရှင်းလတ်ဆတ်မှုအပြင် ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်တာမို့ ရန်ကုန်မြို့မှာ ဈေးဝယ်စင်တာတွေ၊ စူပါမားကက်တွေ တစ်ခုပြီးတစ်ခု ထွက်ပေါ်လာတိုင်း လူတွေ အားပေးမှုရှိနေတာပဲ ဖြစ်ပါတယ်။ အခုလည်း မကြာမီကာလမှာ ဈေးဝယ်စင်တာနဲ့ စီးပွားရေးအဆောက်အအုံသစ်တစ်ခု ရန်ကုန်မြို့မှာ ထွက်ပေါ်လာဦးမှာ ဖြစ်ပါတယ်။


ဓာတ်ပုံ - ခင်ဇွန်ဓာလင်း

### ဟန်ချက်ညီ ဖွံ့ဖြိုးလာအောင်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပဲခူးမြစ်နဲ့ ရတနာလမ်းထောင့်မှာရှိတဲ့ မြေဧက ၇၀ ကျော်မှာ တည်ဆောက်မယ့် ဈေးဝယ်စင်တာနဲ့ စီးပွားရေးအဆောက်အအုံသစ်ကို တည်ဆောက်နိုင်ဖို့အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုထားပြီ ဖြစ်ပါတယ်။ အဲဒီစီမံကိန်းဟာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သာမက ဆက်စပ်နေတဲ့ ဝန်းကျင်ဒေသအနီးတစ်ဝိုက်ကိုလည်း ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးလာအောင် အထောက်အကူပြုပေးနိုင်မှာ ဖြစ်ပါတယ်။

ဒီစီမံကိန်းကလည်း အခုဘဏ္ဍာနှစ်အတွင်းမှာ ခွင့်ပြုပေးခဲ့တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေထဲကတစ်ခု ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေကို ယခင်ကထက် တိုးတက်များပြားလာတာကလည်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ယခင်ကထက် စည်းမျဉ်းစည်းကမ်းတွေ ဖြေလျှော့ပေးခဲ့တာလည်း ပါဝင်ပါတယ်။

### ပုံရိပ်သစ်အဖြစ် ထွက်ပေါ်လာ

အခုလည်း ရန်ကုန်မြို့တော်မှာ စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာမှုပုံရိပ်သစ်တစ်ခုအဖြစ် ထွက်ပေါ်လာမယ့် ဈေးဝယ်စင်တာနဲ့ စီးပွားရေးအဆောက်အအုံပဲ ဖြစ်ပါတယ်။ ဒီစီမံကိန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်းက ခွင့်ပြုပေးခဲ့တာ ဖြစ်ပါတယ်။

အခုလိုဈေးဝယ်စင်တာနဲ့ စီးပွားရေးအဆောက်အအုံသစ်ကို ခွင့်ပြုခဲ့တာကလည်း ရန်ကုန်မြို့လယ်မှာ ကျပ်တည်းနေတဲ့စီးပွားရေးအဆောက်အအုံတွေ၊ ယာဉ်ကြောကျပ်တည်းမှုတွေအပြင် နယ်မြေခံပြည်သူတွေအတွက် သွားလာဝယ်ယူမှု လက်လှမ်းမီနိုင်တဲ့ အနေအထားဖြစ်တာမို့ ရန်ကုန်မြို့အတွက် အကျိုးပြု၊ အထောက်အကူပြုဖြစ်စေမယ့် စီမံကိန်းလည်း ဖြစ်ပါတယ်။

### ရန်ကုန်မြို့တွင်း စီးပွားရေးလုပ်ငန်းလျှော့ချ

ဒီစီမံကိန်းမှာတော့ ဈေးဝယ်စင်တာ၊ ကုန်စည်ဈေးကွက်၊ ကုန်ပစ္စည်းသိုလှောင်ရုံ၊ ထောက်ပံ့ပို့ဆောင်ရေး၊ စီးပွားရေးအဆောက်အအုံတွေနဲ့ ပါဝင်ဖွဲ့စည်းထည့်သွင်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်းမှာ စီးပွားရေးလုပ်ငန်းတွေ လျှော့ချပြီး ရန်ကုန်မြို့ရေိယာအနှံ့မှာ မြို့ပြဖွံ့ဖြိုးတိုးတက်မှုပုံရိပ်တွေ နေရာအသီးသီးမှာ ထွက်ပေါ်လာဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ တာဝန်ရှိသူတွေ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှာ တည်ဆောက်မယ့် အဲဒီစီမံကိန်းကို တရုတ်နိုင်ငံမှ China Lesso ကုမ္ပဏီလက်အောက်ခံ Lesso Mall Investment နဲ့ မြန်မာနိုင်ငံ Ever Investment ကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်မှာ ဖြစ်တယ်လို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီက ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

**အချပ်ပို (၈) သို့**

# စီးပွားရေးမြို့တော်ဟု ဝိသေသပြုထားသည့် ရန်ကုန်မြို့ . . . .

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်

**ရန်ကုန်မြို့. . . ။**

ဒေသအဖြာဖြာက တိုင်းရင်းသားညီအစ်ကို မောင်နှမများစုံသကဲ့သို့ လူမှုစီးပွားအလွှာလွှာမှ သူများ စုစည်းနေထိုင်ရာ မြို့ပြကြီးဖြစ်သည်။ ထို့အပြင် နံနက်မိုးသောက်မှသည် ညနေ နေဝင်မိုးချုပ်သည့်တိုင် သွားလာလှုပ်ရှားမှုမရပ်နိုင်သည့် ဒေသရပ်ဝန်းလည်း ဖြစ်သည်။

လူစုံ၍ အလွှာစုံသကဲ့သို့ ရန်ကုန်မြို့ကြီးအပေါ် သူတို့၏ အမြင်သည်လည်း အမျိုးမျိုး အဖုံဖုံ ကွဲပြားခြားနားမှုများ ရှိနေကြမည်မှာ အမှန်ပင်ဖြစ်သည်။ သူတို့၏ နှုတ်က ဖွင့်ဟပြောကြားမှုတို့မှာလည်း တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် တူညီနိုင်ကြမည် မဟုတ်ပေ။ ထိုကွဲပြားခြားနားမှုများကို စုစည်း၍ စာဖတ်သူတို့နှင့် စိတ်သဘောထားအမြင်ချင်းထင်ဟပ် မြင်အပ်နိုင်ကြစေရန် စုစည်းဖော်ပြလိုက်ရပါသည်။

**ပျားပန်းခပ် လှုပ်ရှား**

ကမာရွတ်မြို့နယ် လှည်းတန်းအနီးတွင် နေထိုင်သည့် အငြိမ်းစားအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြိုင်က "ခေတ်တွေ စနစ်တွေ အလီလီပြောင်းခဲ့မှုအပေါ် ကျွန်မတို့ ဒီကမာရွတ်မြို့နယ် လှည်းတန်းဝန်းကျင်ကလည်း စည်ကားမှု၊ ဖွံ့ဖြိုးမှုတွေက အမြဲတမ်း စီးမျောနေဆဲပါပဲ။ ဝန်းကျင်မှာ မိုးလင်းတာနဲ့ ပျားပန်းခပ် လှုပ်ရှားမှု ပုံရိပ်တွေက အထင်းသား မြင်ရတယ်။ အဓိက ပညာရှာမှီးလိုတဲ့ ကလေးတွေ၊ တက်ကြွမှုနုပျိုလန်းဆန်းမှုတွေနဲ့ပါ၊ ဝိဇ္ဇာ-သိပ္ပံ ကျောင်းတော်ကြီးအပြင် အခြားဘာသာရပ် အစုံစုံသင်ယူနိုင်တဲ့ ကျောင်းတော်ကြီးတွေ ရှိတယ်။ သင်ကြားမှုတွေက ကျွန်မတို့ခေတ်နဲ့ မတူတော့ဘူး။ တိုင်းပြည်ရဲ့အနာဂတ်ကို ပုံဖော်နိုင်ကြမယ့် တကယ့်လက်တွေ့ကျတဲ့ သင်ကြားမှုတွေ ရှိနေပြီ။ ဒါ့အပြင် မိမိဘဝ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ပြင်ပသင်တန်းတွေကလည်း လက်ညှိုးထိုးမလွဲအောင် ရှိနေတယ်။ ပညာရပ်စုံလေ့လာသင်ယူနိုင်မယ့် ဘူမိနက်သန်အောင်မြေပါ။ နောက် ရောင်းဝယ်ဖောက်ကားမှုက စည်ကားမှုထက်ပိုတယ်လို့ ဆိုရမှာ ဖြစ်တယ်။ ကုန်တိုက်သစ်ကြီးတွေ၊ ခုံးကျော်တံတား၊ လူကူးတံတားတွေနဲ့ ခေတ်ရေစီးကြောင်းမှာ အရှိန်ကောင်းစွာ လိုက်ပါနေတဲ့ ရန်ကုန်မြို့ကြီးရဲ့ တစ်စိတ်တစ်ဒေသကို ပြောရင် လုံးဝမမှားနိုင်ပါဘူး။



ဆူးလေဘုရားအနီး ဝန်းကျင်မြင်ကွင်း



ဒေါ်အေးအေးကြိုင်
(အငြိမ်းစားကျောင်းအုပ်ဆရာမကြီး)



ဦးဇော်လွင်ထွန်း
စမ်းချောင်းမြို့နယ်



မမိုးပြည့်ပြည့်မောင်
တောင်ဒဂုံမြို့နယ်



မကျော့ခက်ခက်ဝေ
(ကုမ္ပဏီဝန်ထမ်း)



ဦးမောင်မောင် (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ လျှပ်စစ်နှင့် စွမ်းအင်)

**အများကြီးတိုးတက်ပြောင်းလဲ**

စမ်းချောင်းမြို့နယ် ကိုးထပ်ကြီး ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးလည်းဖြစ်၊ ရပ်ကွက်လူမှုရေးများတွင် တက်ကြွလှုပ်ရှားနေသူ သီရိခေမာရပ်ကွက်မှ ဦးဇော်လွင်ထွန်းက "ခေတ်တွေ၊ စနစ်တွေ အပြောင်းအလဲ အများကြီးပေါ်မှာ ဖြတ်သန်းလာခဲ့တဲ့ ရန်ကုန်မြို့ကြီးက အသက်ကြီးမှ ပိုလှတယ်လို့ ပြောရမလား၊ အများကြီး တိုးတက်ပြောင်းလဲခဲ့ပြီး ခေတ်မီတိုက်တာ အဆောက်အဦတွေနဲ့ ပိုမိုဝင့်ကြွားလာတယ်လို့တော့ ပြောချင်တယ်။ ကျွန်တော်တို့ ရှေးရှေးကလူကြီးတွေ ပြောတဲ့ စကားတစ်ခွန်းရှိတယ်။ 'နေရေးထက် သေရေးခက်' တဲ့၊ အခုကျွန်တော်တို့ ခေတ်ကျတော့ ပြောင်းပြန်ဖြစ်လာတယ်။ 'သေရေးထက် နေရေးခက်' နေပြီ။ ဦးကျော်သူတို့ စဆောင်ရွက်ခဲ့တဲ့ 'နာရေးကူညီမှု အသင်း' တွေ အခုဆို မြို့တိုင်း၊ နယ်တိုင်းမှာလို ရှိနေကြပြီ။ အလောင်းမြေကျဖို့က ဘာမှမခက်တော့ဘူး။ လက်ရှိခက်နေတာက နေရေးပဲ။ ကျောတစ်ခင်းစာ နေရာရဖို့က မလွယ်ဘူး၊ တန်ဖိုးနည်း အိမ်ရာတွေဆိုတာက သူတို့လက်လှမ်းမမီနိုင်ကြဘူး။ ဒါကြောင့် ရန်ကုန်မြို့မှာ 'ကျူး' တွေ အများကြီး ဖြစ်လာတာ၊ တစ်လောက ကျူးတွေအတွက် ရည်ရွယ်ပြီး အိမ်ရာစီမံကိန်း ဆောင်ရွက်ပေးမယ်ဆိုတဲ့ သတင်းတစ်ပုဒ် ဖတ်လိုက်ရတယ်။ ကျူးတွေအတွက် ဝမ်းသာမိတယ်။ ဒါပေမယ့် အဲဒီစီမံကိန်းမှာ ကျူးတွေ လက်လှမ်းမီနိုင်တဲ့ တန်ဖိုးပမာဏဖြစ်လို့ သက်ဆိုင်ရာ တာဝန်ရှိအစိုးရက စိုက်ထုတ် စီစဉ်ဆောင်ရွက်ပေးနိုင်ရင်တော့ ကျူးတွေအတွက်ရော ကျူးဝန်းကျင်မှာရောအားလုံးအတွက် ကောင်းသွားမှာပါ။

**အားလုံးက တစ်နေရာတည်းမှာ**

ကမာရွတ်စံရိပ်ငြိမ် ဂမုန်းပွင့်ကုန်တိုက်ရုပ်ရှင်မှ ဆင်းလာသည့် ငယ်ရွယ်နုပျိုသော မိန်းကလေး တစ်သိုက်မှ တစ်ယောက်သောသူ...။

မမိုးပြည့်ပြည့်မောင်က " သမီးက တောင်ဒဂုံမြို့နယ်ကပါ။ ဒီဂမုန်းပွင့်ကုန်တိုက်မှာ သူငယ်ချင်းတွေနဲ့ ရုပ်ရှင်လာကြည့်တာ။ အရင်ငယ်ငယ်တုန်းကတော့ မိဘတွေနဲ့အတူ မြို့ထဲက ရုပ်ရှင်ရုံကြီးတွေမှာ လာကြည့်ဖူးပါတယ်။ အများကြီးကွာခြားတယ်။ အသံစနစ်၊ ရုပ်ထွက်စနစ်တွေက အဆင့်အတန်း အတော်မြင့်လာတယ်။ အလုပ်နားတဲ့ရက် ထွက်ရတာမို့ ရုပ်ရှင်ကြည့်ကြမယ်။ ကုန်တိုက်ထဲမှာ လိုတဲ့ပစ္စည်းလေးတွေဝယ်မယ်၊ နောက်... ကုန်တိုက်ထဲက စားသောက်ဆိုင်တစ်ဆိုင်မှာ မုန့်စားကြမယ်။ အားလုံးက တစ်နေရာတည်းမှာ အဆင်ပြေတာပေါ့။ ရန်ကုန်မြို့ကြီးမှာ အခုလို တစ်နေရာတည်းပြည့်စုံတဲ့ ကုန်တိုက်ကြီးတွေ အများကြီးပေါ်လာတာ အချိန်မကုန်၊ မပင်ပန်းဘဲ အပန်းဖြေနိုင်၊ ဝယ်နိုင်၊ စားနိုင်တဲ့အတွက် ပိုမိုပြည့်စုံလာတဲ့ ရန်ကုန်လို့ ပြောရမှာပေါ့..။

**စီးပွားရေးမြို့တော်**

စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်းအတွင်း အသစ်တည်ဆောက်နေသော Time City အထပ်မြင့်အဆောက်အအုံကြီးကား ကျယ်ပြောလှသော မြေဧရိယာအတွင်း မိုးထိမြင့်မားစွာ ရှိနေသည်။ ထိုအနီးတွင် မိတ်ဆွေတစ်ဦး၏ သမီးတစ်ယောက်ကို မြင်တွေ့လိုက်ရသည်။ အမှတ်မထင်တွေ့လိုက်ရသော အချိန်တိုအတွင်းမှာပင် မေးခွန်းအချို့ကို မေးဖြစ်အောင် မေးခဲ့မိသည်။ သူ့အမည်က မကျော့ခက်ခက်ဝေ ဖြစ်သည်။ "သမီးက ဒီအနားမှာရှိတဲ့ Crown Advanced Construction Co., Ltd မှာ Assistant Architect အလုပ်ဝင်နေတာပါ။ ဒီကနေ့ ရန်ကုန်မြို့အပေါ် လူငယ်တစ်ယောက်အမြင်ကို ပြောရရင် စီးပွားရေး မြို့တော်ဖြစ်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများတယ်။ ရွေးချယ်စရာတွေ စုံတယ်။ ပညာရှာဖို့ဆိုလည်း ကျောင်းတွေ၊ သင်တန်းတွေ များတယ်။ အဓိက အလုပ်လုပ်ချင်တဲ့စိတ်နဲ့ ကြိုးစားချင်တဲ့ စိတ်ရှိဖို့ပဲ လိုပါတယ်။ ကြိုးစားနေတဲ့ လူငယ်တစ်ယောက်အတွက် နေရာဆိုတာ အမြဲတမ်းရှိနေမှာပဲ။ မှန်ကန်တဲ့နည်းလမ်းနဲ့ပဲ လျှောက်လှမ်းဖို့ လိုပါတယ်"ဟု ပြောသည်။

ယခု ရက်များအတွင်း ရန်ကုန်မြို့တွင် ရေပန်းအစားဆုံးဌာနမှာ လျှပ်စစ်ဝန်ကြီးဌာနဖြစ်သည်။ မီတာခများ တက်လာခြင်းအပေါ် ထောက်ခံမှုများရှိသကဲ့သို့ ဝေဖန်ကန့်ကွက်ဆန္ဒထုတ်ဖော်မှုများ ရှိနေသည်။

သို့အတွက် တွေ့တုန်းတွေ့ခိုက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးဖြင့်

**အချပ်ပို(ဂ)သို့**



ရန်ကုန်မြို့လယ် မဟာဗန္ဓုလပန်းခြံအတွင်း မြင်ကွင်း။

**အချပ်ပို (ခ) မှ**

အငြိမ်းစားယူခဲ့သော အလုံမြို့နယ်မှ ဦးမောင်မောင် (မောင်မောင်-လျှပ်စစ်)က "မေးလို့သာ ဖြေရမှာ၊ ကျွန်တော်က လျှပ်စစ်ဌာနက အငြိမ်းစားဝန်ထမ်းဆိုတော့ လျှပ်စစ်နဲ့နှိုယ်ပြီး ပြောချင်တယ်။ ဒီကနေ့ ရန်ကုန်မြို့တော်ကြီးက စီးပွားရေးမြို့တော်ပီပီ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးတွေ၊ ရှော့ပင်းမောတွေ၊ ကုန်တိုက်ကြီးတွေ၊ ဘဏ်ကြီးတွေ၊ စက်မှုဇုန်ကြီးတွေ၊ အထည်ချုပ်စက်ရုံကြီးတွေ၊ နောက်ဆုံး သီလဝါဆိပ်ကမ်း စတဲ့လုပ်ငန်းကြီးတွေက လျှပ်စစ်အများဆုံးသုံးရတဲ့နေရာတွေ၊ လျှပ်စစ်လိုအပ်ချက်က အလွန်များလာပြီ၊ ပြည့်မီအောင် အဆောတလျင် ထုတ်လုပ်ဖို့ လိုအပ်နေပါတယ်။ ဒ့ါကြောင့် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက်ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်နဲ့ ပတ်သက်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်၊ ကျွမ်းကျင်သူတွေ၊ တာဝန်ရှိသူတွေ၊ ပြည်သူတွေ စုပေါင်းတိုင်ပင် စူးစမ်းလေ့လာ ဆောင်ရွက်သင့်တယ်လို့ မြင်တယ်။ ပြည့်အင်အားက ပြည်တွင်းမှာ သာရှိတဲ့အတွက် ရေအရင်းအမြစ်၊ ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့တွေကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိအောင် နည်းလမ်းရှာသင့်ပြီလို့ မြင်ပါတယ်။ ဒါမှသာ စီးပွားရေးမြို့တော်ပီပီ အရှိန်အဟုန်မပျက်၊ မီးမပျက်ဘဲ ဆက်လက်ချီတက်သွားနိုင်မှာပါ။

**လှိုင်မြစ်ကူးတံတား**

လှိုင်မြစ်တစ်ဖက်ကမ်း မြို့သစ်စီမံကိန်းက ပေါ်လိုက်၊ ပျောက်လိုက်နှင့် နှစ်ရှည်လာခဲ့ပြီဖြစ်သည်။ ယခုအခါ လှိုင်မြစ်ကူးတံတားတစ်စင်းကို အလျင်ဦးစွာ တည်ဆောက်တော့မည်ဆိုသည့် သတင်းအသံများ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာခဲ့သည်။

ကြည့်မြင်တိုင်၊ ကမ်းနားဈေး၊ ကျောက်တံတားဆိပ်တွင် နံနက်မိုးသောက်ကပင် တစ်ဖက်ကမ်းမှသည် တစ်ဖက်ကမ်းဆီသို့ စက်တပ်သမ္ဗန်များဖြင့် ဖြတ်သန်းနေကြပြီဖြစ်သည်။

မိသားစုအတွက် သမ္ဗန်မောင်းရင်းဖြင့် ဓားမဦးချစီးပွားရှာနေသူ ဘလုတ်ညွန့်ရပ်ကွက်မှ ဦးကျော်ဆန်းက "မြို့သစ်စီမံကိန်းက အရင်ထက်စာရင် ပိုနီးလာပြီလို့ ပြောရမှာပေါ့။ အဲဒါထက်စာရင် မြစ်ကူးတံတား တည်ဆောက်ရေးက နေ့လားညလားဖြစ်လာပြီ။ ဒီဘက်ကမ်းရပ်ကွက်တွေက တစ်သက်လုံး သမ္ဗန်နဲ့ပဲ မြစ်ကို ဖြတ်ကူးနေကြရတာ၊ တံတားကြီးဖြစ်လာရင်တော့ ဝမ်းသာကြမှာပေါ့။ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကလေးတွေ ပညာရေးကအစ အားလုံးကောင်းလာနိုင်တယ်။ ကျွန်တော်တို့ သမ္ဗန်ဆိပ်မှာ သမ္ဗန် ၇၄ စင်း ရှိတယ်။ ဒီတံတားကြီးပေါ်လာရင် အချို့ကလည်း မိသားစုတွေ စီးပွားရေးအခက်အခဲရှိလာနိုင်မယ်လို့ စိုးရိမ်သူတွေက စိုးရိမ်ကြတယ်။ ကျွန်တော်တို့ကတော့ သိပ်မစိုးရိမ်ပါဘူး။ တစ်ခုခုတော့ အကောင်းဘက်က ဖြစ်လာနိုင်မယ်လို့ မျှော်လင့်တယ်"ဟု ပြောသည်။

**အမြဲမပြတ်စည်ကားနေ**

ကျောက်တံတားမြို့နယ်အတွင်းရှိ သမိုင်းဝင် မဟာဗန္ဓုလပန်းခြံကြီးကား နံနက်ဖွင့်သည်မှ ညနေပိတ်ချိန်အထိ မြို့တွင်းမှ လာရောက်အပန်းဖြေသူ၊ နယ်အဝေးမှ လာရောက်အပန်းဖြေလေ့လာသူတို့ဖြင့် အမြဲမပြတ်စည်ကားနေတတ်သည်။ မိသားစုအလိုက် တွေ့ရသူများအထဲမှ အမျိုးသားတစ်ဦးထံ ချဉ်းကပ်စေ့ငုကြည့်ရာ "မကွေးမြို့ကနေ မိသားစုလိုက်လာတာပါ။ ကျွန်တော့်နာမည်က ကိုနေလင်းဦးပါ။ ရေဝတီမြစ်အနောက်ဘက်အခြမ်းကပါ။ လာတုန်းကတော့ အဝေးပြေးလိုင်းကားနဲ့ပါ။ မနေ့က ဘုရားတွေလျှောက်ဖူးတယ်။ ရွှေတိဂုံ၊ ဆူးလေ၊ ဗိုလ်တထောင်၊ ငါးထပ်၊ ခြောက်ထပ်၊ ကိုးထပ်ကြီးဘုရားတွေမှာ ပြုပြင်ထိန်းသိမ်းမှုတွေနဲ့ ဖူးရတာစိတ်ချမ်းသာတယ်။ မိသားစုအလိုက် တက္ကစီနဲ့တစ်လှည့်၊ YBS နဲ့တစ်ခါပေါ့။ YBS လိုင်းကားတွေ စီးရတာ အတော်အဆင်ပြေတယ်။ ကားတွေက အေးစိမ့်နေတာပဲ။ ဒီကနေ့ ကုန်တိုက်ကြီးတွေ၊ တိရစ္ဆာန်ရုံနဲ့ ဒီပန်းခြံကို လာတယ်။ ရန်ကုန်က တိုက်ကြီးတွေက အမြင့်ကြီးတွေပဲ။ ခမ်းခမ်းနားနားနဲ့ ကုန်တိုက်ကြီးတွေဆို ပစ္စည်းအစုံပဲ၊ လိုတာ အကုန်ရတယ်။ ဝယ်သူတွေကလည်း အများကြီးပဲ၊ ရန်ကုန်က လူတွေ အတော်ချမ်းသာကြတယ် ထင်တယ်။ ဒါပေမယ့် စည်းကမ်းပိုင်းမှာတော့ အားနည်းမယ် ထင်တယ်။ နယ်ကလာတုန်းက ဝိုင်းမှာလိုက်ကြတယ်။ ရန်ကုန်ရောက်ရင် သတိထားတဲ့၊ လမ်းကူးရင် မျဉ်းကျားနဲ့ တံတားပေါ်က ကူးကြတဲ့၊ မဟုတ်ရင် ဖမ်းလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်တို့ မိသားစုတွေ မျဉ်းကျားနဲ့ တံတားပေါ်ကပဲ ကူးကြတယ်။ ဒီဆူးလေနား တံတားမှာတော့ တံတားပေါ်က ကူးတဲ့သူက နည်းနည်း၊ တံတားအောက်က ကူးတဲ့သူက များများဖြစ်နေတယ်။ အနားမှာ မော်တော်ပီကယ် (ယာဉ်ထိန်း)ရုံးလည်း ရှိတယ်။ ဖမ်းတာတော့ မမြင်မိဘူး"ဟု သူ့အမြင်ကို ပြောကြားသည်။

ဒီတစ်ပတ် ရန်ကုန်မြို့အပေါ် သူတို့ သူတို့၏ အမြင်ကို သည်မျှနှင့် နားပါဦးမည်။ အခါအခွင့်သင့်က ဖော်ပြပါဦးမည်။ ။



ဦးကျော်ဆန်း
ကြည့်မြင်တိုင်မြို့နယ်



ကိုနေလင်းဦး
မကွေးမြို့

**အချပ်ပို(က)မှ**

ဒီစီမံကိန်းကို တည်ဆောက်ကာလ သုံးနှစ်ပေးထားတာမို့ လာမယ့်သုံးနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းတွေ အဆင်ပြေရင်တော့ အကောင်အထည်ပေါ် ထွက်လာဖို့ရှိနေပါတယ်။ ဒီစီမံကိန်းကြောင့် အလုပ်အကိုင်အခွင့်အလမ်း ၂၀၀၀ ကျော်ကိုလည်း ဖန်တီးပေးနိုင်မယ်လို့ ဆိုပါတယ်။

မကြာခင်တည်ဆောက်တော့မယ့် ဒီဈေးဝယ်စင်တာနဲ့ စီးပွားရေးအဆောက်အအုံမှာ ကားအစီးရေ ၁၀၀၀ ကျော် ရပ်နားနိုင်တဲ့ ကားပါကင်လည်း ပါဝင်တာမို့ လာရောက်ကြတဲ့ကားတွေကြောင့် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်နိုင်တဲ့အတွက် အဆင်ပြေစေမယ့် အနေအထားရှိပါတယ်။

ရန်ကုန်မြို့မှာ ဂျန်းရှင်းစီးတီး၊ မြန်မာပလာဇာ၊ ရှော့ပင်းစင်တာ၊ တော်ဝင်စင်တာ၊ စီးတီးမော (စိန်ဂျွန်း)၊ အိုးရှင်း(တာမွေ)၊ ဆူးလေစကွဲ၊ လှည်းတန်းစင်တာ၊ ဂျန်းရှင်း (8)၊ ဒဂုံစင်တာ၊ ဂျန်းရှင်းစကွဲ၊ ဂမုန်းပွင့် စတဲ့ ဈေးဝယ်စင်တာတွေ၊ ရှော့ပင်းမောတွေ၊ စူပါမားကတ်တွေ အများအပြားရှိပေမယ့် ရန်ကုန်မြို့အနှံ့ ပိုမိုပြီးပျံ့နှံ့စွာ တည်ရှိနေဖို့ လိုအပ်နေဆဲဖြစ်ပါတယ်။

ဒီနေ့ခေတ်ကာလမှာ ပြောင်းလဲလာတဲ့ လူမှုဘဝနေထိုင်မှုတွေကြောင့် စီးပွားရေးလုပ်ငန်းပုံသဏ္ဌာန်တွေလည်း လိုက်ပါပြောင်းလဲနေရပါတယ်။ ဝယ်ယူစားသုံးသူတွေအကြိုက်၊ သက်သောင့်သက်သာနဲ့ စိတ်ချမ်းမြေ့စွာ လာရောက်လည်ပတ်ဝယ်ယူနိုင်ဖို့ ခေတ်နဲ့အညီ အဆင့်တန်းမီတဲ့ ဈေးဝယ်စင်တာတွေ၊ ရှော့ပင်းမောတွေက လိုအပ်နေဆဲပဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်လို့ တင်စားသတ်မှတ်ထားသလို စီးပွားရေးလုပ်ငန်းတွေ၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ အများဆုံးတည်ရှိရာ မြို့ကြီးတစ်မြို့၊ တိုင်းဒေသကြီးတစ်ခုလည်း ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂၀၁၈ ခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၅ ခု ဝင်ရောက်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၅၅ ခုဟာ ၂၀၁၈ ခုနှစ်မှ စကာ စက်တင်ဘာလအတွင်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော် ရင်းနှီးမြှုပ်နှံခဲ့ခြင်း ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စက်မှုဇုန်တွေ၊ သီလဝါအထူးစီးပွားရေးဇုန်၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ အထပ်မြင့်အဆောက်အအုံတွေ၊ အိမ်ရာစီမံကိန်းတွေ၊ အဆင့်မြင့်ဟိုတယ်လုပ်ငန်းတွေအပြင် အခုလို ဈေးဝယ်စင်တာနဲ့ စီးပွားရေးအဆောက်အအုံကြီးလည်း တည်ရှိနေသလို အသစ်အသစ်တွေလည်း ထပ်မံထွက်ပေါ်နေဆဲ ဖြစ်ပါတယ်။

ဈေးကွက်တိုးချဲ့လာနိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းအသစ်တွေ ဖန်တီးပေးနိုင်မှု၊ လူမှုဘဝလိုအပ်ချက်တွေ တတ်နိုင်သမျှ အထောက်ကူပြုပေးနိုင်မှုအပြင် ရန်ကုန်မြို့ရဲ့ တိုးတက်မှုတွေကို ဖော်ကျူးနိုင်တဲ့ ဈေးဝယ်စင်တာအသစ်တွေကိုတော့ ကြိုဆိုနေရမှာ ဖြစ်ပါတယ်။ ။

***အချပ်ပို (ဃ) မှ***

ကျောင်းအုပ်ကြီးနဲ့ တွေ့ဆုံမေးမြန်းအပြီးမှာ သင်ရိုးညွှန်းတမ်းအသစ်နှင့် သင်ကြားနေသော ကလေးငယ်များရှိရာ စာသင်ခန်းသို့ သွားရောက်လေ့လာခဲ့သည်။ အရောင်စုံအသွေးစုံဖြင့် ပြုလုပ်ထားသော သင်ရိုးအထောက်အကူပြုပစ္စည်းများကို စာသင်ခန်းတိုင်းရဲ့နံရံများမှာ တွေ့ရသည်။ ငါးယောက်တစ်တွဲ လက်တွေ့သင်ခန်းစာလုပ်နေသော ကျောင်းသား ကျောင်းသူလေးများက သတင်းမီဒီယာများရဲ့ကင်မရာများကို အမှုမထားဘဲ လက်တွေ့သင်ခန်းစာထဲမှာ စိတ်ပါဝင်စားနေကြတာကို တွေ့မြင်ခဲ့ရသည်။

မွန်းလွဲ ၂ နာရီကျော်မှာတော့ တစ်နေ့တာရဲ့နောက်ဆုံးခရီးစဉ်ဖြစ်တဲ့ အင်းစိန်မြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်)ရှိရာသို့ စာရေးသူတို့ သတင်းမီဒီယာအဖွဲ့ ထွက်ခွာခဲ့ကြသည်။ တက္ကသိုလ်ဝင်းထဲ အရောက် သီးခြားစာသင်ဆောင်ဖြင့် သင်ကြားပေးနေသော ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာဌာနကို တွေ့မြင်ရသည်။ ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာဌာနတာဝန်ခံ ပါမောက္ခ ဒေါက်တာမျိုးသူဇာခင်က စီမံကိန်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း ရှင်းပြသည်-

"ဒီစီမံကိန်းက JICA အကူအညီနဲ့ ကျွန်မတို့တက္ကသိုလ်မှာ အကောင်အထည်ဖော်နေတဲ့ ငါးနှစ် စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်ကစပြီး ၂၀၂၂ ခုနှစ်အထိပါ။ ဒီစီမံကိန်းစဖြစ်တာက ကျွန်မတို့တိုင်းပြည်မှာ ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာ ဒီပလိုမာသင်တန်းတွေ အရင်တုန်းက မရှိခဲ့ပါဘူး။ ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာပညာရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဒီသင်တန်းတွေ ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ ကျွန်မတို့ တိုင်းပြည်မှာ ကုသရေးဘက်ဆိုရင် ဆေးရုံတွေမှာ စက်ပစ္စည်းတွေ အများကြီးအသုံးပြုရပါတယ်။ ရောဂါရှာဖွေရေးဘက်မှာရော ကုသရေးဘက်မှာပါအသုံးပြုရတဲ့အခါ ကျွန်မတို့က ဒီစက်ပစ္စည်းတွေကို ထိန်းသိမ်းရမယ်။ ကိုင်တွယ်ရမယ်။ အကယ်၍ ပျက်စီးလာရင် ဘယ်လိုပြင်ဆင်ရမယ်ဆိုတာကို ပြင်ဆင်နိုင်မယ့်၊ ထိန်းသိမ်းနိုင်မယ့် အင်ဂျင်နီယာပညာရှင်တွေ လိုအပ်နေပါတယ်။ အဲဒီလို ပညာရှင်တွေ မရှိဘူးဆိုရင် ကျွန်မတို့တိုင်းပြည်မှာ နိုင်ငံတော်ရဲ့ကုန်ကျငွေတွေ၊ ဘတ်ဂျက်တွေ အများကြီးကုန်မှာပါ။ အဲဒီအတွက် အခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ ဒီသင်တန်းက ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာ ဒီပလိုမာ တစ်နှစ်သင်တန်းပါ။ ပထမအသုတ်မှာတော့ ၁၈ ယောက် သင်တန်းဆင်းသွားပါပြီ။ ၂၀၁၈ ခုနှစ် ဇွန် ၁ ရက်မှာ သင်တန်း စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဘွဲ့ကတော့ ၂၀၂၀ ပြည့်နှစ်ကျရင် ဘွဲ့ယူမှာပါ။ အခု ဒုတိယအသုတ်ကတော့ သင်တန်းသားသင်တန်းသူ ၁၈ ဦးနဲ့ ဖွင့်လှစ်ထားပါတယ်။ လက်ရှိတက်ရောက်နေတဲ့အထဲမှာ အင်ဂျင်နီယာ ခြောက်ဦး၊ သူနာပြု ရှစ်ဦး၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်ကျွမ်းကျင် သုံးဦး၊ ဓာတ်ခွဲခန်းကျွမ်းကျင်သူ တစ်ဦး အပါအဝင် အားလုံး ၁၈ ဦး သင်ကြားနေပါတယ်။ ဒီသင်တန်းက ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ စဖွင့်ခဲ့တာပါ။ တစ်နှစ်ကြာမြင့်ပါမယ်" ဟု ပြောသည်။

**"ဒီစီမံကိန်းက JICA အကူအညီနဲ့ ကျွန်မတို့တက္ကသိုလ်မှာ အကောင်အထည်ဖော်နေတဲ့ ငါးနှစ်စီမံကိန်းတစ်ခုဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်ကစပြီး ၂၀၂၂ ခုနှစ်အထိပါ။ ဒီစီမံကိန်းစဖြစ်တာက ကျွန်မတို့တိုင်းပြည်မှာ ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာဒီပလိုမာသင်တန်းတွေ အရင်တုန်းက မရှိခဲ့ပါဘူး။ ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာပညာရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဒီသင်တန်းတွေ ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်"**

တွေ့ဆုံမေးမြန်းမှုများအပြီး ညနေ ၄ နာရီကျော်ခန့်တွင် သတင်းမီဒီယာသမားများ၏ အိမ်အပြန်ခရီးစတင်ပါသည်။ မိမိသတင်းဌာနသို့ ပေးပို့မည့်သတင်းခေါင်းစဉ်အလိုက် ရေးသားမည့် အကြောင်းအရာ၊ ထုတ်လွှင့်မည့်အစီအစဉ်များကို အတွေးကိုယ်စီတွေးရင်း နစ်မြောနေကြသည်။ အကြောင်းအရာတစ်ခုချင်းအလိုက် သီးခြားဖော်ပြနေခြင်းထက် စုစည်းတင်ဆက်ခြင်းက ပိုမိုကောင်းမွန်မည်ဟု အတွေးဝင်မိသော စာရေးသူက ဤအကြောင်းအရာများအား ရန်ကုန်စာမျက်နှာထက် မှတ်တမ်းတင်မိပါတော့သည်။ ။

# ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ ရန်ကုန်မြို့တွင်းသတင်းခရီးစဉ်

ရှင်နော်၊ ဓာတ်ပုံ - ထိန်လင်း

**ရန်ကုန် မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ အကူအညီပေးနေသော အဖွဲ့အစည်း JICA ။ ဒါက အတိုကောက်အခေါ်အဝေါ်။ တစ်နည်းအားဖြင့် Japan International Cooperation Agency ။ မြန်မာလိုဘာသာပြန်သော် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ။ ရန်ကုန်မြို့တော် အပါအဝင် မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ် အကူအညီပေးနေသော အဖွဲ့အစည်းတစ်ခု။**



ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)ရှိ ဆေးဘက်ဆိုင်ရာအင်ဂျင်နီယာပညာရပ် သင်ကြားနေမှုကို တွေ့ရစဉ်။

နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော ရန်ကုန်မြို့တော်၏ ဖွံ့ဖြိုးမှုများအကြောင်းကို ရေးမည်ဆိုလျှင် JICA ကို ချန်လှပ်ထား၍ မရချေ။ JICA က ရန်ကုန်မြို့တွင်း မီဒီယာခရီးစဉ်တစ်ခုကို စီစဉ်သည်။ JICA ၏ ကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန်အထူးကုဆေးရုံသစ်ကြီး တည်ဆောက်နေမှု၊ အခြေခံပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲရေးစီမံချက်နှင့် ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို လေ့လာရန်ဖြစ်သည်။ သို့နှင့်ပင် ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခန့်က မီဒီယာများအား JICA ရုံးတွင်စုဝေးကာ Chief Representative မစ္စတာ မာဆာယူကီ ကာရာဆာဝါ က ဂျပန်၏ ကူညီထောက်ပံ့နေမှုများအကြောင်းကို ရှင်းလင်းပြောကြားကာ မီဒီယာများ၏ သိလိုသမျှကို ဖြေကြားပေးသည်။

**ဆေးရုံသစ်ကြီး ဆောက်လုပ်**

ထိုနေ့ နံနက် ၁၀ နာရီခန့်တွင် JICA အဖွဲ့ဝင်များနှင့်အတူ သတင်းမီဒီယာများက တစ်နေ့တာလေ့လာရေးခရီးစဉ်ကို စတင်ဖြစ်ခဲ့သည်။ ပထမဆုံးသွားရောက်ခဲ့သည့်နေရာမှာ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ရန်ကုန်အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ရေးစီမံကိန်းနေရာဖြစ်သည်။ ၃၁၆ ခုတင်ဆံ့ ခုနစ်ထပ် အဆောက်အဦသစ်ကြီးဆောက်လုပ်ရန်အတွက် လုပ်ငန်းခွင်အတွင်း မြေညှိခြင်း၊ မြေသားတူးခြင်းများကို ဆောင်ရွက်နေကြသည်။ JICA ၏ ကြိုတင်စီစဉ်ထားမှုဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန Medical Officer ဒေါက်တာကောင်းမြတ်ဝင်းက ဆေးရုံသစ်ကြီး ဆောက်လုပ်နေမှုအကြောင်းကို အောက်ပါအတိုင်းရှင်းပြသည်။

"အထူးကုဆေးရုံသစ်ကြီး(ရန်ကုန်) ကို ဂျပန်နိုင်ငံရဲ့အထောက်အပံ့နဲ့ ဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်ကတော့ ဦးနှောက်နဲ့ အာရုံကြော ရောဂါတွေရယ်၊ နှလုံးရောဂါရယ်၊ အထူးသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးက ဌာနတွေမှာ တက်ရောက်နေတဲ့လူနာတွေကို အထူးကု ဆေးရုံသစ်ကြီး(ရန်ကုန်)ပြီးစီးသွားတဲ့အခါမှာ ဌာနတွေကို ပြောင်းရွှေ့ပြီး ဖွင့်လှစ်မှာဖြစ်ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးက လူနာတွေလည်း အလွန်များတယ်။ မကူးစက်တတ်တဲ့ရောဂါဖြစ်ပွားမှုနှုန်းတွေကလည်း အလွန်များလာတယ်။ လိုအပ်ချက်ကလည်း ရှိနေတယ်။ လူနာကလည်း များနေတဲ့အတွက်ကြောင့်မို့ ဒီဆေးရုံသစ်ကြီးသာ ပြီးစီးသွားမယ်ဆိုရင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရဲ့ လူနာတွေများနေတဲ့ ပြဿနာတွေလည်း အထိုက်အလျောက် ဖြေရှင်းသွားနိုင်မယ်။ ဗဟိုအဆင့်ဆေးရုံကြီးတစ်ရုံလည်း ဖြစ်လာမှာဖြစ်တဲ့အတွက်ကြောင့်မို့ ဆေးတက္ကသိုလ်(၁) ရန်ကုန်တို့၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) တို့နဲ့လည်း နီးကပ်စွာတည်ရှိတယ်။ အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၊ အထူးကုဆေးရုံကြီး ခုတင် ၅၀၀ ပေါ့။ အဲဒီလိုဆေးရုံတွေနဲ့လည်း နီးကပ်စွာတည်ရှိတဲ့အတွက်ကြောင့်မို့ လူနာတွေကို အလွယ်တကူ လွှဲပြောင်းပေးပို့ပြီး ကုသနိုင်တယ်။ အချင်းချင်းလည်း ချိတ်ဆက်ပြီးကုသနိုင်တယ်။ သင်ကြားရေးဆေးရုံကြီးအနေနဲ့လည်း ဆောင်ရွက်သွားနိုင်တယ်။ အဲဒီအတွက်ကြောင့် တကယ့်ကို အကျိုးရှိမယ့် စီမံကိန်းတစ်ခုဖြစ်ပါတယ်" ဟု ပြောသည်။ ထို့ပြင် ဆေးရုံသစ်ကြီး တည်ဆောက်ရေးကန်ထရိုက်ဖြစ်သည့် Taisei Corporation မှ တာဝန်ရှိသူများကလည်း တည်ဆောက်နေမှု အခြေအနေများကို မီဒီယာများအား ရှင်းလင်းပြောကြားပေးခဲ့သည်။

ရန်ကုန်အထူးကုဆေးရုံသစ်ကြီး တည်ဆောက်ခြင်းလုပ်ငန်းခွင်မှအပြန်တွင် အနီးအနားရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် မနက်စာစားရင်း ကလေးများ ကျောင်းတက်ချိန်ကို စောင့်ဆိုင်းခဲ့သည်။ မွန်းလွဲ ၁၂ နာရီ ကျော်ခန့်တွင် သဲသဲမဲမဲ ရွာသွန်းနေသော မိုးရေထဲဖြတ်ကာ ကြို့ပို့ယာဉ်ပေါ် အရောက်လှမ်းရင်း အခြေခံပညာသင်ရိုးသစ်ဖြင့် သင်ကြားနေသော ဒဂုံမြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းသို့ ခရီးဆက်ခဲ့သည်။

**သင်ရိုးညွှန်းတမ်းပြုပြင်**

ကျောင်းသို့ရောက်ရောက်ချင်း အခြေခံပညာ မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲမှုတွင် အနီးကပ်အကူအညီပေးနေသည့် ဂျပန်မှ ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်သည့် ချီကို ယာမာအိုကာနှင့် ဦးစွာတွေ့ရသည်။ "ကျွန်တော့်အနေနဲ့ အဓိကအထူးပြု ဝိဇ္ဇာ၊ ဂီတ၊ ဖတ်စာအုပ်ရယ်၊ မြန်မာစာကို အကြံပေးတာတွေ လုပ်နေတယ်။ ဒါ့အပြင် ပညာရေးကောလိပ်တွေမှာလည်း သွားပြီးထောက်ပံ့ပေးနေတာတွေ ရှိပါတယ်။ ဘာလို့လဲဆိုတော့ ပညာရေးကောလိပ်မှာတက်နေတဲ့ အခု ကျောင်းသားတွေဟာ နောင်အနာဂတ်မှာ ဆရာ၊ ဆရာမတွေ ဖြစ်လာမှာပါ။ အဲဒီအခါ သင်ရိုးညွှန်းတမ်းအသစ်ကို သိထားဖို့ လိုပါတယ်။ အဲဒါကြောင့် သွားပြီး ကျွမ်းကျင်ပညာရှင်အနေနဲ့ ကူညီပေးနေပါတယ်" ဟု ရှင်းပြသည်။

**ကြိုတင်ရှင်းပြထား**

စာရေးသူအပါအဝင် သတင်းသမားများ

**"အထူးကုဆေးရုံသစ်ကြီး(ရန်ကုန်) ကို ဂျပန်နိုင်ငံရဲ့ အထောက်အပံ့နဲ့ ဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်ကတော့ ဦးနှောက်နဲ့ အာရုံကြော ရောဂါတွေရယ်၊ နှလုံးရောဂါရယ်၊ အထူးသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးက ဌာနတွေမှာ တက်ရောက်နေတဲ့လူနာတွေကို အထူးကု ဆေးရုံ သစ်ကြီး(ရန်ကုန်)ပြီးစီးသွားတဲ့ အခါမှာ ဌာနတွေကို ပြောင်းရွှေ့ပြီး ဖွင့်လှစ်မှာဖြစ်ပါတယ်"**

အဖွဲ့သည် ကျောင်းအုပ်ကြီး ဒေါက်တာဥမ္မာထွေးကို ဆက်လက်မေးမြန်းခဲ့ရာ ကျောင်းအုပ်ကြီးက "ကျွန်မတို့ကျောင်းမှာ အခြေခံပညာသင်ရိုးသစ်နဲ့က KG ကနေ G1-G2-G3 ကို ဒီနှစ်ရောက်ပါပြီ။ စနစ်ဟောင်းအနေနဲ့ကတော့ Grade 5 စတုတ္ထတန်း ရှိပါသေးတယ်။ မိဘတွေအနေနဲ့ကတော့ စနစ်သစ်သင်ရိုးကိုပိုပြီး စိတ်ဝင်စားပါတယ်။ ကျွန်မတို့က နှစ်စမှာ မိဘတွေ့ဆုံပွဲတွေ လုပ်ပါတယ်။ တွေ့ဆုံပွဲတွေမှာ ကျွန်မတို့က ကလေးတွေကို အခုသွားနေတာက KG + 12 System နဲ့ သွားနေတာဖြစ်ပါတယ်။ ကလေးတွေကို သင်ကြားတဲ့သင်ကြားနည်းတွေ၊ သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွေနဲ့ ဘာသာရပ်တွေ၊ စစ်ဆေးအကဲဖြတ်နည်းလမ်းတွေကို မိဘတွေနားလည်အောင် ကြိုတင်ရှင်းပြထားပါတယ်။ ပြီးတော့ ကျောင်းရဲ့လုပ်ငန်းစဉ်တွေ၊ စည်းကမ်းချက်တွေ၊ စနစ်သစ်နဲ့သွားနေတဲ့အတွက် မိဘတွေအနေနဲ့ ကျွန်မတို့နဲ့အတူ ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ဖို့ နှစ်စမှာကတည်းက မိဘတွေနဲ့ ပြောထားပါတယ်။ ကလေးတွေအနေနဲ့ အခုစနစ်သစ်နဲ့ သင်တဲ့အခါမှာ အလွန်ပျော်မွေ့တာကို တွေ့ရပါတယ်။ ကလေးတွေအနေနဲ့ သူတို့ကိုယ်တိုင် လေ့လာသင်ယူရတယ်၊ သူတို့ကိုယ်တိုင် လက်တွေ့လုပ်ရတဲ့အတွက် ကျောင်းတစ်ရက်ပျက်ရင် သူတို့ကို အပြင်မှာပြန်သင်ပေးမယ့်သူ မရှိဘူး။ သူတို့ကိုယ်တိုင်လုပ်မှရတာဖြစ်တဲ့အတွက် ကလေးတွေက ကျောင်းတက်ရတာကို အရင်ထက်စာရင် ပျော်လာပါတယ်။ စိတ်လည်းဝင်စားပါတယ်။ ကလေးတွေ စိတ်ဝင်စားသလို မိဘတွေကလည်း အလွန်ကို တက်ကြွပါတယ်။ သင်ကြား သင်ယူမှုက ဆရာတွေပေါ်မှာ မူတည်ပါတယ်။ သူတို့ကိုယ်တိုင် တီထွင်ဖန်တီးနိုင်လေ ပိုပြီးကောင်းပါတယ်။ နိုင်ငံတော်ကလည်း သင်ကြားသင်ယူအထောက်အကူပစ္စည်းတွေကို ပံ့ပိုးဖို့လည်း စီစဉ်နေပါတယ်။ သင်တန်းမှာ ပေးထားတာတွေအပြင် ကိုယ့်ကျောင်း ကိုယ့်အစီအစဉ်နဲ့ ဖတ်စာအုပ်မှာပါတဲ့ နည်းတွေအတိုင်း၊ ဆရာကိုင်တွေမှာပါတဲ့အတိုင်း ဆရာ ဆရာမတွေက သူတို့ကိုယ်တိုင် အပြင်ကလည်း မှာပါတယ်။ မိဘတွေကလည်း ဝိုင်းပြီး ပံ့ပိုးကြပါတယ်။ ကျောင်းကလည်း ထိုက်သင့်သလောက် ပံ့ပိုးပါတယ်။ ကလေးတိုင်းကို ကျောင်းတိုင်းမှာ သင်ထောက်ကူတွေ ဒီထက်ပိုပြီး ပံ့ပိုးနိုင်မယ်ဆိုရင်တော့ ပိုပြီးတော့ အောင်မြင်မှုတွေ ရရှိလာပါလိမ့်မယ်" ဟု ပြောသည်။



ရန်ကုန်အထူးကုဆေးရုံသစ်ကြီး တည်ဆောက်နေမှုကို တွေ့ရစဉ်။

*အချပ်ပို (ဂ) သို့*